ကြေးမုံ
The Mirror Daily
Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့။ Monday, 15 June 2020 ၁၀၀၄၄

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့သည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် ကူညီဆောင်ရွက်ပေးမည့် ကျွမ်းကျင်ဝန်ထမ်းများ တင်ဆောင်လာသော အထူးလေယာဉ်ရောက်ရှိ




ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့သည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ တင်ဆောင်လာသော အထူးလေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

ရန်ကုန် ဇွန် ၁၄

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုအစီအစဉ်ဖြင့် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့ကူညီသည့် ဓာတ်ခွဲခန်းသုံး အထောက်အကူပြုပစ္စည်းများနှင့် လူသားချင်းစာနာထောက်ထားမှု ဖွံ့ဖြိုးရေးဆိုင်ရာ ကူညီဆောင်ရွက်ပေးမည့် ကျွမ်းကျင်ဝန်ထမ်းများ တင်ဆောင်လာသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အထူးလေယာဉ်သည် ယနေ့ နံနက် ၁၀ နာရီတွင် မလေးရှားနိုင်ငံမှ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

**ဆဋ္ဌမအကြိမ်**

ယနေ့ ခရီးစဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်(WFP)၏ ဒုတိယဥက္ကဋ္ဌနေကိုယ်စားလှယ် Mr. Walid Ibrahim က "WFP ရဲ့ ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံခရီးစဉ် ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ငါးကြိမ်မြောက်အထိ ခရီးစဉ်တွေမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအပိုင်းမှာ အသုံးပြုဖို့

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖

ကြေးမုံ ယနေ့ ဖတ်စရာ

အနာဂတ်၏ ကမ်းလက်များ
ဆောင်းပါး စာမျက်နှာ » ၆

ဇွန် ၁၆ ရက်မှစတင်၍ ရထားအစင်းရေ တိုးချဲ့ပြေးဆွဲမည်
စာမျက်နှာ » ၉

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
စာမျက်နှာ » ၁၅

## ချင်းရွှေဟော်နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၁၀၇ ဦး ထပ်မံဝင်ရောက်

ချင်းရွှေဟော် ဇွန် ၁၄

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီတွင် ၂၆ ဦးနှင့် ယနေ့ နံနက် ၁၀ နာရီတွင် ၈၁ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၀၇ ဦးတို့ ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ○



KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# ပြည်သူများ အန္တရာယ်မဖြစ်အောင် ဝိုင်းဝန်းကာကွယ်တားဆီး

မြန်မာနိုင်ငံတွင် ဇွန်လ ၁၄ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိထားသူ ပေါင်း ၂၆၁ ဦး ရှိသည်။ လက်ရှိတွင် ရောဂါကုသဆဲလူနာ ၈၈ ဦးရှိပြီး ရောဂါပိုးကင်းစင်သွားသူ ၁၆၇ ဦးရှိကာ ရောဂါကိုအကြောင်းပြု၍ သေဆုံးသူ ခြောက်ဦးရှိသည်။ ရောဂါပိုးတွေ့ရှိထားသူအများစုမှာ ရန်ကုန်တိုင်းဒေသကြီး တွင် ၂၀၁ ဦးဖြစ်ပြီး ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၀ ဦးစီ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကိုးဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ရှစ်ဦးနှင့် ရခိုင်ပြည်နယ်မှ ခုနစ်ဦး ရှိသည်။

ရောဂါပိုးတွေ့ရှိမှုတွင် ပြည်တွင်း၌ ကူးစက်ခံရမှုနည်းပါးပြီး ပြည်ပမှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသူများမှာ အများဆုံးဖြစ်သည်။ တစ်နည်းဆိုလျှင် ရောဂါပိုးကို သယ်ဆောင်လာသူများမှာ ပြည်ပမှဝင်ရောက်လာသူများဖြစ်ပြီး ပြည်တွင်း၌ တစ်ဆင့်ကူးစက်မှုသည် ရှားရှားပါးပါးဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ပြည်တွင်း၌ ကူးစက်ပြန့်ပွားမှုနည်းပါးအောင် ထိထိရောက်ရောက် ကာကွယ်၊ ထိန်းချုပ်လျက်ရှိပြီး ပြည်ပမှရောက်ရှိလာသူများကိုလည်း ကန့်သတ်၊ ထိန်းချုပ်၊ ကာကွယ်ပေးလျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနှုန်း မြင့်မားလာခြင်းမရှိဘဲ အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်သည်ဟု ဆိုရမည်ဖြစ်သည်။

ထိုသို့ စနစ်တကျစောင့်ကြပ်၊ ကြည့်ရှု၊ စစ်ဆေး၊ ထိန်းချုပ်၊ ကာကွယ်ပေးလျက်ရှိသော်လည်း နယ်စပ်ဒေသမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသူအချို့ရှိလာသောကြောင့် ပြည်တွင်း၌ ရောဂါကူးစက်ပြန့်ပွားမှု ဖြစ်လာမည့် အရေးကို စိုးရိမ်ပူပန်ဖွယ်ဖြစ်လာရသည်။ ထို့ကြောင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက ဇွန်လ ၁၀ ရက်နေ့တွင် အသိပေးကြေညာချက်ထုတ်ပြန်ပြီး ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့ မည်သူမဆို တရားမဝင် ဝင်ထွက်ပေါက်များမှ ဝင်ရောက်လျှင်၊ ယင်းသို့ တရားမဝင် ဝင်ရောက်ကြောင်း သိလျက်နှင့် လက်သင့်ခံလျှင် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခြင်း ခံရမည်ဖြစ်ကြောင်း အသိပေးကြေညာထားခြင်းဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ၏အနောက်ဘက် အိမ်နီးချင်းနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားလျက်ရှိပြီး ကူးစက်မှု၊ သေဆုံးမှု နေ့စဉ်မြင့်မားနေသောကြောင့် ၎င်းနိုင်ငံများမှ တရားဝင် ဝင်ရောက်လာသူများအား ကြပ်မတ်၊ စစ်ဆေး၊ ထိန်းချုပ်၊ ကာကွယ်ပေးလျက်ရှိသည်။ သို့သော် တရားမဝင် ဝင်ရောက်လာသူ တစ်ဦးစ၊ နှစ်ဦးစကို တွေ့ရှိလာရသည့် အတွက် ဝင်ရောက်လာသူကိုရော၊ ဝင်ရောက်လာသူကို သိလျက်နှင့် လက်ခံထားသူကိုရော ဖုံးကွယ်ပေးထားသူများကိုပါ ထိထိရောက်ရောက်ရှာဖွေ၍ ဥပဒေနှင့်အညီ အရေးယူသွားတော့မည်ဖြစ်သည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများသည် နယ်စပ်ဒေသဂိတ်များမှလည်းကောင်း၊ လေကြောင်းခရီးဖြင့်လည်းကောင်း နေ့စဉ်နှင့်အမျှ ဝင်ရောက်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ တိုင်းတစ်ပါးတွင် အခက်အခဲကြုံတွေ့နေရစဉ် အမိမြန်မာနိုင်ငံသို့ ပြန်လာလိုသူများအား ကြည်ဖြူစွာလက်ခံပေးနေခြင်းသည် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်သည်။ လက်ခံဆောင်ရွက်ပေးရေးသာမက ကျန်းမာရေးအရ စိတ်ချလုံခြုံရေးကိုပါ ထိထိရောက်ရောက် ဆောင်ရွက်ပေးခြင်းဖြစ်၍ နိုင်ငံသားတစ်ဦး၏အရေးကို အလေးထားခြင်းဖြစ်သည့်အပြင် ပြည်သူ ပြည်သားများအားလုံးအတွက်ပါ ကာကွယ်စောင့်ရှောက်ပေးခြင်း ဖြစ်သည်။

ထိုသို့အခြေအနေမျိုးတွင် တရားမဝင်နယ်စပ်ဖြတ်ကျော်သည့် အန္တရာယ်ကို ဝိုင်းဝန်းကာကွယ်တားဆီးပေးဖို့လိုကြောင်း၊ တိတ်တခိုး ဝင်လာသူများသည် quarantine မဝင်ကြကြောင်း၊ ရောဂါပိုးရှိနေလျှင် အခြားသူများစွာကို ကူးစက်သွားနိုင်ကြောင်း၊ Contact tracing ထိတွေ့မှုကြောင့် ရောဂါကူးသွားနိုင်ဖွယ်ရှိသူများကို စုံစမ်းရှာဖွေ quarantine သွင်းရသည့်အလုပ်သည် နိုင်ငံအတွက် ကြီးမားသည့်ဝန်ထုပ်ဝန်ပိုးဖြစ်ပါကြောင်း၊ ပြည်သူများ အန္တရာယ်ကင်းစေဖို့ မဖြစ်မနေထမ်းရသည့်ဝန်ဖြစ်ပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အသိပေးစကားပြောကြားခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုးကြီးမားပြီး ပြည်သူများအတွက် အန္တရာယ်ဖြစ်စေနိုင်သော တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသူများ၊ ထိုကဲ့သို့ တရားမဝင် ဝင်ရောက်လာခြင်းကို သိလျက်နှင့် လက်သင့်ခံသူများ၊ ဖုံးကွယ်ပေးထားသူများကို ဝိုင်းဝန်းကာကွယ်တားဆီးပြီး ဥပဒေအရ တင်းကျပ်စွာ အရေးယူသွားရမည်ဖြစ်ပါကြောင်း။ ။

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည် ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်"စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများ အနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ် မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေး အတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

# ဘားအံမြို့နယ် မိဇံကျေးရွာရှိ လျှိုပိတ်ဆည်၌ ငါးမျိုးများ အခမဲ့စိုက်ထည့်

**ဘားအံ ဇွန် ၁၄**

ကရင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဘားအံနှင့် ကျုံဒိုးငါးလုပ်ငန်းစခန်းတို့မှ ငါးမျိုးကောင်းမျိုးသန့်များကို သားဖောက်ထုတ်လုပ်လျက်ရှိပြီး ငါးမွေးတောင်သူများ၊ အင်းသားကြီးများသို့ ငါးသားပေါက်ရောင်းချသည့်အပြင် မြစ်၊ ချောင်း၊ ဆည်၊ ကန်၊ ရေလှောင်တမံများ၊ စပါးငါးကန်များ၊ တပ်ရင်းတပ်ဖွဲ့၊ ငြိမ်းချမ်းရေးအဖွဲ့အစည်း၊ ဌာနဆိုင်ရာများ၏ ငါးမွေးမြူရေးကန်များသို့ နှစ်စဉ်အခမဲ့မျိုးစိုက်ထည့်ပေးလျက်ရှိကြောင်း သိရသည်။



ယနေ့ နံနက်ပိုင်းက ဘားအံမြို့နယ် မိဇံကျေးရွာရှိ လျှိုပိတ်တမံ (၁၊ ၂၊ ၃၊ ၄) တို့တွင် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ကျင်းပရာ ပြည်နယ်/ခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ငါးခုံးမကြီး သားပေါက်ကောင်ရေ တစ်သိန်းအား မျိုးစိုက်ထည့်ခဲ့ကြောင်း ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ကြေးမုံ

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

စာအုပ်စာပေ လှူမိတ်ဆွေ

ကြေးမုံ

| | | | |
|---|---|---|---|
| ခေတ္တ စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် | သုတေသန | - ဒေါ်ဇင်မာဝင့် |
| အကြီးတန်း | - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့ |
| | ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ | အီးမေးလ်နှင့် အွန်လိုင်း | - ဒေါ်ဇာရည်မွန်၊ ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅

# ပြည်သူသာလျှင် အဓိက





## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတား၊ မြို့ပြအိမ်ရာကဏ္ဍနှင့် ကျေးလက်လမ်း/တံတားများ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့ကို Video Conferencing ဖြင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်၊ အဆောက်အဦ၊ လမ်း၊ တံတားနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်မှ Video Conferencing ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတား၊ မြို့ပြအိမ်ရာကဏ္ဍ ဖွံ့ဖြိုးရေးနှင့် ကျေးလက်လမ်း/တံတားများ တိုးတက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ရေးဦးစွာ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချို နှင့် Contractor ကုမ္ပဏီမှတာဝန်ရှိသူတို့က ကိုရီးယား-မြန်မာချစ်ကြည်ရေး (ဒလ)တံတားတည်ဆောက်ရေးလုပ်ငန်း၊ ရန်ကုန်ဘက်ခြမ်းနှင့် ဒလဘက်ခြမ်း ချဉ်းကပ်တံတားတိုင်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေလယ်ပင်မတံတား ဘိုးပိုင်လုပ်ငန်းများဆောင်ရွက်နေမှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ Power Point ဖြင့် ရှင်းလင်းတင်ပြပြီး ကိုရီးယား - မြန်မာချစ်ကြည်ရေး(ဒလ) တံတားလုပ်ငန်းဆောင်ရွက်ချက်များနှင့် တိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်လင်းနှင့် တာဝန်ရှိသူများက ပဲခူးမြစ်ကူး သန်လျင်တံတားအမှတ်(၃) တည်ဆောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ သန်လျင်ဘက်ခြမ်းနှင့် သာကေတဘက်ခြမ်းတို့တွင် တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ရေလယ်တိုင်ဘိုးပိုင် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ထို့ပြင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးမျိုးသက်ထွန်းက ပဲခူးမြစ်ကူးတံတား (ဒါးပိန်-သပြုတံတား) တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှု အခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

**ဆောင်ရွက်ထား**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးထင်ကျော်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတားအခြေအနေကိုလည်းကောင်း၊ ခရိုင် လေးဖွဲ့နှင့် အထူးအဖွဲ့ သုံးဖွဲ့တို့ဖြင့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် လုပ်ငန်း တိုးတက်မှုအခြေအနေကိုလည်းကောင်း၊ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်း များ ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း Power Point ဖြင့် ရှင်းလင်းတင်ပြ ပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်ဇော်က ရန်ကုန် မြောက်ပိုင်းခရိုင် တိုက်ကြီး မြို့နယ် ဥက္ကံ-သကြားစက်(တဘူးလှဆည်လမ်း) ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မိုင်တိုင် (၀/၀) မိုင်မှ (၅/၀) မိုင်ထိ ပျက်စီးနေသော ကတ္တရာလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် (၅/၂) မိုင်မှ (၁၂ /၂) မိုင်အတွင်း ကွန်ကရစ်လမ်းခင်းခြင်း ခုနစ်မိုင်နှင့် ကတ္တရာခင်းခြင်း (၀/၅)မိုင် ဆောင်ရွက်ထားရှိမှု၊ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း အပြီးသတ်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ဖရုံလမ်းခွဲ- အဇနီး တောစွန်း-ပင်လယ်ချောင်ကျေးရွာချင်းဆက်လမ်းအား ၂၀၁၈-၂၀၁၉၊ ၂၀၁၉-၂၀၂၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြပြီး လုပ်ငန်း ဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆောင်ရွက်ပြီးစီးသည့် အိမ်ရာစီမံကိန်းလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက် မည့် လုပ်ငန်းအစီအစဉ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကိုကိုအေး က ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် မြောက်ဥက္ကလာပ မြို့နယ် ပြည်သူ့ဆေးရုံကြီးတည်ဆောက်ခြင်းစီမံကိန်း၊ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့ဆေးရုံတိုးချဲ့ လေးထပ်ဆောင်တည်ဆောက်နေမှု၊ သမဝါယမတက္ကသိုလ် (သန်လျင်) ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်ခုနစ်ထပ်ဆောင် တည်ဆောက်ပြီးစီးမှု၊ ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် တက္ကသိုလ်ဓမ္မာရုံကြီး ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်နေမှုတို့ကိုလည်းကောင်း။

ဆက်လက်၍ ကြည့်မြင်တိုင်အရိုးရောဂါကုဆေးရုံတိုးချဲ့ ငါးထပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ဒဂုံဆိပ်ကမ်းဆေးရုံတည်ဆောက် ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ရန်ကုန်မြို့ပေါ်ရှိ ကျန်းမာရေးဝန်ထမ်းများ နေထိုင်ရန် လူပျို၊ အပျိုဆောင် ရှစ်ထပ် တည်ဆောက်ပြီးစီးမှု၊ လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံ တိုးချဲ့လေးထပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း Power Point ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက် နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် တင်ပြသည်။

**အလွယ်တကူ ဆက်သွယ်သွားလာနိုင်**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရန်ကုန်တိုင်းဒေသကြီးအတွင်း အဆောက်အအုံ၊ လမ်း၊ တံတား၊ မြို့ပြအိမ်ရာ ကဏ္ဍနှင့် ကျေးလက် လမ်း/ တံတားများ ကဏ္ဍအလိုက် တိုးတက်လာပါကြောင်း၊ ကိုရီးယား-မြန်မာချစ်ကြည်ရေး (ဒလ)တံတားသည် ရန်ကုန်မြို့လယ်နှင့် ဒလ မြို့ လူနေရပ်ကွက်တို့ကို ဆက်သွယ်တည်ဆောက်နေသည့်အတွက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ရေကြောင်းသွား သင်္ဘောများအန္တရာယ် ကင်းရှင်းစေရန် သတိပေးအမှတ်အသားများထားရှိဆောင်ရွက်ရန် လိုကြောင်း၊ တံတားကြီးပြီးစီးသွားပါက ရန်ကုန်မြို့နှင့် ဒလမြို့တို့ကို အလွယ်တကူဆက်သွယ် သွားလာနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ပဲခူးမြစ်ကူးတံတား သန်လျင်တံတား အမှတ်(၃) တည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှုကို တစ်ဖက် တစ်လမ်းမှ ဖြေလျှော့ပေးနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားသော သန်လျင် - သီလဝါ အထူးစီးပွားရေးဇုန်ကို ဆက်သွယ် သည့်လမ်းမကြီး ပြီးစီးခဲ့သည့်အတွက် သွားရေးလာရေးလွယ်ကူအဆင်ပြေပါ ကြောင်း၊ လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်အချိန်မီ ပြီးစီးရေး အထူးအလေးထားဆောင်ရွက်ရန်တို့ကို မှာကြားသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## အသိုက်အဝန်းနှင့် အဖွဲ့အစည်းရေးရာ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ် ရာထူးနေရာအတွက် မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ နိုင်ငံသားများထံမှ လျှောက်လွှာခေါ်ယူခြင်း

**နေပြည်တော် ဇွန် ၁၄**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အသိုက်အဝန်းနှင့် အဖွဲ့အစည်းရေးရာ အာဆီယံဒုတိယအတွင်းရေးမှူးချုပ် ရာထူးနေရာအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ နိုင်ငံသားများထံမှ လျှောက်လွှာများ ခေါ်ယူလျက်ရှိပါသည်။ လုပ်ငန်းတာဝန်နှင့် သတ်မှတ် အရည်အချင်းများအပါအဝင် အသေးစိတ်အချက်အလက်များကို အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏ Website ဖြစ်သည့် https://asean.org/opportunities/vacancies-asec/ တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ ရှေ့ဖုံးမှ

အရေးကြီးတဲ့ဆေးဝါးပစ္စည်းတွေ သယ်ဆောင်ခဲ့ပါတယ်။ ယခု ခရီးစဉ်မှာ WHO က ထောက်ပံ့ကူညီတဲ့ ခါတ်ခွဲခန်းသုံး အထောက်အကူပြုပစ္စည်းတွေနဲ့အတူ မြန်မာနိုင်ငံမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဖွံ့ဖြိုးရေးအကူအညီ ပေးနေတဲ့ဝန်ထမ်းတွေ လိုက်ပါလာပါတယ်။ ဒီအဖွဲ့အစည်းတွေအနေနဲ့ မြန်မာ နိုင်ငံရဲ့ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးမှာ ထိထိရောက်ရောက်ကူညီနေတဲ့ အဖွဲ့ အစည်းတွေဖြစ်ပါတယ်။ နောက်ပိုင်းခရီးစဉ်တွေမှာ ထောက်ပံ့ကူညီမှု ပစ္စည်း တွေသာမက နိုင်ငံတကာပညာရှင်တွေ လိုက်ပါလာကြမှာဖြစ်ပါတယ်” ဟု ပြောသည်။

**ကျွမ်းကျင်ဝန်ထမ်း ၁၀ ဦး လိုက်ပါလာ**

ယနေ့ခရီးစဉ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ထောက်ပံ့ကူညီမည့် ခါတ်ခွဲခန်းသုံး အထောက်အကူပြု ပစ္စည်းများနှင့်အတူ UN နှင့် INGO အဖွဲ့အစည်းများမှ သက်ဆိုင်ရာ နယ်ပယ် အလိုက် ကျွမ်းကျင်ဝန်ထမ်း ၁၀ ဦး လိုက်ပါလာခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ၏ အစိတ် အပိုင်းတစ်ရပ်အဖြစ် နိုင်ငံတကာလေကြောင်းခရီးစဉ်များကို ယာယီရပ်ဆိုင်း ထားသည့်အတွက် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့ကိုယ်စား ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) ၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်နှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ကို အပတ်စဉ်ချိတ်ဆက်ပေးနိုင်မည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လေကြောင်းပျံသန်းမှုအကူအညီအစီအစဉ်ကို ဆောင်ရွက်ခဲ့ရာ ယင်းအစီအစဉ် အရ မေ ၁၀ ရက်၊ ၁၇ ရက်နှင့် ၂၄ ရက်တို့တွင် ကွာလာလမ်ပူမြို့မှ ရန်ကုန်မြို့သို့ ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော ထောက်ပံ့ရေး အထူးလေယာဉ်များ ရောက်ရှိခဲ့သည်။

**သယ်ယူပို့ဆောင်ပေးနေ**

WFP ၏ အဆိုပါအစီအစဉ်သည် ကမ္ဘာအနှံ့အပြားရှိ သယ်ယူပို့ဆောင်ရေး ဗဟိုဌာနများနှင့်ချိတ်ဆက်ပြီး အရေးပေါ်လိုအပ်ချက်ရှိနေသည့် နိုင်ငံများသို့ ကူညီကယ်ဆယ်ရေး အထောက်အပံ့ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးနေ ခြင်းဖြစ်သည်။

ထို့အတူ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အိန္ဒိယ၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့မှ ဆေးဝါး၊ စက်ပစ္စည်းနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ထောက်ပံ့ကူညီလှူဒါန်းမှုများ ပြုလုပ် ခဲ့ကြောင်း သိရသည်။ **သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# ကိုဗစ်-၁၉ လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ကြသည့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြု ဂုဏ်ပြုလွှာများနှင့် ရင်ထိုးတံဆိပ်များပေးအပ်

**နေပြည်တော် ဇွန် ၁၄**

ကိုဗစ်-၁၉ လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ကြသည့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြုဂုဏ်ပြုလွှာများ၊ စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များပေးအပ်ခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များပံ့ပိုးခြင်းနှင့် သတ်မှတ်နေရာအဆောက်အအုံများတွင်ထားရှိပြီး အသွားအလာကန့်သတ်စင်တာများတွင်ရှိသော ကိုယ်ဝန်ဆောင်များ၊ အသက်(၅)နှစ်အောက် ကလေးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ ဇေယျာသီရိ အသောကကျောင်းတိုက်၌ ပြုလုပ်သည်။




### ပါဝင်ဆောင်ရွက်

ထိုသို့ထောက်ပံ့ရာတွင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဇေယျာသီရိ အသောကကျောင်းတိုက်၌ အသွားအလာကန့်သတ်စင်တာအဖြစ် ဖွင့်လှစ်ထားသည့် နေရာသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက အသွားအလာကန့်သတ်ထားရှိသူများအား ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများအတွက် အသိအမှတ်ပြု ဂုဏ်ပြုလွှာများကို ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးထံသို့ပေးအပ်ပြီး စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များ၊ ပါးစပ်နှင့်နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များကို စေတနာ့ဝန်ထမ်းကိုယ်စားလှယ်တို့ထံ ပေးအပ်သည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသွားအလာကန့်သတ်ထားသော နေရာများတွင်ရှိသည့် ကိုယ်ဝန်ဆောင်မိခင် ၂၆၅ ဦး၊ အသက်(၅)နှစ်အောက်ကလေး ၉၄ ဦးနှင့် အသက် ၆၀ အထက် သက်ကြီးရွယ်အို ၁၈ ဦးနှင့် မသန်စွမ်းသူ နှစ်ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၁၃၇၀၀၀၀ ကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စခန်းတာဝန်ခံ တစ်ဦးထံသို့ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စေတနာ့ဝန်ထမ်းကိုယ်စားလှယ်များအား ကူညီဆောင်ရွက်မှုလုပ်ငန်းများတွင် ကြုံတွေ့ရသည့်အခက်အခဲများ၊ လိုအပ်ချက်များကို မေးမြန်း၍ ကူညီပံ့ပိုးမည့်ကိစ္စများကို ရှင်းလင်းပြောကြားသည်။

ယနေ့ အမျိုးသားအဆင့်စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့က ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်း ၂၆၀၉ ဦး၊ ပရဟိတအဖွဲ့ ၂၃၁ ဖွဲ့တို့အတွက် ပေးအပ်ခဲ့သည့် အသိအမှတ်ပြုဂုဏ်ပြုလွှာများကို ပဲခူးတိုင်းဒေသကြီးအစိုးရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာ မြို့နယ်စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများက အဆင့်ဆင့်စိစစ်၍ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များလက်ဝယ်အရောက် ပေးအပ်သွားမည်ဖြစ်ပြီး စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များ စာရင်းကျန်ရှိခြင်းများရှိပါကလည်း ဂုဏ်ပြုခြင်းများ ထပ်မံဆောင်ရွက်ပေးမည် ဖြစ်သည်။

### ဆက်လက်ပေးအပ်မည်

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့အနေဖြင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအတွက် အသိအမှတ်ပြု ဂုဏ်ပြုလွှာများနှင့် စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စေတနာ့ဝန်ထမ်းပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများ၏ စိစစ်မှုဖြင့် ဆက်လက်ဂုဏ်ပြုပေးအပ်သွားမည်ဖြစ်သည်။

ယနေ့ ပဲခူးတိုင်းဒေသကြီးအတွင်း စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြုဂုဏ်ပြုလွှာများ၊ စေတနာ့ဝန်ထမ်းရင်ထိုးတံဆိပ်များပေးအပ်ခြင်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါပြန့်ပွားမှုမရှိစေရေး လိုက်နာရန် ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ နေရပ်သို့ပြန်မည့် မြန်မာနိုင်ငံသားခရီးသည်များအား မြန်မာအမျိုးသားလေကြောင်းမှ ကယ်ဆယ်ရေးလေယာဉ်ဖြင့် (၁၁)ကြိမ် ပျံသန်းပြေးဆွဲပေးနိုင်ခဲ့

**ရန်ကုန် ဇွန် ၁၄**

မြန်မာအမျိုးသားလေကြောင်း(MNA)မှ စင်ကာပူ၊ အိန္ဒိယနှင့်ထိုင်းနိုင်ငံတို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံရုံးများနှင့် ညှိနှိုင်း၍ နေရပ်သို့ပြန်မည့် မြန်မာနိုင်ငံသားခရီးသည်များအား ကယ်ဆယ်ရေးလေယာဉ်ဖြင့် (၁၁) ကြိမ် တင်ဆောင်ပျံသန်းပေးနိုင်ခဲ့ကြောင်း သိရသည်။

### (၁၁) ကြိမ် ပျံသန်းပြေးဆွဲ

စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသားခရီးသည်များအား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ခုနစ်ကြိမ်၊ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့အတွက် တစ်ကြိမ်၊ ဗုဒ္ဓဂယာအတွက်တစ်ကြိမ်၊ ချန်နိုင်းမြို့အတွက်တစ်ကြိမ် အပါအဝင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့အတွက် တစ်ကြိမ်ဖြင့် စုစုပေါင်း ကယ်ဆယ်ရေး လေယာဉ် (၁၁) ကြိမ် ပျံသန်းပြေးဆွဲပေးနိုင်ခဲ့ကြောင်း မြန်မာအမျိုးသားလေကြောင်းမှ စီးပွားရေးဌာနမှူး ဦးနိုင်စောလွင်က ပြောပြသည်။

"ခုဆိုရင်စင်ကာပူနဲ့ဟောင်ကောင်မှာ Transit ခရီးသည် စဖွင့်ထားတယ်။ အဓိက အဲဒီနိုင်ငံတွေကနေ အခြားနိုင်ငံကိုဆက်စီးရမယ့် လေယာဉ်လက်မှတ်ရှိရမယ်။ ကိုဗစ် ကင်းရှင်းကြောင်းထောက်ခံစာ စသဖြင့် စုံလင်တဲ့အထောက်အထား အကုန်ပါမှ ဆက်သွားလို့ရမှာ ဖြစ်တယ်။ ဒီ သတ်မှတ်ချက်တွေအပြင် နှစ်ဖက်နိုင်ငံရဲ့ သဘောတူညီချက်ရှိမှ လိုက်လို့ရမယ်။ လေယာဉ်ကလည်း တင်ချင်တိုင်းတင်သွားလို့မရဘူး။ နှစ်ဖက်နိုင်ငံ သဘောတူညီချက်ရဖို့ကိုလည်း သက်ဆိုင်ရာကာယကံရှင်တွေဖြစ်တဲ့ အဖွဲ့အစည်း၊ ကုမ္ပဏီတွေက လုပ်ဆောင်ရမှာဖြစ်ပြီး အကျိုးအကြောင်း အထောက်အထားစုံလင်မှ ရတယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံက Transit ခရီးသည်အတွက် ခွင့်မပြုထားသေးပါဘူး"ဟု ၎င်းက ရှင်းပြသည်။

### ဆုံးဖြတ်သွားမည်

မြန်မာအမျိုးသားလေကြောင်း၏ ပြည်ပလေယာဉ်ခရီးစဉ် ပျံသန်းပြေးဆွဲခြင်းကိုဇွန်လကုန်အထိ တိုးမြှင့်ရပ်ဆိုင်းထားပြီး ဇူလိုင် ၁ ရက်တွင် ပြန်လည်ပျံသန်းပြေးဆွဲသွားမည်ဟု ရည်ရွယ်ထားသော်လည်း နှစ်ဖက်နိုင်ငံ၏ဖြေလျှော့မှုအပေါ်မူတည်၍ ပျံသန်းပြေးဆွဲသင့်၊ မသင့်ကိုဆုံးဖြတ်သွားမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်း(MNA) မှသိရသည်။

"အဓိက နှစ်ဖက်နိုင်ငံရဲ့ဖြေလျှော့မှုအပေါ်မူတည်ပြီး ပြန်လည်ပြေးဆွဲသင့်၊ မသင့်ဆိုတာကို ဆုံးဖြတ်မယ်။ အဲဒီလိုဆုံးဖြတ်ပြီးမှ အရင်လိုခရီးသည်တွေလည်း ထောက်ခံစာမလိုဘဲ လွတ်လပ်စွာ သွားလာလို့ရပြီဆိုတဲ့ အချိန်ကတော့ အကောင်းဆုံးပေါ့။ လောလောဆယ် ထောက်ခံစာလိုအပ်တယ်ဆိုတော့ မဖြစ်မနေသွားရမယ့် ခရီးသည်တွေပဲ သွားကြမှာပါ။ အရင်လိုလေယာဉ် စီးပြီးအပျော်ခရီးသွားမယ့်သူမရှိပါဘူး"ဟု ဦးနိုင်စောလွင်က ပြောကြားသည်။

**ပွင့်သစ္စာ**



### ❍ ချင်းရွှေဟော်မှ

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၀၇ ဦးတို့မှာ အမျိုးသား ၅၀ ၊ အမျိုးသမီး ၅၇ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးမှ ၁၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကိုးဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၅ ဦး၊ မကွေးတိုင်းဒေသကြီးမှ ကိုးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၉ ဦးနှင့် ရှမ်းပြည်နယ်မှ ၂၆ ဦးတို့ဖြစ်သည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျစီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ မေ ၃၀ ရက်မှ ဇွန် ၁၄ ရက်အထိ အမျိုးသား ၆၁၁၁ ဦးနှင့် အမျိုးသမီး ၄၇၇၃ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၀၈၈၄ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**



# နန်းယွန်းမြို့နယ်အတွင်းရှိ ကျေးရွာများအား ဆိုလာ၊ အင်ဗာတာ၊ မီးချောင်းနှင့် မီးသီးလုံး ပစ္စည်းအစုံထောက်ပံ့

**နန်းယွန်း ဇွန် ၁၄**


စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်ရှိ ကျေးရွာများအား ဆိုလာ ၁၃၇ ချပ်၊ အင်ဗာတာ ၁၃၇ ခု၊ မီးချောင်း ၁၃၇ ချောင်းနှင့် မီးသီး ၂၇၄ လုံးကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

### ပေးအပ်

အဆိုပါ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများကို နန်းယွန်းမြို့နယ်အတွင်း ကားရော်ကုန်ရှေ့ကျေးရွာအတွက် ဆိုလာ ၅၁ ချပ်၊ အင်ဗာတာ ၅၁ ခု ၊ မီးချောင်း ၅၁ ချောင်းနှင့် မီးသီး ၁၀၂ လုံး တို့ကိုလည်းကောင်း၊ ကဲဆန်လုံခေါင်းကျေးရွာအတွက် ဆိုလာ ၈၆ ချပ်၊ အင်ဗာတာ ၈၆ ခု၊ မီးချောင်း ၈၆ ချောင်းနှင့် မီးသီး ၁၇၂ လုံးအား ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဦးကိုင်သထံမှ သိရသည်။

အလားတူ ကားရော်ကုန်ရှေ့ကျေးရွာနှင့် ကဲဆန်လုံခေါင်းကျေးရွာများရှိ အိမ်ခြေ ၁၃၇ အိမ် တို့ကို ဆိုလာ၊ အင်ဗာတာ၊ မီးချောင်းနှင့် မီးသီးလုံးများကို ဇွန် ၁၃ ရက်တွင် ပစ္စည်းအစုံထောက်ပံ့ပေးခဲ့ကြောင်း မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဦးကိုင်သက ပြောကြားသည်။

**မွေးကြူဇင် (မုံရွာကိုယ်ပွား)**




# သမဝါယမဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၄**

သမဝါယမဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၂ ရက် မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး ညှိနှိုင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် သမဝါယမတက္ကသိုလ်(သန်လျင်နှင့် စစ်ကိုင်း)တို့မှ ပါမောက္ခချုပ်များ၊ သမဝါယမကောလိပ်(မန္တလေးနှင့် ဖောင်ကြီး)တို့မှ ကျောင်းအုပ်ကြီးများသည် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေး**

အဆိုပါအစည်းအဝေးတွင် သမဝါယမတက္ကသိုလ်/ကောလိပ်များ၏ စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ ပညာအရည်အချင်း သတ်မှတ်ချက်ဆိုင်ရာကိစ္စရပ်များ၊ တက္ကသိုလ်ဝင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သမဝါယမဦးစီးဌာနမှ သိရသည်။

ကြေးမုံ

# မုဒုံမြို့နယ် သမဝါယမအသင်းစုမှ သစ်သီးဝလံပန်းမန်များ စိုက်ပျိုးရောင်းချ

**မုဒုံ ဇွန် ၁၄**

မုဒုံမြို့နယ် သမဝါယမအသင်းစုလီမိတက်သည် သမဝါယမ ကဏ္ဍ၏စီးပွားရေးလုပ်ငန်းများဖြစ်သော ကုန်ထုတ်ကုန်သွယ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အသင်း၏ စီးပွားရေးလုပ်ငန်းခွဲတစ်ရပ်အနေဖြင့် မုဒုံမြို့ အဝင် သမဝါယမအသင်းစုပိုင် ဥယျာဉ်ခြံမြေများပေါ်တွင် သစ်သီးဝလံပန်းမန်များကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးလျက်ရှိပြီး ပျိုးပင်များကိုလည်း ဥယျာဉ်ခြံတွင်သာမက မုဒုံမြို့နယ်အတွင်းရှိ ဈေးများ၌ပါ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ ရောင်းတမ်းဝင် ခြံထွက်ဂန္ဓမာပန်းများ (ဒေသအခေါ် မိသားစုပန်း)များသည် လူကြိုက်များ၍ မုဒုံမြို့နယ် သမဝါယမအသင်းစုလီမိတက်မှာ ဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

ကြေးမုံ



# မကွေးမြို့နယ်၌ ဆီထွက်သီးနှံ ကေသုံးသိန်းကျော် လျာထားစိုက်ပျိုး



**မကွေး ဇွန် ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မကွေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၀ စိုက်ပျိုးရေးရာသီတွင် ဆီထွက်သီးနှံ မြေပဲနှင့် နှမ်း ဧကစုစုပေါင်း သုံးသိန်းကျော် လျာထားစိုက်ပျိုးခဲ့ရာ နှမ်းခင်း၊ မြေပဲခင်းများ ပေါင်းထိုးလှိုင်ကာ အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း သိရသည်။

မကွေးမြို့နယ် ဗဟိုစိုက်ပျိုးရေးသုတေသန ခြံထွက် မျိုးကောင်းမျိုးသန့်များဖြင့် နှမ်းစိုက်ဧက တစ်သိန်းရှစ်သောင်းကျော်နှင့် မြေပဲစိုက်ဧက တစ်သိန်းခုနစ်သောင်းကျော် နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မကွေးမြို့နယ်တွင် မြေပဲနှင့် နှမ်းများ အချိန်မီ စိုက်ပျိုးနိုင်ရန် မိုးရွာသွန်းနေပြီဖြစ်ရာ မြင်ကွန်းတိုက်နယ်၊ မိကျောင်းရဲတိုက်နယ်၊ ညောင်ကန်တိုက်နယ်၊ သစ်ရာကောက်တိုက်နယ်၊ ယင်းတိုက်နယ်၊ မကြီးကန်တိုက်နယ်တို့ရှိ ကျေးရွာများမှ တောင်သူများသည် မြေပြုပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ ပဲကြောင်းဖောက်ခြင်း၊ နှမ်းကြောင်းဖောက်ခြင်း၊ ပေါင်းထိုးခြင်း စသော တောင်သူလုပ်ငန်းခွင်များအား ဆောင်ရွက်နေကြပြီဖြစ်သည်။

ယခုအခါ ပေါင်းထိုးလှိုင်နေပြီဖြစ်ရာ ပေါင်းထိုးအလုပ်သမားတစ်ဦးလျှင် တစ်ရက် ငွေကျပ် ၄၀၀၀ ရကြောင်း သိရသည်။

မကွေးမြို့နယ်၌ ယခုနှစ် မိုးရာသီတွင် မိုးနှမ်းစိုက်ဧက ၁၈၃၅၆၂၊ နွေနှမ်းဧက ၂၅၃၊ ဆောင်းနှမ်းဧက ၁၁၃ ကိုလည်းကောင်း၊ မြေပဲဧက ၁၁၇၀၈၂ ကိုလည်းကောင်း စိုက်ပျိုးသွားရန်လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"စမုံနက်၊ သိပ္ပံနှမ်းနက်၊ နှမ်းနီ၊ ဆင်းရတနာ-၃ နှမ်းဖြူ၊ မကွေးနှမ်းဖြူ၊ မြေပဲမျိုးကတော့ မကွေး-၁၆၊ မကွေး - ၁၂၊ ဆင်းပဒေသာ-၁၁၊ ကျောင်းကုန်းပင်ပြန့်၊ တွန်တာနီ စတဲ့ အထွက်ကောင်းပြီး ရာသီဥတုဒဏ်ခံနိုင်မယ့် မကွေးစိုက်/ခြံထွက်မျိုးကောင်းမျိုးသန့်တွေကို နှစ်စဉ်စိုက်ပျိုးနေကြတာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလင်းမြတ်က ပြောသည်။

မကွေးဝင်းမောင်

# ကော့သောင်းမြို့ သာယာလှပရေး စုပေါင်းသစ်ပင်စိုက်ပျိုး



**ကော့သောင်း ဇွန် ၁၄**

ကော့သောင်းမြို့ သာယာလှပရေး ကမ်းနီးအဖြူရောင် ပရဟိတအဖွဲ့နှင့် သစ်ပင်ချစ်မြတ်နိုးသူများ စုပေါင်းကာ ယမန်နေ့ညနေပိုင်းက ကော့သောင်းမြို့ ဆိပ်ကမ်းသာပန်းခြံအတွင်း အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အရိပ်ရ ပန်းအလှပင်များဖြစ်သည့် စိန်ပန်းပြာ၊ စိန်ပန်းနီ၊ တပေဘူရ၊ ချယ်ရီပင်များကို ပြည်သူများ အနားယူအပန်းဖြေနေရာဖြစ်သည့် ဆိပ်ကမ်းသာပန်းခြံအတွင်း ကမ်းနီးအဖြူရောင် ပရဟိတအဖွဲ့နှင့် သစ်ပင်ချစ်မြတ်နိုးသူများက စိုက်ပျိုးခဲ့ကြခြင်းဖြစ်သည်။

အလားတူ မြို့၏အထင်ကရနေရာများ၊ အများပြည်သူ အပန်းဖြေရာနေရာများ၊ မြို့သို့လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ ဝင်၊ ထွက်သွားလာလေ့ရှိသည့် နေရာများတွင်လည်း ရှားပါးပန်းအလှပင်များကို ယခုနှစ်မိုးရာသီအတွင်း ဆက်လက်စိုက်ပျိုးရန် စီစဉ်ထားကြောင်း ကမ်းနီးအဖြူရောင်ပရဟိတအဖွဲ့ခေါင်းဆောင် ဦးမိုးတိမ်ထံမှ သိရသည်။

ကျော်စိုး(ကော့သောင်း)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# မြို့သစ်မြို့နယ်၌ ချည်မျှင်ရှည်ဝါမျိုးစေ့များ ပေးအပ်

**မြို့သစ် ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝါစိုက်ပျိုးသည့်တောင်သူများ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်အတွက် ချည်မျှင်ရှည်ဝါ မျိုးသစ်နှစ်မျိုး လေးဧကစာကို ယမန်နေ့နံနက်ပိုင်းက မြေပြင်သာကျေးရွာ တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ပေးအပ်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မြေပြင်သာကျေးရွာရှိ ဝါစိုက်ပျိုးသည့် တောင်သူများထံသွားရောက်၍ မကွေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့တာဝန်ခံကပံ့ပိုးသည့် ရွှေတောင် (၁၀)၊ ငွေချည် (၁၁) ချည်မျှင်ရှည်ဝါ မျိုးသစ်နှစ်မျိုးကို တောင်သူတစ်ဦးလျှင် နှစ်ဧကနှုန်းဖြင့် တောင်သူနှစ်ဦးအတွက် စုစုပေါင်း လေးဧကစာကို စမ်းသပ်စိုက်ပျိုးရန် ပေးအပ်ခဲ့သည်။



မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများ အကျိုးဖြစ်ထွန်းစေရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စနစ်ဖြင့် သီးနှံစိုက်တောင်သူများအတွက် သီးနှံမျိုးစေ့၊ မြေဩဇာနှင့် စိုက်ခင်းသုံး ရွက်ဖျန်းအားဆေးများ ပံ့ပိုးခြင်း၊ မိုးစပါးစံပြကွက်စိုက်တောင်သူများအတွက် စပါးမျိုးကောင်းမျိုးသန့်များ ပံ့ပိုးခြင်းနှင့် စိုက်ပျိုးရေးဦးစီးဌာန၏ သယ်ယူပို့ဆောင်ခြင်း အစီအစဉ်ဖြင့် စပါးမျိုးသန့် မျိုးပွားမျိုးစေ့များကို ကျေးရွာများအရောက် ဖြန့်ဖြူး ရောင်းချပေးလျက်ရှိပြီး လိုအပ်သည့် နည်းပညာအကူအညီများလည်း ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အနာဂတ်၏ ကမ်းလက်များ

ဒေါက်တာသီတာအောင်
(အမျိုးသားသွေးဌာန)

❖ သွေးလိုအပ်နေတဲ့ လူနာတွေရဲ့ ၉၉ ဒသမ ၃ ရာခိုင်နှုန်းဟာ အပူအပင်လုံးဝမရှိဘဲ ကုသမှုကို ခံယူနိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒါဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် လွန်စွာ ဂုဏ်ယူဖွယ်ကောင်းတဲ့ ရလဒ်ဖြစ်ပါတယ်။

❖ ဒီကပ်ရောဂါ ဘေးဆိုးကြီး ကင်းဝေးသွားတဲ့အခါ ပိုမိုခိုင်မာစွာ စည်းရုံးထောက်ပံ့ကြမယ်လို့ ယုံကြည်မိပါတယ်။ လိုအပ်မှုကို ကူညီပေးနိုင်မယ့်ပြည်သူတွေ သိရှိအောင် အချိန်မီ သတင်းဖြန့်ဝေပေးခဲ့ကြတဲ့ သတင်းမီဒီယာတွေရဲ့ ကူညီမှုစွမ်းအားဟာလည်း လွန်စွာကြီးမားတဲ့ အထောက်အပံ့ကောင်းဖြစ်ပါတယ်။

ဇွန်လ ၁၄ ရက်နေ့ကတော့ ကမ္ဘာတစ်ဝန်း သွေးလှူရှင်တွေကိုဂုဏ်ပြုတဲ့ အမှတ်တရအခမ်းအနား ကျင်းပကြတဲ့နေ့ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနှစ်မှာတော့ ဂုဏ်ပြုခြင်းထက် ပိုမိုတဲ့ သွေးလှူရှင်တွေ စွမ်းဆောင်ပေးခဲ့တဲ့ အဖြစ်အပျက်တွေကို အမှတ်ရစေပါတယ်။

**သွေးလှူဒါန်းမှုတွေ ကျဆင်း**

သွေးလှူဒါန်းမှုတွေနဲ့ဆက်စပ်တဲ့ ၂၀၁၉ ခုနှစ်ရဲ့ တိုးတက်ခဲ့မှုတွေကိုမဖော်ပြမီ အခုလက်တွေ့ တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို မျှဝေလိုပါတယ်။ အခုနှစ်မှာ သွေးစုဆောင်းမှုတွေ အမှန်တကယ်ကျဆင်းခဲ့ပါတယ်။ အဓိကအရေးအကြီးဆုံးကတော့ မှန်ကန်တဲ့ အထောက်အထား၊ အချက်အလက်တွေအပေါ်မှာမူတည်ပြီး ဖြေရှင်းဖို့ပဲ ဖြစ်ပါတယ်။

ကမ္ဘာတစ်ဝန်းရင်ဆိုင်ရတဲ့ ကပ်ရောဂါဖြစ်နေလို့ ကမ္ဘာ့နိုင်ငံတိုင်းမှာ သွေးလှူဒါန်းမှုတွေ ကျဆင်းလာခဲ့ပါတယ်။ အဓိကအကြောင်းရင်းကတော့ ကူးစက်မြန်တဲ့ ရောဂါဖြစ်လို့ အသွားအလာ၊ အလုပ်အကိုင်တွေကို ကန့်သတ်လိုက်ရတာကြောင့်ပဲ ဖြစ်ပါတယ်။

**သွေးအသုံးပြုမှုတွေကို ကြီးကြပ်ကွပ်ကဲ**

ကျဆင်းလာမယ့်သွေးလှူဒါန်းမှုတွေအတွက် အဓိကလိုအပ်တဲ့ လူနာတွေ ဒုက္ခမကြုံရအောင် အသုံးပြုမှုတွေကို အချိန်မီ ထိန်းကြဖို့ကလွဲလို့ ဖြေရှင်းဖို့နည်းလမ်း မရှိနိုင်ပါဘူး။ ဒါကြောင့် ကပ်ရောဂါအတွင်း ရှင်သန်ဖို့အတွက် သွေးလှူဘဏ်တွေသာမက သွေးအသုံးပြုတဲ့ ပညာရှင်တွေရဲ့ ပူးပေါင်းကူညီမှုကလည်း အရေးကြီးလာပါတယ်။ ဒါကြောင့် နိုင်ငံတစ်ဝန်းမှာရှိတဲ့ သွေးအသုံးပြုမှုတွေကို ကြီးကြပ်ကွပ်ကဲဖို့ ကော်မတီတစ်ရပ်ကို ဖေဖော်ဝါရီလမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်မှာ ဖွဲ့စည်းနိုင်ခဲ့ပြီး မတ်လမှာကျင်းပတဲ့ ပထမအကြိမ်အစည်းအဝေးရဲ့ဆုံးဖြတ်ချက်နဲ့ ခုတင် (၂၀၀) နှင့်အထက် ဆေးရုံတွေမှာ သွေးသွင်းကုသမှု ကြီးကြပ်ရေးကော်မတီ (Hospital Transfusion Committee) တွေကို ဖွဲ့စည်းဖို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက လမ်းညွှန်ပေးနိုင်ခဲ့ပါတယ်။

**မူလအသုံးပြုနှုန်းရဲ့ တစ်ဝက်ခန့်လျော့နည်း**

သွေးဘဏ်တွေအနေနဲ့ သွေးအသုံးပြုတဲ့ အခြေအနေတွေကိုစိစစ်ပြီး သက်ဆိုင်ရာလုပ်ဆောင်မှုတွေကို ပြန်လည်ညှိနှိုင်းခဲ့ပါတယ်။ အမျိုးသားသွေးဘဏ်အနေနဲ့ ရန်ကုန်မြို့ပေါ်မှာ သွေးအများဆုံးအသုံးပြုတဲ့ ဆေးရုံကြီးသုံးရုံရဲ့ သွေးအသုံးပြုမှုကို နေ့စဉ်စိစစ်ပေးခဲ့ပါတယ်။ အခုဆိုရင် မူလအသုံးပြုနှုန်းရဲ့တစ်ဝက်ခန့်လျော့နည်းသွားပြီ ဖြစ်ပါတယ်။ ဒါကြောင့် အခုနှစ် မတ်၊ ဧပြီ၊ မေလတွေမှာ လှူဒါန်းမှုပေါင်းဟာ ၂၀၁၉ ခုနှစ်နဲ့နှိုင်းယှဉ်ရင် ၅၀ ရာခိုင်နှုန်းလောက် ကျဆင်းသွားခဲ့ပေမယ့်သွေးနဲ့အသက်ကယ်ဖို့ လိုအပ်တဲ့လူနာတွေ အခက်အခဲ မတွေ့ကြုံလိုက်ရတာပဲ ဖြစ်ပါတယ်။

ဒါဟာ အခုလအတွက် အဆင်ပြေနိုင်ပြီလို့ တွက်လို့ မရသေးပါဘူး။ ရှေ့ဆက်ဖြစ်ပေါ်နိုင်တဲ့ ကျန်းမာရေးအခြေအနေတွေအပေါ်မူတည်ပြီး ပြင်ဆင်ကြဖို့လိုအပ်ပါတယ်။ ဆေးရုံတွေရဲ့ Hospital Transfusion Committee တွေဟာ အခုအချိန်မှာ သွေးအသုံးပြုမှုကို လုံးဝရှောင်လွှဲလို့မရတဲ့ ကုထုံးအဖြစ်နဲ့သာ ဆက်လက်အသုံးပြုရန် ကြီးကြပ်ဖို့ လိုအပ်ပါတယ်။ အမျိုးသားသွေးဌာနအနေနဲ့ သွေးအသုံးပြုမှု ကြီးကြပ်မှုကော်မတီအနေနဲ့ကတော့ သွေးအသုံးပြုမှုကို တတ်နိုင်သမျှ လျော့နည်းအောင် ညှိနှိုင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။

**သွေးလှူရှင်တွေရဲ့ ဘေးကင်းလုံခြုံရေး**

အခုအချိန်မှာ အရေးအကြီးဆုံး သတိပြုပေးရမှာကတော့ သွေးလှူရှင်တွေရဲ့ ဘေးကင်းလုံခြုံရေးပဲ ဖြစ်ပါတယ်။ ဒါကြောင့် သွေးလှူဒါန်းထောက်ပံ့မယ့် စေတနာရှင်တွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ပေးထားတဲ့ လမ်းညွှန်ချက်တွေအတိုင်း လွန်ခဲ့တဲ့ ၂၁ ရက်အတွင်း ခရီးဝေးသွားထားသူ၊ တုပ်ကွေးဖျားနာဖူးသူ၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးနေရသူတွေကို လှူဒါန်းမှုမပြုဖို့ ဟန့်တားခဲ့ရပါတယ်။ ဒီလို ဟန့်တားခဲ့ရတာဟာ လှူဒါန်းမယ့် သွေးလှူရှင်တွေရဲ့ ကျန်းမာရေးထိခိုက်မှာ စိုးလို့ပဲ ဖြစ်ပါတယ်။

သွေးလှူရှင်တွေအားလုံး မျက်နှာဖုံးအကာအကွယ်တွေအသုံးပြုတာ၊ လက်တွေ သန့်ရှင်းရေးပြုလုပ်ဖို့ စီစဉ်ပေးတာ၊ သွေးလှူဒါန်းမှုအဆင့်တိုင်းမှာ တစ်ဦးနဲ့တစ်ဦး သုံးပေခန့်အကွာရှိစေဖို့ ဆောင်ရွက်ပေးတာ စတာတွေကို သွေးလှူရှင်တွေရဲ့ ပတ်ဝန်းကျင် ဘေးကင်းနိုင်ဖို့ စီစဉ်နိုင်ခဲ့ပါတယ်။ အစုအဖွဲ့လိုက် လှူဒါန်းလိုသူတွေအတွက် လူဦးရေ ၃၀၀ ခန့် ဆံ့တဲ့ခန်းမမှာ တစ်ကြိမ်လျှင် လူဦးရေ ၅၀ အထိ စောင့်ဆိုင်းနိုင်ဖို့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

**သွေးကတစ်ဆင့် ရောဂါပိုးမကူးစက်နိုင်**

အခုလို ရောဂါပိုးကူးစက်မှုတွေရှိနေချိန်မှာ လူနာတွေရဲ့ ဘေးကင်းလုံခြုံမှုကိုလည်း ထိခိုက်လို့မဖြစ်တဲ့အတွက် စမ်းသပ်စစ်ဆေးမှုတွေ ပိုမိုဆောင်ရွက်ဖို့ လို၊ မလိုကိုလည်း လမ်းညွှန်မှုတွေနဲ့ ကိုးကားရပါတယ်။ WHO က ၂၀၀၂ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ SARS ရောဂါနဲ့ ၂၀၁၅ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ MERS ရောဂါတွေဟာ အခုဖြစ်ပေါ်တဲ့ ဗိုင်းရပ်စ်နဲ့ ပင်မမျိုးစိတ်ချင်းတူတဲ့အတွက် ၎င်းတို့ဖြစ်ပွားချိန်မှာ ရှာဖွေခဲ့တဲ့ အချက်အလက်တွေအရ သွေးကတစ်ဆင့် ရောဂါပိုးမကူးစက်နိုင်ကြောင်း ထုတ်ပြန်ခဲ့တဲ့အတွက် လှူဒါန်းပြီး သွေးတွေကို အထူးတလည် စစ်ဆေးဖို့ မလိုအပ်ခဲ့ပါ။ သွေးလှူရှင်ဆန်းစစ်ခြင်းကိုသာ ပိုမိုအလေးထားဆောင်ရွက်သင့်ကြောင်း အကြံပေးထားပါတယ်။

**နှစ်ဆခန့် တိုးမြင့်လာ**

ဒီလို ကုသရန်ခက်ခဲပြီး ကူးစက်မှုနှုန်းမြန်တဲ့ ရောဂါဖြစ်ပွားချိန်မှာ သွေးလှူဒါန်းမှု လျော့နည်းလာတာကို မလွဲမသွေကြုံတွေ့ကြရမှာဖြစ်ပါတယ်။ အထူးသဖြင့် အစုလိုက် သွေးလှူဒါန်းမှုတွေ ရပ်ဆိုင်းခဲ့ရတဲ့အတွက် ၅၀ ရာခိုင်နှုန်းသော သွေးလှူဒါန်းမှုတွေ လျော့ကျခဲ့ပါတယ်။ ဒါပေမဲ့ လှူဒါန်းနေကျ သွေးလှူရှင်တွေရဲ့ ပြန်လည်လှူဒါန်းမှုကိုတော့ အနည်းဆုံးပြန်ရဖို့ ကြိုးစားမယ်ဆိုရင် လူနာတွေအတွက် အခြေခံထောက်ပံ့မှုကိုတော့ ပြည့်မီနိုင်မယ်လို့ ယူဆရပါတယ်။

ဒါကြောင့် ပြန်လည်လှူဒါန်းနိုင်တော့မယ့် သွေးလှူရှင်တွေကို အသိပေးတဲ့ ဖုန်းခေါ်ဆိုမှုတွေကို မနေမနား ခေါ်ဆိုခဲ့ကြပါတယ်။ ဖုန်းခေါ်ဆို အသိပေးမှုကြောင့် ပြန်လည်လှူဒါန်းပေးတဲ့ သွေးလှူရှင်အရေအတွက်ဟာ ၂၀၁၉ ခုနှစ်နဲ့ နှိုင်းယှဉ်လိုက်ရင် နှစ်ဆခန့် တိုးမြင့်လာတာကို ဝမ်းသာဖွယ် တွေ့ရှိရပါတယ်။

**မှတ်တမ်းပြုစု**

၂၀၁၉ ခုနှစ်အစပိုင်းမှာ ပြန်လည်အဆင့်မြှင့်တင်ခဲ့တဲ့ သွေးလှူရှင်တွေကို မှတ်တမ်းပြုစုဖို့အသုံးပြုတဲ့ software ကို အသုံးပြုခဲ့တာကြောင့် အခုလို ပြန်လည်လှူဒါန်းမှုတွေကို အသိပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ တိုးတက်လာတဲ့ နည်းစနစ်တစ်ခုကို စဉ်ဆက်မပြတ် အသုံးပြုခဲ့လို့ ရရှိလာတဲ့ အကျိုးရလဒ်ပဲ ဖြစ်ပါတယ်။

**ခွဲဝေသိုလှောင်နိုင်ခဲ့**

ယခင်က အရေအတွက်အင်အားများစွာနဲ့ စုရုံးလှူဒါန်းနိုင်တဲ့ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့၊ တပ်မတော်၊ မီးသတ်တပ်ဖွဲ့နဲ့ ကြက်ခြေနီတပ်ဖွဲ့တွေကလည်း တစ်ကြိမ်မှာ လူဦးရေ ၅၀ မှ ၇၀ ခန့်အထိ ခွဲဝေလှူဒါန်းမှုတွေအဖြစ် ပြောင်းလဲ ထောက်ပံ့ခဲ့ကြပါတယ်။ ဒ့ါအပြင် အရေးပါတဲ့ အားကြီးတဲ့ အထောက်အပံ့ကတော့ သတင်းမီဒီယာတွေရဲ့ အသိပေး ကူညီမှုတွေပဲ ဖြစ်ပါတယ်။ ဧပြီနဲ့မေလအတွင်းမှာ အသက် ၃၀ နှစ်အောက် လူငယ်တွေရဲ့ ထောက်ပံ့မှုဟာ စုစုပေါင်း လှူဒါန်းမှုတွေရဲ့ ၆၇ ရာခိုင်နှုန်းအထိရှိကြောင်း တွေ့ရှိရပါတယ်။ ၎င်းတို့အနက် လေးပုံတစ်ပုံမှာ ပထမအကြိမ် လှူဒါန်းကြတဲ့ လူငယ်လေးတွေ ဖြစ်ပါတယ်။

အခုလို ကပ်ရောဂါကျရောက်ချိန်မှာ မိမိတို့ လူငယ်လေးတွေရဲ့ တာဝန်ယူနိုင်မှုဟာ အံ့သြဖွယ်ဖြစ်တဲ့အပြင် ဝန်ထမ်းတွေအတွက်လည်း အင်အားဖြစ်ခဲ့ရပါတယ်။

WHO နဲ့ ISBT အဖွဲ့တွေက ပညာရှင်တွေရဲ့ အကြံပေးမှုကို ဦးစွာရယူနိုင်ခဲ့တဲ့အတွက် အချိန်မီ ပြင်ဆင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ၎င်းတို့ရဲ့ အကြံပေးမှုကြောင့် ဝန်ထမ်းတွေ တာဝန်ထမ်းဆောင်ဖို့အတွက်လည်း စနစ်တကျ အုပ်စုခွဲပြီး တာဝန်ထမ်းဆောင်နိုင်ဖို့၊ အသွားအလာ ဘေးကင်းစေဖို့ စီစဉ်ပေးနိုင်ဖို့ကို ကြိုတင်စီစဉ်နိုင်ခဲ့ပါတယ်။ သက်တမ်းရှည်ကြာစွာ သိုလှောင်နိုင်တဲ့ သွေးပစ္စည်းတွေကိုလည်း ကြိုတင်စုဆောင်းခဲ့ပြီး အခြားဒေသတွေ လိုအပ်ရင် ထောက်ပံ့နိုင်ဖို့ emergency stock အနေနဲ့ ၂၄ နာရီ ခုနစ်ရက် အပူချိန်ထိန်းနိုင်သော သိုလှောင်ခန်းတွေမှာ ခွဲဝေသိုလှောင်နိုင်ခဲ့ပါတယ်။ မည်သည့်ဒေသမှ လိုအပ်သည်ဖြစ်စေ အပူချိန်မှန်ကန်စွာ ထိန်းသိမ်းထားတဲ့ သယ်ပို့ယာဉ်တွေနဲ့ ပို့ဆောင်နိုင်မှာ ဖြစ်ပါတယ်။

**အံ့သြဖွယ်တွေ့ရှိ**

အခုအချိန်အထိ သွေးလှူရှင်တွေရဲ့ ဘေးကင်းလုံခြုံရေး၊ လူနာတွေအန္တရာယ်မဖြစ်စေရေး၊ သွေးအသုံးပြုမှုတွေကို စနစ်တကျ ဖြစ်စေရေး၊ သွေးလှူရှင်တွေကို နည်းပညာအထောက်အပံ့ဖြင့် စုဆောင်းနိုင်ရေးတို့ကို စဉ်ဆက်မပြတ် ထောက်ပံ့နိုင်ဖို့အတွက် ဝန်ထမ်းတွေက စနစ်တကျ တာဝန်ခွဲဝေထမ်းဆောင်နေကြပါတယ်။

ကြုံတွေ့ရတဲ့ ကပ်ရောဂါမဖြစ်ပွားမီအထိ လွန်ခဲ့တဲ့ ၂၀၁၉ ခုနှစ်မှာတော့ သွေးလှူရှင်တွေရဲ့ ထောက်ပံ့မှုဟာ အမြင့်မားဆုံး ဖြစ်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ ၇၀၀၀၀ ခန့် လှူဒါန်းမှုမှ ၂၀၁၉ ခုနှစ်မှာ ၁၀၅၀၀၀ အထိ တိုးတက်ခဲ့လို့ သုံးနှစ်အတွင်း ၅၀ ရာခိုင်နှုန်းခန့် မြင့်တက်လာတာကို အံ့သြဖွယ်တွေ့ရှိရပါတယ်။

အခြားညွှန်းကိန်းတွေအနေနဲ့ အစုအဖွဲ့လိုက် ထောက်ပံ့သူတွေက ၂၀၁၆ ခုနှစ်မှာ ၃၂ ဖွဲ့သာရှိခဲ့ပြီး ၂၀၁၉ ခုနှစ်မှာ ၆၅ ဖွဲ့အထိ တိုးတက်လာခဲ့ပါတယ်။ ဒါဟာလည်း နှစ်ဆခန့် မြင့်တက်လာတာဖြစ်ပါတယ်။ တစ်နှစ်မှာ နှစ်ကြိမ်၊ သုံးကြိမ် ပြန်လည်လှူဒါန်းမှုတွေကလည်း ၅၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။ စတင်လှူဒါန်းတဲ့သွေးလှူရှင်အရေအတွက်ကတော့ သုံးနှစ်အတွင်းမှာ နှစ်ဆ မြင့်တက်ခဲ့ပါတယ်။ ဒီညွှန်းကိန်းတွေဟာ ပြည်သူတွေရဲ့ အကူအညီ အထောက်အပံ့ကို ပိုမိုရရှိလာကြောင်း ဖော်ပြနေတာဖြစ်ပါတယ်။ ဒါကြောင့်လည်း သွေးလိုအပ်နေတဲ့ လူနာတွေရဲ့ ၉၉ ဒသမ ၃ ရာခိုင်နှုန်းဟာ အပူအပင်လုံးဝမရှိဘဲ ကုသမှုကို ခံယူနိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒါဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် လွန်စွာဂုဏ်ယူဖွယ်ကောင်းတဲ့ ရလဒ်ဖြစ်ပါတယ်။

**နည်းစနစ်တွေ ထူထောင်နိုင်**

နိုင်ငံရဲ့ အခြားဒေသတွေမှာလည်း လူနာတွေလိုအပ်ပါက လာရောက်လှူဒါန်းပေးကြတဲ့ သွေးလှူရှင်တွေ အသင့်ရှိနေကြပါတယ်။ မလိုအပ်ခင် လှူဒါန်း၊ စစ်ဆေး၊ ပြင်ဆင်ပေးမှုကိုတော့ နေရာဒေသတိုင်းမှာ အဆင်သင့်မဖြစ်သေးပါ။ ဒီလိုဖြစ်ဖို့ကတော့ ဝန်ထမ်းအင်အား၊ ငွေအင်အား များစွာလိုအပ်နေပါတယ်။

အခုနှစ်မှာတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက မြို့ကြီးနှစ်မြို့မှာ တိုးချဲ့ ထောက်ပံ့နိုင်ဖို့ ဝန်ထမ်းအင်အား၊ ဘဏ္ဍာငွေထောက်ပံ့မှုရရှိအောင် အင်တိုက်အားတိုက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားသွေးဌာနကလည်း ၎င်းဒေသတွေအတွက် အခြေခံလိုအပ်တဲ့ နည်းစနစ်တွေ ထူထောင်နိုင်ဖို့ ကူညီပေးနေပါတယ်။ ဒါမှလည်း ထောက်ပံ့မှုတွေ ရရှိတဲ့အခါ ထိုက်သင့်တဲ့ တိုးတက်မှုရလဒ်ကို လူနာတွေ ခံစားနိုင်မှာ ဖြစ်ပါတယ်။

**တောက်ပတဲ့အနာဂတ်ကို မြင်ယောင်မိ**

နိုင်ငံတစ်ဝန်းလုံးမှာ လူနာတွေအတွက် ထောက်ပံ့လှူဒါန်းပေးကြတဲ့ သွေးလှူရှင်တွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ အထူးသဖြင့် သမိုင်းဝင်ကပ်ရောဂါဖြစ်ပွားနေချိန်မှာ ထောက်ပံ့လှူဒါန်းပေးသူတွေကတော့ လူနာတွေအတွက် ထောက်ပံ့ပေးမှုကို ဖြစ်စေရုံသာမကဘဲ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေအတွက်လည်း အင်အားဖြစ်စေခဲ့ပါတယ်။ ဒ့ါအပြင် လူငယ်မျိုးဆက်သစ်တွေရဲ့ စွမ်းဆောင်မှုတွေကို တွေ့ကြုံရတော့ တောက်ပတဲ့အနာဂတ်ကို မြင်ယောင်မိပါတယ်။ ဒီကပ်ရောဂါ ဘေးဆိုးကြီး ကင်းဝေးသွားတဲ့အခါ ပိုမိုခိုင်မာစွာ စည်းရုံးထောက်ပံ့ကြမယ်လို့ ယုံကြည်မိပါတယ်။ လိုအပ်မှုကို ကူညီပေးနိုင်မယ့် ပြည်သူတွေ သိရှိအောင် အချိန်မီသတင်းဖြန့်ဝေပေးခဲ့ကြတဲ့ သတင်းမီဒီယာတွေရဲ့ ကူညီမှုစွမ်းအားဟာလည်း လွန်စွာကြီးမားတဲ့ အထောက်အပံ့ကောင်းဖြစ်ပါတယ်။

အခုလို အခက်အခဲတွေကြားကနေ လူနာတွေအတွက် ကူညီနိုင်သကဲ့သို့ သုံးစွဲမှု၊ ထောက်ပံ့မှု၊ ဝန်ဆောင်မှုပေးသူတွေအားလုံး ဟန်ချက်ညီညီ ဝိုင်းဝန်းကူညီရင်းနဲ့ လူနာတွေ အပူအပင်ကင်းအောင် ဆက်လက်ကြိုးစားပေးကြပါလို့ တိုက်တွန်းအပ်ပါတယ်။ ။

ပိုမိုစွမ်းဆောင်နိုင်မယ့် အနာဂတ်မျိုးဆက်သစ်များရဲ့ ကမ်းလက်များကို ကြိုဆိုရင်းဖြင့် ...............

# မန္တလေး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတွင် အလိုအလျောက်အပူချိန်တိုင်းတာသည့် စက်နှစ်လုံး တပ်ဆင်ထားရှိ

**မန္တလေး ဇွန် ၁၄**

မန္တလေးမဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ ဘုရားဖူးများ ဝင်ရောက်ဖူးမြော်ခွင့်ပြုချိန်တွင် အလိုအလျောက် အပူချိန် တိုင်းတာမည့် သာမိုစကန်(Thermo Scan)စက်နှစ်လုံး အဆင်သင့်တပ်ဆင် ဆောင်ရွက်ထားရှိကြောင်း မန္တလေး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးကျော်ကျော်ဦးထံမှ သိရသည်။

ဘုရားဖူးများ အဝင်၊ အထွက်ပြုလုပ်စဉ် ကွန်ပျူတာဖြင့်ထိန်းချုပ်၍ အလိုအလျောက်အပူချိန် တိုင်းတာမည့် အဆိုပါ စက်နှစ်လုံးမှာ အမေရိကန်နိုင်ငံထုတ်ဖြစ်ပြီး အဆင်သင့် တပ်ဆင်ပြင်ဆင်ပြီးဖြစ်ကြောင်း၊ ကုန်ကျစရိတ်မှာ ငွေကျပ်သိန်း ၉၀၀ ဖြစ်ပြီး မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဘုရားဖူးများ ပြန်လည်ခွင့်ပြုချိန်တွင် ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန် အဝင်၊ အထွက်များသည့် အရှေ့ဘက်မုခ်စောင်းတန်းနှင့် မြောက်ဘက်မုခ်စောင်းတန်းတို့တွင် တပ်ဆင်ထားရှိပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် အနောက်ဘက်မုခ်ဝင်ပေါက်နှင့် တောင်ဘက်မုခ်ဝင်ပေါက်များတွင် ဝင်ရောက်မှုနည်းသည့်အတွက် သာမိုဂန်း (Thermo Gun) ဖြင့် ကိုယ်အပူချိန်တိုင်းတာမည်ဖြစ်ကြောင်း၊ ဘုရားဖူးများကိုလည်း တစ်ဦးနှင့်တစ်ဦး သုံးပေအကွာမှ ဖူးမြော်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိကြောင်း၊ ဘုရားစောင်းတန်းအဝင်နေရာလေးခုမှ စောင်းတန်း ခါးပြတ်ဝင်ပေါက်များတွင်လည်း လက်ဆေးကန်၊ ဆပ်ပြာနှင့် လက်သန့်ဆေးရည်များ ပြင်ဆင်ထားရှိကြောင်း၊ နှာခေါင်းစည်း ဝတ်ဆင်ပြီးမှသာ ဝင်ရောက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးကျော်ကျော်ဦးက ပြောသည်။

သန်းဇော်မင်း(ပြန်/ဆက်)



# ပူတာအိုမြို့နယ်၌ ကန့်သတ်စောင့်ကြည့်ရေးစင်တာအဖြစ် အသုံးပြုခဲ့သည့် အခြေခံပညာကျောင်းများအား တတိယအကြိမ် ပိုးသတ်ဆေးဖျန်း

**ပူတာအို ဇွန် ၁၄**

ကချင်ပြည်နယ် ပူတာအိုခရိုင် လူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် ပူတာအိုမြို့နယ်အတွင်း ကန့်သတ်စောင့်ကြည့်ရေးစင်တာအဖြစ် အသုံးပြုခဲ့သော အခြေခံပညာကျောင်းများအား တတိယအကြိမ် ပိုးသတ်ဆေးဖျန်းခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆေးဖျန်းခြင်းလုပ်ငန်းကို နမ်ရှယ်ကော့၊ ပမ္မတီး၊ မာမိန်၊ ဇီအွန်၊ ဂျူဗလီ၊ မူလာရှီးဒီ၊ မူလာဒီ၊ ဖတ်မာ၊ လုံရှာယာန်၊ လယ်မယ်ဝါချီ၊ မစွပ်ယာန် စသည့် ကျေးရွာများမှ အခြေခံပညာကျောင်းများအား တတိယအကြိမ် ပိုးသတ်ဆေးဖျန်းပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါကျောင်းများကို ဇွန် ၁၅ ရက်တွင် ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဌာနသို့ အပြီးလွှဲပြောင်း ပေးအပ်ရမည် ဖြစ်သည်။

"ကျွန်မတို့ ပူတာအိုခရိုင် လူငယ်ရေးရာကော်မတီအနေနဲ့ ကျောင်းဖွင့်တဲ့အချိန်မှာ အန္တရာယ်ကင်းပြီး စိတ်ချလက်ချ ဖွင့်လို့ရအောင် တတိယအကြိမ် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်"ဟု ပူတာအိုခရိုင် လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်ချာယော်ရဲ့က ပြောသည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းလုပ်ငန်းကို ခရိုင် လူငယ်ရေးရာကော်မတီများနှင့် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို နမ်ရှနီ လူမှုရေးအဖွဲ့အစည်းက ထောက်ပံ့ကူညီပေးခဲ့ခြင်း ဖြစ်ကြောင်း ပူတာအိုခရိုင် လူငယ်ရေးရာ ကော်မတီမှ သိရသည်။

ခရိုင်(ပြန်/ဆက်)



# ကချင်ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**မြစ်ကြီးနား ဇွန် ၁၄**

လတ်တလော ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကာကွယ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များ အသုံးပြုရန်အတွက် နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)မှ ကိုဘရန်အောင်နှင့် ကိုကောင်းဆက်အောင်မိသားစုနှင့် ကဂျာ (KAJA)စိုက်ပျိုးရေးဆေးနှင့် ဓာတ်မြေဩဇာရောင်းဝယ်ရေး မိသားစုတို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကို ယမန်နေ့တွင် ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့များသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တုံ့ပြန်ရေးလုပ်ငန်းများတွင် ကြက်ခြေနီစေတနာ့လုပ်အားရှင်များ အသုံးပြုနိုင်ရန်အတွက် နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)မှ ကိုဘရန်အောင်နှင့် ကိုကောင်းဆက်အောင်မိသားစုတို့က နှာခေါင်းစည်း အခု ၁၂၅၀ နှင့် လက်သန့်ဆေးရည်ဘူး ၉၀ တို့ကိုလည်းကောင်း၊ ကဂျာ (KAJA)စိုက်ပျိုးရေးဆေးနှင့် ဓာတ်မြေဩဇာရောင်းဝယ်ရေး မိသားစုက ပိုးသတ်ဆေးဖျန်းပုံး ၁၀ ပုံး၊ ပိုးသတ်ဆေးဘူး ၁၀၀ တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဘရန်ဒီး နှင့် တာဝန်ရှိသူတို့က အသီးသီး လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ကိုဗစ်-၁၉ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကန့်သတ်စောင့်ကြည့်ရေးစင်တာ ပြုလုပ်ထားရှိခဲ့သည့် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အမှတ်(၂)သို့ သွားရောက်၍ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

❖



# သုံးဆယ်ရေလှောင်တမံ ဆည်ရေသောက်စနစ်အတွင်း စနစ်တကျရေသုံးစွဲနိုင်ရန် တောင်သူများပါဝင်သည့် ရေအသုံးချသူအဖွဲ့များ တိုးချဲ့ဖွဲ့စည်း

**ပဲခူး ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်းရှိ သုံးဆယ်ရေလှောင်တမံ ဆည်ရေသောက်စနစ်အတွင်း ဆည်ရေ လေလွင့်ဆုံးရှုံးမှု နည်းပါးစေရန်နှင့် စနစ်တကျရေသုံးစွဲနိုင်ရန်အတွက် တောင်သူများပါဝင်သည့် ရေအသုံးချသူအဖွဲ့(WUG)များကို တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး (၉) မှ သိရသည်။

နှစ်စဉ် နွေစပါး တိုးချဲ့စိုက်ပျိုးလာမှုနှင့်အတူ သုံးဆယ်ရေလှောင်တမံမှ ဆည်ရေကို အလေအလွင့် နည်းပါးစွာ အကျိုးရှိရှိသုံးစွဲနိုင်ရန် တောင်သူများ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးသဖြင့် ဆည်ရေသောက်စနစ်အတွင်း ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်နှင့်အညီ ရေအသုံးချသူများအဖွဲ့(WUG)များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် ရေအသုံးချသူများအဖွဲ့ ခုနစ်ဖွဲ့အထိ တိုးချဲ့ ဖွဲ့စည်းနိုင်ခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ ဦးသီဟအောင်က ပြောသည်။



ရေအသုံးချသူများအဖွဲ့ (WUG)မှ အဖွဲ့ဝင်တောင်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဆည်ရေလေလွင့်ဆုံးရှုံးမှု နည်းပါးစွာဖြင့် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ခဲ့ပြီး ယခုနှစ်တွင် ရေအသုံးချသူများအဖွဲ့ဝင်တောင်သူများက မြောင်းတစ်လျှောက် မြက်ချုံရှင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရန် နုန်းဆယ်ခြင်းများ ပြုလုပ်ခြင်း၊ အလှည့်ကျ ရေယူသုံးစွဲနိုင်ရေး အတွက် စုပေါင်းဆွေးနွေးဆုံးဖြတ်ခြင်းနှင့် ရေရယူမည့် အစီအစဉ်များ ကြိုတင်ညှိနှိုင်းခြင်းများကို ဌာနဝန်ထမ်းများနှင့်အတူ စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ခြင်းကြောင့် တောင်သူများ အချင်းချင်း နားလည်မှုရှိစွာ ထိန်းကျောင်းနိုင်ပြီး ရေကိုမျှတစွာ ရယူသုံးစွဲနိုင်ခဲ့သဖြင့် ရေလေလွင့်ဆုံးရှုံးမှုများ လျော့နည်းလာကာ သီးနှံရိတ်သိမ်းရာတွင်လည်း အချိန်မီ ရိတ်သိမ်းနိုင်ပြီး ရေသုံးစွဲသူအဖွဲ့များကို ဆည်ရေသောက်စနစ်အတွင်း ထပ်မံတိုးချဲ့ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သာယာဝတီမြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများ၏ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသည့် သုံးဆယ်ရေလှောင်တမံကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ ၂၀၀၀ -၂၀၀၁ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၀၅-၂၀၀၆ ခုနှစ်မှစတင်ကာ နွေစပါး စိုက်ပျိုးရေ ပေးဝေခဲ့ကြောင်း၊ ဒေသခံတောင်သူများအနေဖြင့် နွေစပါးစိုက်ပျိုး အောင်မြင်မှုကြောင့် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ၂၀၁၉ - ၂၀၂၀ ခုနှစ်တွင် ဆည်ရေသောက် စိစစ်ဧရိယာ ၄၂၀၀၃ ဧကအနက် ၄၁၆၅၆ ဧက အထိ နွေစပါး စိုက်ပျိုးရေကို အောင်မြင်စွာ ပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-သီဟ

# ချီဖွေမြို့နယ်နှင့် ပန်ဝါမြို့နယ်တို့မှ တိုက်ပွဲရှောင် နေရပ်စွန့်ခွာပြည်သူများအား နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောက်လုပ်ပေးသော တန်ဖိုးနည်းအိမ်ရာသို့ ရွှေ့ပြောင်းနေရာချထားပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်

**နေပြည်တော်    ဇွန်    ၁၄**

ချီဖွေမြို့နယ်နှင့် ပန်ဝါမြို့နယ်တို့မှ တိုက်ပွဲရှောင် နေရပ်စွန့်ခွာပြည်သူများအား နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောက်လုပ်ပေးသော တန်ဖိုးနည်းအိမ်ရာသို့ ရွှေ့ပြောင်းနေရာချထားပေးခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ကချင်ပြည်နယ် ပန်ဝါမြို့ ဇီလော့ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းထွန်းက ယနေ့ ပန်ဝါမြို့မှ နေရပ်စွန့်ခွာ ပြည်သူများအား ရွှေ့ပြောင်းနေရာချထားပေးရာတွင် အိမ်ထောင်စု ၅၄ စုအတွက် တန်ဖိုးနည်းအိမ်ရာအလုံး ၅၀ အား တည်ဆောက်ပေးထားပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စားနပ်ရိက္ခာ၊ ပြောင်းရွှေ့စရိတ်နှင့် ကယ်ဆယ်ရေးပစ္စည်းများအား ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပန်ဝါဌာနေပြည်သူ့စစ်အဖွဲ့မှ ဦးဘောမ်လန်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောက်လုပ်ပေးသော တန်ဖိုးနည်းအိမ်ရာအကြောင်း ရှင်းလင်းပြောကြားပြီး ချီဖွေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညွန့်ဆွေက နေရပ်ပြန်လိုသည့် တိုက်ပွဲရှောင်ပြည်သူများ၏ တင်ပြချက်အပေါ် ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားကာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်လှကေသီမာက တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းထွန်းက တိုက်ပွဲရှောင်နေရပ်စွန့်ခွာပြည်သူများအတွက် Family Kit များကိုလည်းကောင်း၊ ချီဖွေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုန်းတိန့်က ထောက်ပံ့ငွေများကိုလည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ် (၂) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဟိန်းမင်းက ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းက ပန်ဝါတန်ဖိုးနည်းအိမ်ရာအလုံး ၅၀ တွင် သောက်သုံးရေသွယ်တန်းခြင်း နှစ်မိုင်ဆောင်ရွက်ရန်အတွက် ငွေကျပ် ၂၇ ဒသမ ၂၅၀ သန်းနှင့် ချီဖွေမြို့နယ်နှင့် ပန်ဝါမြို့နယ်တို့ရှိ နေရပ်စွန့်ခွာ တိုက်ပွဲရှောင်ပြည်သူ ၃၉၂ ဦးအတွက် စားနပ်ရိက္ခာ တစ်လစာအတွက် ငွေကျပ် ၇ ဒသမ ၀၅၆ သန်းကို လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဒေါ်လှကေသီမာက အိမ်ထောင်စု ၈၁ စုအတွက် စားနပ်ရိက္ခာ ခြောက်လစာနှင့် သွပ်မိုးအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၈၁ သိန်း၊ ကယ်ဆယ်ရေးပစ္စည်း ၂၂ မျိုးပါ Family Kit ၈၁ ခုကို လည်းကောင်း၊ UNHCR မှ အိမ်ထောင်စု ၈၁ စုအတွက် ဆပ်ပြာ၊ စောင်၊ ခြင်ထောင်၊ ဖျာ၊ အဝတ်အထည်နှင့် ဆိုလာမီးအိမ် ၈၁ လုံးတို့ကိုလည်းကောင်း၊ UNDP မှ တစ်ရှူးလိပ် ၁၀ ခုပါ ၈၁ တွဲကိုလည်းကောင်း၊ KMSS မှ ရေချိုးခန်း၊ အိမ်သာအခြေခံလိုအပ်ချက်အတွက် အိမ်ထောင်စု ၈၁ စုအား တစ်အိမ်ထောင်လျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်ကြရာ တိုက်ပွဲရှောင်နေရပ်စွန့်ခွာပြည်သူများက လက်ခံရယူသည်။ ထို့နောက် တိုက်ပွဲရှောင်နေရပ်စွန့်ခွာပြည်သူများကိုယ်စား ဦးဘောမ်ဆောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းထွန်းနှင့် တာဝန်ရှိသူများသည် နေရာချထားပေးသော တန်ဖိုးနည်းအိမ်ရာဝန်းကျင်ရှိ ဖောက်လုပ်ပေးမည့် လမ်းအခြေအနေ၊ လျှပ်စစ်မီးရရှိရေးနှင့် အခြေခံပညာ စာသင်ကျောင်း တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ယနေ့တွင် ချီဖွေမြို့နယ် ခိုက်ဘာဂျီစခန်းမှ တိုက်ပွဲရှောင်နေရပ်စွန့်ခွာပြည်သူအိမ်ထောင်စု ၂၇ စုအား မူလနေရပ်သို့လည်းကောင်း၊ ပန်ဝါမြို့ဒေသပိုင်အဆောက်အအုံမှ တိုက်ပွဲရှောင်နေရပ်စွန့်ခွာပြည်သူ အိမ်ထောင်စု ၅၄ စုအား ပန်ဝါမြို့ တန်ဖိုးနည်းအိမ်ရာသို့လည်းကောင်း ရွှေ့ပြောင်းနေရာချပေးနိုင်ခဲ့ပြီး အဆိုပါ ယာယီတိုက်ပွဲရှောင်စခန်းနှစ်ခုသည် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာရေးဆွဲပြီးနောက် ပထမဦးဆုံးအကောင်အထည်ဖော် ပိတ်သိမ်းနိုင်ခဲ့သော စခန်းနှစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၌ ပြေးဆွဲနေသည့် အမြန်ရထားတွဲဆိုင်းအား တွေ့ရစဉ်။

# ဇွန် ၁၆ ရက်မှစတင်၍ ရထားအစင်းရေ တိုးချဲ့ပြေးဆွဲမည်

**ရန်ကုန်    ဇွန်    ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာစီးနင်းစေ၍ ရထားလမ်းပိုင်းများရှိ ရထားအစင်းရေများအား ဇွန် ၁၆ ရက်မှစတင်ကာ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ဇွန် ၁၆ ရက်မှစတင်၍ ရန်ကုန်-မန္တလေးလမ်းပိုင်း၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်းနှင့် ရန်ကုန်မြို့ပတ်လမ်းပိုင်းများရှိ ရထားများအား တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ရထားများပြေးဆွဲရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကျန်းမာရေးစည်းမျဉ်းများနှင့် ကိုက်ညီစွာ ပြေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

အမြန်ရထားများဖြစ်သော ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ အမှတ်(၅)အဆန်၊ (၆)အစုန်ကိုလည်းကောင်း၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းရှိ အမှတ်(၅၇)အဆန်၊ (၅၈)အစုန်ကိုလည်းကောင်း၊ အမှတ်(၄၁)အဆန်၊ (၄၂) အစုန်ကိုလည်းကောင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၌ အမှတ်(၈၁)အဆန်၊ (၈၂)အစုန်ကိုလည်းကောင်း၊ ရန်ကုန်-ပြည်လမ်းပိုင်းရှိ အမှတ်(၇၁)အဆန်၊ (၇၂)အစုန်ကိုလည်းကောင်း၊ ရန်ကုန်မြို့ပတ်လမ်းပိုင်းရှိ မြို့ပတ်ရထားခရီးစဉ် ရထားအစင်း ၄၀ မှ ၅၂ စင်းသို့လည်းကောင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း၌ လက်ရှိပြေးဆွဲနေသော အမှတ်(၁၈၅)အဆန်၊ (၁၈၆)အစုန်ရထားအား ခရီးသည်စီးနင်းမှုအပေါ်မူတည်၍ လူစီးတွဲပိုမိုချိတ်ဆက်ပြေးဆွဲရန် စီစဉ်ဆောင်ရွက်ထားကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**






**ကိုရိုနာဗိုင်းရပ်စ် (COVID- 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# ထန်းတပင်မြို့နယ်၌ သက်တန့်ရောင်စီမံချက်ဖြင့် မျိုးစပါးများကို တောင်သူများထံသို့ ဆက်လက်ထောက်ပံ့ပေးအပ်

ထန်းတပင် ဇွန် ၁၄

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် သက်တန့်ရောင်စီမံချက်အရ မျိုးကောင်း မျိုးသန့်စပါးမျိုးများကို ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိတောင်သူများအား အခမဲ့ ထောက်ပံ့ဖြန့်ဝေပေးလျက်ရှိပြီး ယနေ့နံနက်ပိုင်းက ဆတ်ကလေးကျေးရွာ အုပ်စု ဆတ်ကလေးကျေးရွာ၌ မျိုးစပါးများကို မြို့နယ်တာဝန်ရှိသူများက ဒေသခံတောင်သူများထံသို့ ဆက်လက်ထောက်ပံ့ဖြန့်ဝေပေးအပ်လျက်ရှိကြောင်း သိရသည်။




### ထောက်ပံ့ပေးအပ်

မျိုးစပါး ထောက်ပံ့ပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေမျိုးထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းတို့က မျိုးစပါးထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဝင်းကိုက မျိုးစပါးထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ဆတ်ကလေးကျေးရွာအုပ်စုအတွင်းရှိ တောင်သူ ၃၀ တို့၏ စိုက်ဧက ၁၃၀ အတွက် ရက် ၉၀ မျိုးစပါး ၁၉၅ တင်းကို တောင်သူများထံသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာလအတွင်း တောင်သူများ စပါးစိုက်ပျိုးရာ၌ မျိုးကောင်းမျိုးသန့် မျိုးစပါးများကို ပြောင်းလဲစိုက်ပျိုးနိုင်စေရန်နှင့် စပါးအထွက်နှုန်းများတိုးတက်လာစေရေးအတွက် ဆင်းသုခမျိုး စပါး ၅၈၄၂ တင်း၊ ရတနာတိုး မျိုးစပါးတင်း ၃၀၀၀ နှင့် ရက် ၉၀ မျိုးစပါး ၂၁၅၈ တင်း စုစုပေါင်း မျိုးစပါးတင်းပေါင်း ၁၁၀၀၀ ကို ထန်းတပင်မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု ၅၉ အုပ်စုရှိ တောင်သူ ၃၅၅၃ ဦးတို့၏ စိုက်ဧက ၇၃၃၄ ဧကအတွက် ထောက်ပံ့ဖြန့်ဖြူးပေးခြင်းဖြစ်သည်။ လက်ရှိအချိန် တွင် တောင်သူ ၁၁၈ ဦးတို့၏ စိုက်ဧက ၃၇၅ ဧကအတွက် မျိုးစပါးတင်းပေါင်း ၅၆၂ ဒသမ ၅ တင်းကို ထောက်ပံ့ဖြန့်ဖြူးပေးခဲ့ပြီး ဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း တောင်သူများထံသို့ မျိုးစပါးများကို အခမဲ့ထောက်ပံ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ယွန်းပညာရပ်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာ ကာလတိုသင်တန်းများ အခမဲ့ ဖွင့်လှစ်မည်

ညောင်ဦး ဇွန် ၁၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ပုဂံမြို့ဟောင်း ယွန်းပညာကောလိပ်မှ ကိုဗစ်-၁၉ ရောဂါအလွန်ကာလတွင် ယွန်းပညာရပ်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာ ကာလတိုသင်တန်းငါးခုကို ၁၄ ရက်ကြာ အခမဲ့ဖွင့်လှစ်မည်ဖြစ်ကြောင်း ယွန်းပညာကောလိပ် ဒုတိယကျောင်းအုပ်ကြီး ဒေါ်စုစုခိုင်က ပြောကြားသည်။

"ကျွန်မတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ယွန်းပညာကောလိပ်(ပုဂံ) အနေဖြင့် ကိုဗစ်-၁၉ ရောဂါအလွန်ကာလမှာ ပြည်သူများ အသက်မွေးဝမ်းကျောင်းပညာတစ်ခု သင်ယူတတ်မြောက်စေရန်နဲ့ သင်ကြားပေးမည့် ယွန်းပညာရပ်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာဖြင့် ပြည်သူများအပိုဝင်ငွေ ရရှိနိုင်ရေး ရည်ရွယ်ပြီး (၁)ဂျပန်ယွန်း(အနက်ထည်) နည်းပညာကာလတိုသင်တန်း၊ (၂) ကညစ်ယွန်း နည်းပညာကာလတို သင်တန်း၊ (၃)သားရိုးပန်းကြွ ကျောက်စီရွှေချ ယွန်းနည်းပညာကာလတိုသင်တန်း၊ (၄)ယွန်းလက်ဝတ် အဆင်တန်ဆာ (ရွှေဇဝါယွန်း) နည်းပညာကာလတိုသင်တန်း၊ (၅) ပျူလက်ဝတ် အဆင်တန်ဆာ (ရွှေဇဝါယွန်း) နည်းပညာကာလတိုသင်တန်း စုစုပေါင်း သင်တန်းငါးခုကို အခမဲ့ ဖွင့်လှစ်သင်ကြားပို့ချသွားမှာ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

### တက်ရောက်နိုင်

အဆိုပါ သင်တန်းများဖွင့်လှစ်ရာ၌ သင်တန်းတစ်ကြိမ်တွင် သင်တန်းသား ၁၅ ဦး လက်ခံသင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ၁၄ ရက်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းကြေးအခမဲ့ဖြစ်ပြီး ယွန်းပညာရပ်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းကာလတို သင်တန်းများတက်ရောက်နိုင်ရေး ဖိတ်ခေါ်ထားကြောင်း သိရသည်။

**ကျော်မင်းဦး(ပြန်/ဆက်)**

# ပဲခူးမြစ်ကူးတံတား(မြို့ဦးကင်း) တည်ဆောက်မှု ၇၇ ရာခိုင်နှုန်းပြီးစီး



ပဲခူး ဇွန် ၁၄

ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန်နှင့် ယာဉ်ကြောရှုပ်ထွေးမှုလျော့နည်းစေရန်ရည်ရွယ်၍ ပဲခူးမြို့ မြို့ဦးကင်းကျေးရွာအနီး၌ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့(၉)မှ တည်ဆောက်နေသည့် ပဲခူးမြစ်ကူးတံတား(မြို့ဦးကင်း)သည် ယခုအခါ ၇၇ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါပဲခူးမြစ်ကူးတံတား(မြို့ဦးကင်း)အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံကျပ်သန်း ၄၂၀၀ ဖြင့် ပဲခူးမြစ်ကိုဖြတ်ပြီး မီတာ ၅၀ အခန်း တစ်ခန်း၊ ၁၈ မီတာအခန်း ခြောက်ခန်းပါရှိသည့် ၁၅၈ မီတာအရှည်ရှိ သံကူကွန်ကရစ်တံတားအမျိုးအစားအဖြစ် တံတားအထူးအဖွဲ့(၉)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေ နှစ်လမ်းသွား၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ခြောက်ပေစီပါရှိကြောင်း သိရသည်။

ပဲခူးမြစ်ကူးတံတား(မြို့ဦးကင်း)သည် ပဲခူးမြို့ စိန်သာလျောင်းဘုရားလမ်းနှင့် ဥဿာမြို့သစ် သမိန်ဗရမ်းလမ်းတို့ကို ဆက်သွယ်သွားလာနိုင်သည့် လမ်းဖြစ်သည့်အပြင် မြို့ရှောင်လမ်းနှင့်ပါ ချိတ်ဆက်သွားလာနိုင်မည်ဖြစ်ပြီး ယခုနှစ် အောက်တိုဘာလကုန်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတား တည်ဆောက်ပြီးစီးသွားပါက ပဲခူးမြို့အတွင်း ယာဉ်ကြောကျပ်တည်းမှုများလျော့ကျခြင်း၊ ခရမ်းသုံးခွနှင့် သနပ်ပင်မြို့များမှ ကုန်စည်စီးဆင်းမှုများမြန်ဆန်ခြင်း၊ တံတားအနီးရပ်ကွက်များမှ ကျောင်းသားကျောင်းသူများ ကျောင်းတက်ရာတွင် သွားလာမှုလွယ်ကူစေခြင်းများ ရရှိကြမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# လှိုင်ကော်မြို့ ထီးစဲခါးကျေးရွာ၌ Cash For Work စီမံကိန်း ဆောင်ရွက်မည်

လှိုင်ကော် ဇွန် ၁၄

ကယားပြည်နယ် လှိုင်ကော်မြို့ ထီးစဲခါးကျေးရွာတွင် ပထမဆုံးအကြိမ် စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်ရန် ဒေသခံပြည်သူများနှင့် ညှိနှိုင်းတိုင်ပင်ချက်အရ ကျေးရွာအတွင်း ကျေးလက်ဆေးပေးခန်းနှင့် စာသင်ကျောင်းသို့ သွားလာမှုလွယ်ကူချောမွေ့စေရန် လမ်းအရှည် ပေ ၁၇၅၀၊ အကျယ် ၁၂ ပေ၊ လမ်းထု ကိုးလက်မရှိ အမာခံလမ်းနှင့် ရေပြွန်တံတား လေးစင်းတို့အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)၏ ခွင့်ပြုရန်ပုံငွေ သိန်း ၁၀၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ လုပ်ငန်းမှာ ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေမည့်အပြင် ကျေးရွာအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားရေးအတွက် လိုအပ်နေသည့် အမာခံလမ်းကို ရရှိနိုင်မည်ဖြစ်ကြောင်း လှိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အိအိက ပြောသည်။

"လုပ်ငန်းကုန်ကျငွေကျပ်သိန်း ၁၀၀ မှာ ပစ္စည်းတန်ဖိုး သိန်း ၅၀ နဲ့ လုပ်အားတန်ဖိုး သိန်း ၅၀ ဖြစ်လို့ ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဝင်ငွေတွေရရှိမယ့်အပြင် ကျေးရွာအတွက် လိုအပ်နေတဲ့ အမာခံလမ်းရရှိမှာဖြစ်ပါတယ်။ ကျွန်မတို့ ဒီအမာခံလမ်းဖြစ်မြောက်ရေးအတွက် ဒေသခံတွေကို လမ်းဖြစ်မြောက်ရေးကော်မတီ ဖွဲ့စည်းပေးထားပါတယ်။ ကျေးရွာအတွက်တော့ လမ်းလည်းရမယ်၊ ဝင်ငွေလည်းရမယ်" ဟု ဒေါ်အိအိခင်က ပြောသည်။

ယင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောဒီးဒီး၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးထွန်းချစ်၊ ဦးစီးအရာရှိ ဦးနျားရယ်၊ မြို့နယ်ဦးစီးမှူး ဒေါ်အိအိခင်နှင့် ထီးစဲခါးကျေးရွာလမ်း ဖြစ်မြောက်ရေးကော်မတီတို့က ကွင်းဆင်းကြည့်ရှုကာ လုပ်ငန်းအားအမြန်ဆုံးဆောင်ရွက်နိုင်အောင် စီစဉ်ခဲ့ကြကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကိုရိုနာဗိုင်းရပ်ကူးစက်ရောဂါအကျိုးဆက် သက်ရောက်ခြင်းခံရသော ကျေးလက်ဒေသများရှိ ပြည်သူများ၏ ကျေးရွာများတွင် အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၎င်းတို့ကိုယ်တိုင် ဆောင်ရွက်စေပြီး လုပ်အားခငွေပေးချေခြင်းဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေရန်နှင့် ကျေးရွာများတွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စီမံကိန်းအား ကျေးရွာပေါင်း ၃၅၀၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်ခြင်းမပြုမီ တိုင်းဒေသကြီး/ပြည်နယ် တစ်ခုလျှင် ကျေးရွာတစ်ရွာ၌ စမ်းသပ်အကောင်အထည်ဖော်နေကြောင်း သိရသည်။ **ကိုစိုင်း(လှိုင်ကော်)**

# (၃၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဇွန် ၂၆ ရက်တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပမည်




ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အထူးအာဆီယံထိပ်သီးအစည်းအဝေးကို ဧပြီ ၁၄ ရက်က ဗီဒီယိုကွန်ဖရင့်ပုံစံဖြင့် ကျင်းပခဲ့စဉ်။

**ဂျကာတာ ဇွန် ၁၄**

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ အဖွဲ့ဝင်နိုင်ငံများသည် ဒေသအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားနေသည့်အတွက် (၃၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရန် သဘောတူညီခဲ့ကြကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ အာဆီယံပူးပေါင်းဆောင်ရွက်ရေး အကြီးအကဲ တာဗာရက်ဇ်က ပြောကြားခဲ့သည်။

ယခုနှစ်၏ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌနိုင်ငံဖြစ်သည့် ဗီယက်နမ်နိုင်ငံက အာဆီယံနိုင်ငံများမှ ခေါင်းဆောင်အားလုံးတက်ရောက်ခြင်းနှင့်အတူ အာဆီယံထိပ်သီးအစည်းအဝေးကို ဇွန် ၂၇ ရက်နှင့် ဇွန် ၂၈ ရက်တို့တွင် ဟနွိုင်းမြို့၌ ကျင်းပရန် ယခုနှစ်အစောပိုင်းက အဆိုပြုထားခဲ့သည်။

သို့ရာတွင် ယခင်က ဇွန် ၂၇ နှင့် ၂၈ ရက်တို့တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပရန် စီစဉ်ထားခဲ့သည့် (၃၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအစီအစဉ်ကို ပယ်ဖျက်ခဲ့ပြီး ဇွန် ၂၆ ရက်တွင် ဗီဒီယိုကွန်ဖရင့်ပုံစံဖြင့် ကျင်းပမည်ဖြစ်ကြောင်း တာဗာရက်ဇ်က ပြောကြားခဲ့သည်။

"အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဟာ ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် အပြင်းအထန်ကြိုးပမ်းနေရဆဲဖြစ်တဲ့အတွက် လက်ရှိအခြေအနေအရ ဗီဒီယိုကွန်ဖရင့်ပုံစံအစည်းအဝေး ကျင်းပခြင်းက အကောင်းဆုံးပုံစံဖြစ်ပါတယ်"ဟု အာဆီယံပူးပေါင်းဆောင်ရွက်ရေးအကြီးအကဲ တာဗာရက်ဇ်က အနာဒိုလူသတင်းအေဂျင်စီသို့ ပြောကြားခဲ့သည်။

အရှေ့တောင်အာရှဒေသအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ စုစုပေါင်း ၁၁၁၂၁၈ ဦးရှိပြီး ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ ၅၅၁၅၂ ဦးရှိခဲ့ကာ သေဆုံးသူအရေအတွက်မှာ ၃၂၄၅ ဦးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချက်အလက်များအရ သိရသည်။

အရှေ့တောင်အာရှနိုင်ငံများထဲတွင် စင်ကာပူနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၀၆၀၄ ဦးဖြင့် ကူးစက်မှုအမြင့်ဆုံးနိုင်ငံဖြစ်ပြီး သေဆုံးသူအရေအတွက်မှာ ၂၆ ဦးရှိခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် ကူးစက်ခံရသူ ၃၈၂၇၇ ဦးရှိခဲ့ကာ အာဆီယံနိုင်ငံများအနက် ကူးစက်ခံရသူဒုတိယ အများဆုံးနိုင်ငံဖြစ်ပြီး သေဆုံးသူ ၂၁၃၄ ဦးဖြင့် သေဆုံးသူအရေအတွက် အမြင့်ဆုံးတွင် ရှိနေသည်။

**ကိုးကား-ဗန်ကောက်ပို့စ်**
**ဘာသာပြန်-အလင်းသစ်**

## တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၇ ဦး ထပ်မံတွေ့ရှိ

**ပေကျင်း ဇွန် ၁၄**

တရုတ်နိုင်ငံတွင် ယမန်နေ့ ဆေးမှတ်တမ်းများအရ ကိုဗစ် -၁၉ ကူးစက်ခံရသူ ၅၇ ဦးထပ်မံတွေ့ရှိခဲ့သည်။ ၎င်းတို့အနက် ၃၈ ဦးမှာ မြို့တော်ပေကျင်းမှ ၃၆ ဦး၊ လီယောင်နင်ခရိုင်မှ နှစ်ဦးနှင့် ကျန် ၁၉ ဦးမှာ နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံရသူများသည် ပင်လယ်စာများရောင်းချသည့် ဈေးတစ်ခုအတွင်းသို့ သွားရောက်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်သည်ဟု ကျန်းမာရေးတာဝန်ရှိသူများက ဆိုသည်။

အလားတူ ဇွန် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ခုနစ်ဦး တွေ့ရှိခဲ့သည်။ အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံရသူများသည်လည်း ပင်လယ်စာများရောင်းချသည့် ဈေးသို့သွားရောက်ခဲ့ကြောင်း စစ်ဆေးချက်များအရ သိရသည်။

ယင်းသို့ ဗိုင်းရပ်စ်ကူးစက်ခံရသူများ ထပ်မံတွေ့ရှိခဲ့သည့်အတွက် အဆိုပါ ပင်လယ်စာများရောင်းချသည့်ဈေးကို ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း အာဏာပိုင်များက ဆိုသည်။

ထို့ပြင် အဆိုပါဈေးအနီးရှိ ဒေသခံများအပါအဝင် ဈေးသို့ မေ ၃၀ ရက်ကစပြီး သွားရောက်ခဲ့သူများကို ဗိုင်းရပ်စ်ကူးစက်ခံရခြင်းရှိ၊ မရှိ စစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရ သည်။

တရုတ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်သည့်အချိန်ကစပြီး ဇွန် ၁၀ ရက်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူများကို ပေကျင်းမြို့၌ ထပ်မံတွေ့ရှိခဲ့ခြင်းမရှိကြောင်း အာဏာပိုင်များက ဆိုသည်။

လက်ရှိအချိန်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူများ ထပ်မံတွေ့ရှိသည့်အတွက် ပေကျင်းမြို့၌ ဗိုင်းရပ်စ်ကူးစက်မှုဆိုင်ရာ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားကြောင်း ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

## ညမထွက်ရအမိန့် အဆုံးသတ်မည်ဖြစ်သော်လည်း ဗန်ကောက်မြို့ရှိ ညပိုင်းဖျော်ဖြေရေးနေရာများကို ခေတ္တပိတ်ထားမည်

**ဗန်ကောက် ဇွန် ၁၄**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ထိုင်းနိုင်ငံအတွင်း ချမှတ်ထားသည့် အသွားအလာကန့်သတ်မှုကို ဖြေလျှော့ပြီး ညမထွက်ရ အမိန့်ကို ဇွန် ၁၅ ရက်မှ အဆုံးသတ်မည်ဖြစ်သော်လည်း မြို့တော်ဗန်ကောက်ရှိ ညပိုင်းဖျော်ဖြေရေးနေရာများကို ခေတ္တ ပိတ်ထားမည်ဖြစ်ကြောင်း ဗန်ကောက်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ဖောင်ဆာကောန်ကွန်မွာန်က ယနေ့ ပြောကြားသည်။

အရက်အဖျော်ယမကာဆိုင်များ၊ ကာရာအိုကေခန်းမများနှင့် အခြားသောဖျော်ဖြေရေးနေရာများသည် လူအများအပြားစုဝေးနိုင်သောနေရာများဖြစ်သလို ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ဖြစ်ပွားစေနိုင်သည့် နေရာများဖြစ်သောကြောင့် ဗန်ကောက်မြို့ တစ်ဝန်းရှိ အဆိုပါ ဆိုင်များနှင့် ဖျော်ဖြေရေးနေရာများကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။


ထို့အတူ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ဗန်ကောက်မြို့ရှိ ကွန်ပျူတာဂိမ်းကစားသည့်နေရာများ၊ အင်တာနက် ကဖေးဆိုင်များ၊ ကြက်ပွဲများ၊ ငါးပွဲများ၊ နွားပွဲများရှိသည့်နေရာများကိုလည်း လောလောဆယ် ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် နေ့ခင်းပိုင်းတွင် ဗန်ကောက်မြို့ရှိ စားသောက်ဆိုင်များထဲ၌ အရက်အဖျော်ယမကာ သောက်သုံးခွင့်ရှိသော်လည်း ညပိုင်းတွင် သောက်သုံးခွင့်ရှိမည် မဟုတ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ အခြေအနေ စီမံခန့်ခွဲရေးဗဟိုဌာနက ဇွန် ၁၅ ရက်မှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညမထွက်ရအမိန့်ကို အဆုံးသတ်ရန် ယမန်နေ့က ဆုံးဖြတ်ခဲ့ပြီးနောက် ဗန်ကောက် အစိုးရပြောရေးဆိုခွင့်ရှိသူ ဖောင်ဆာကောန်ကွန်မွာန် အနေဖြင့် ယခုကဲ့သို့ ကြေညာခဲ့ခြင်းဖြစ်သည်။

ထိုင်းအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ညမထွက်ရအမိန့်ကို ဧပြီ ၃ ရက်က ကြေညာခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ဘာသာပြန် - ဂျေတီ**



## ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ယူစွပ်ရာဇာဂီလာနီ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**အစ္စလာမ္မာဘတ် ဇွန် ၁၄**

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ယူစွပ်ရာဇာဂီလာနီတွင် ယမန်နေ့က ကိုရိုနာဗိုင်းရပ်စ်ပိုးစမ်းသပ်တွေ့ရှိခဲ့သည်။ လူပေါင်း ၂၅၅၁ ဦး သေဆုံးခဲ့ပြီး ၁၃၂၄၀၅ ဦး ကူးစက်ခံခဲ့ရသည့် ပါကစ္စတန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသည့် ထိပ်တန်းနိုင်ငံရေးသမားတစ်ဦး ဖြစ်လာခဲ့သည်။

အသက် ၆၇ နှစ်အရွယ် ယူစွပ်ရာဇာဂီလာနီသည် အမျိုးသားတာဝန်ခံမှုဗျူရို (NAB) ၌ အကျင့်ပျက်ခြစားမှုဆိုင်ရာ ကြားနာမှုတစ်ခု တက်ရောက်ပြီးနောက် ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်သည်။ ဇွန် ၁၁ ရက်ကလည်း အတိုက်အခံ ပါကစ္စတန်မူဆလင်လိဂ်နာဝပ်ဇ် (PML–N) အကြီးအကဲ ရှာဘတ်ရှာရက်ဇ်မှာ ငွေကြေးခဝါချမှုနှင့်ပတ်သက်၍ အမျိုးသားတာဝန်ခံမှုဗျူရို (NAB) ရှေ့မှောက် လာရောက်အစစ်ဆေးခံပြီးနောက် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရသည်။ ဝန်ကြီးချုပ်ဟောင်းမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရကြောင်း ဂီလာနီ၏သားဖြစ်သူ ကာဆင်းဂီလာနီက တွစ်တာ၌ ကြေညာခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် စံချိန်တင်ကူးစက်မှုသစ် ၆၄၇၂ မှု တွေ့ရှိပြီးနောက် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ၁၃၂၄၀၅ မှုအထိ မြင့်တက်လာခဲ့ပြီး လူနာ ၈၈ ဦး ထပ်မံ သေဆုံးခဲ့ရာ သေဆုံးသူဦးရေမှာ ၂၅၅၁ ဦးအထိ ရှိလာခဲ့ပြီဟု ကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့က ပြောကြားခဲ့သည်။ ပြီးခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှု အကြိမ် ၂၉၈၅၀ လုပ်ဆောင်ခဲ့ရာ ပါကစ္စတန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စမ်းသပ်မှုအရေအတွက်မှာ ၈၃၉၀၁၉ ကြိမ်အထိ ရှိလာခဲ့ပြီဖြစ်သည်။

ပါကစ္စတန်နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ရောဂါသက်သာလာသူ ၅၀၀၅၆ ဦးရှိပြီး ကိုဗစ်-၁၉ ကုသရေး ဆေးရုံ ၈၂၀ ရှိကာ လူနာ ၈၅၅၉ ဦးကို ဆေးရုံတင်ထားကြောင်း၊ အခြားပိုးတွေ့လူနာများက နေအိမ်များ၌ သီးသန့်ခွဲနေထိုင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - အိန္ဒိယတုဒေး၊ ဘာသာပြန်-ကျော်ထိုက်စိုး**

## အင်ဒိုနီးရှား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၅၇ ဦး တွေ့ရှိပြီး ၄၃ ဦး သေဆုံး

**ဂျကာတာ ဇွန် ၁၄**

အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၅၇ ဦး တွေ့ရှိခဲ့ပြီးနောက် ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၈၂၇၇ ဦးရှိလာကြောင်း အင်ဒိုနီးရှားအစိုးရ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အာ့ခ်မက် ယူရီယံတိုက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ယနေ့ ပြောကြားသည်။

ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၄၃ ဦး သေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၂၁၃၄ ဦး ရှိလာကြောင်း ၎င်းက ထပ်မံပြောကြားသည်။

သို့သော် တစ်ရက်အတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းသွားသူ ၇၅၅ ဦးရှိရာ အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာသူပေါင်း ၁၄၅၃၁ ဦး ရှိလာကြောင်း သိရသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်ပေါင်း ၃၄ ခုသို့ ကူးစက်ပျံ့နှံ့သွားပြီဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ချမှတ်ထားသည့် ကန့်သတ်မှုများကို ဝီရိယရှိရှိဖြင့် တဖြည်းဖြည်းချင်း ဖြေလျှော့ရန် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# အိန္ဒိယနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူများထားရှိရန် မီးရထားတွဲဆိုင်း ၅၀၀ ခန့် ထပ်မံပြင်ဆင်



**နယူးဒေလီ ဇွန် ၁၄**
အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ ဆက်လက်မြင့်တက်လျက်ရှိရာ နယူးဒေလီမြို့တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူများထားရှိရန် ဆေးရုံခုတင်များ လုံလောက်မှုမရှိသည့်အတွက် မီးရထားတွဲဆိုင်း ၅၀၀ ကို ဆေးဝါးကုသဆောင်များအဖြစ် ပြင်ဆင်ထားရှိလျက်ရှိသည်။

အဆိုပါမီးရထားတွဲဆိုင်း ၅၀၀ သည် လူနာ ၈၀၀၀ အတွက် ဆေးကုသမှုပေးမည့် ကုသဆောင်နေရာများ ဖြစ်လာမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ရှိ၊ မရှိ လျင်မြန်စွာ စစ်ဆေးနိုင်ခြင်းအပါအဝင် အခြားသော ဗိုင်းရပ်စ်ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များကို ချမှတ်လုပ်ဆောင်ရန် အိန္ဒိယပြည်ထဲရေးဝန်ကြီး အာမစ်ရှာက ကြေညာခဲ့သည်။ ဘိုးဘွားရိပ်သာများကိုလည်း ဗိုင်းရပ်စ်ကူးစက်ခံရသူများအား ဆေးကုသမှုပေးရန် သတ်မှတ်ထားကြောင်း သိရသည်။

ဗိုင်းရပ်စ်ကူးစက်မှုများမြင့်တက်လာမှုကြောင့် နယူးဒေလီမြို့၌ လူနာခုတင်များ မလုံလောက်မှုနှင့်ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီး အာမစ်ရှာနှင့် နယူးဒေလီဝန်ကြီးချုပ် အာဗင်ကီဂျာဝေတို့ တွေ့ဆုံဆွေးနွေးခဲ့သည်။

အိန္ဒိယနိုင်ငံအတွင်း၌ နေ့စဉ် ဗိုင်းရပ်စ်ကူးစက်မှုနှုန်းသည် ၁၂၀၀၀ နီးပါးရောက်ရှိလျက်ရှိသည်။

အိန္ဒိယနိုင်ငံတွင် လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၂၂၇၇၇ ဦးရှိပြီး ဗိုင်းရပ်စ်ကူးစက်မှုအများဆုံးနိုင်ငံများစာရင်းတွင် အမေရိကန်၊ ဘရာဇီးနှင့် ရုရှားတို့ပြီးနောက် အဆင့် (၄)နေရာ၌ ရပ်တည်လျက်ရှိသည်။

ဗိုင်းရပ်စ်ကူးစက်မှုကြောင့် အိန္ဒိယနိုင်ငံ၌ သေဆုံးသူ ၉၂၀၆ ဦးရှိပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ စစ်တမ်းအရ သိရသည်။

**ကိုးကား-ဘီဘီစီ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# တရုတ်နိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်မှုတွင် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိနေ

**ဂျကာတာ ဇွန် ၁၄**
တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဆိုင်ရာ သုတေသနလုပ်ငန်းများတွင် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ အဖွဲ့ဝင်နိုင်ငံများနှင့် အတူတကွပူးပေါင်း



ဆောင်ရွက်ရန် အသင့်ရှိနေကြောင်း အာဆီယံဆိုင်ရာတရုတ်သံအမတ် ဒန်ရှီကျန်းက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများသည် အာဆီယံဒေသတွင်း၌ ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားချိန်ကတည်းက ကိုဗစ်-၁၉ ကပ်ရောဂါ ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအများအပြားရှိခဲ့ကြောင်း အာဆီယံဆိုင်ရာ တရုတ်သံအမတ်က ဗီဒီယိုကွန်ဖရင့်ဖြင့်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

အာဆီယံနိုင်ငံများသည် တရုတ်နိုင်ငံနှင့် ရင်းနှီးဖော်ရွေသည့်ဆက်ဆံရေးရှိသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြောင်း၊ တရုတ်နှင့် အာဆီယံတို့သည် အပြန်အလှန်ထောက်ပံ့ကူညီမှုအစဉ်အလာရှိခဲ့ပါကြောင်းနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်မှု၏ အကျိုးကိုခံစားရပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရရှိမည်ဆိုပါက အဆိုပါ ကာကွယ်ဆေးသည် ကမ္ဘာတစ်ဝန်းတွင် အများပြည်သူနှင့်ဆိုင်သည့် ကုန်ပစ္စည်းတစ်ခုဖြစ်လာမည်ဖြစ်ကြောင်းလည်း အာဆီယံဆိုင်ရာတရုတ်သံအမတ် ဒန်ရှီကျန်းက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၇၉၀၈၁၈၆ ဦး

သေဆုံးသူ
၄၃၃၀၁၉ ဦး

ပြန်လည်ကျန်းမာလာသူ
၄၀၆၄၈၇၁ ဦး

# အီရတ်နိုင်ငံအရှေ့ပိုင်းတွင် အိုင်အက်စ်တို့ တိုက်ခိုက် ရှစ်ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ

**ဘဂ္ဂဒက် ဇွန် ၁၄**
အီရတ်နိုင်ငံအရှေ့ပိုင်းရှိ ဒိုင်ရာလာကပြည်နယ်တွင် ဇွန် ၁၄ ရက်က အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် ရှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့သတင်းအရင်းမြစ်တစ်ခုက ပြောကြားသည်။

မြို့တော်ဘဂ္ဂဒက် မြောက်ဘက် ၁၆၅ ကီလိုမီတာအကွာရှိ ခါနာကွင်မြို့အနီးရှိ ကျေးရွာတစ်ရွာ၌ ယနေ့ နံနက်အစောပိုင်းတွင် အိုင်အက်စ်စစ်သွေးကြွတို့၏ တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း မိုဟာမက်အယ်လ်ရှမ်မာရီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သော်လည်း အခြေအနေအသေးစိတ်အား ပြောကြားခဲ့ခြင်းမရှိပေ။

ယင်းတိုက်ခိုက်မှုသည် အိုင်အက်စ်တိုက်ခိုက်ရေးသမားများနှင့် ဒေသတွင်းရဲတပ်ဖွဲ့ဝင်များအကြား ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လက်နက်ကိုင်ကျေးရွာသားများကလည်း ပါဝင်တိုက်ခိုက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

တိုက်ခိုက်မှုအတွင်း ဒေသခံရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် ကျေးရွာသား ခြောက်ဦးတို့သေဆုံးခဲ့ပြီး ကျေးရွာသားခြောက်ဦး ဒဏ်ရာရခဲ့သည်။ တိုက်ခိုက်မှုဖြစ်ပွားသည့်ကျေးရွာသို့ စစ်ကူများရောက်ရှိလာပြီးနောက်တွင် အိုင်အက်စ်စစ်သွေးကြွများ ဆုတ်ခွာသွားခဲ့ကြောင်း အယ်လ်ရှမ်မာရီက ပြောသည်။

အီရတ်နိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများအား ချေမှုန်းသည့် စစ်ဆင်ရေးများကို ထပ်ကာတလဲလဲပြုလုပ်နေသော်လည်း ဒိုရာလာ၊ ဆာလာဟူဒင်နှင့် ကီယာကူပြည်နယ်များအတွင်းရှိ သဲကန္တာရများနှင့် ဟီမာရမ်တောင်တန်းဒေသကဲ့သို့သော မြေမျက်နှာပြင်ကြမ်းတမ်းသည့်နေရာများ၌ ပုန်းအောင်းနေထိုင်ဆဲဖြစ်ပြီး အင်အားတိုးချဲ့နေကြကြောင်း သိရသည်။

အိုင်အက်စ်စစ်သွေးကြွများသည် ဒေသတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအား မကြာခဏပင် ပြောက်ကျားစစ်ပုံသဏ္ဌာန်ဖြင့် တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**

# လာဂို့စ်မှ မွမ်ဘိုင်းသို့ ပျံသန်းခဲ့သည့် အဲအိန္ဒိယ ခရီးသည်တင်လေယာဉ်တွင် ခရီးသည်တစ်ဦးသေဆုံး

**နယူးဒေလီ ဇွန် ၁၄**
နိုင်ဂျီးရီးယားနိုင်ငံ လာဂို့စ်မြို့မှ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့သို့ ပျံသန်းခဲ့သည့် အဲအိန္ဒိယလေကြောင်းမှ ခရီးသည်တင်လေယာဉ်တွင် ယနေ့ ခရီးသည်တစ်ဦး သေဆုံးခဲ့ကြောင်း အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

အဆိုပါလေယာဉ်သည် မွမ်ဘိုင်းမြို့လေဆိပ်သို့ ယနေ့ ဒေသစံတော်ချိန် နံနက် ၃ နာရီ မိနစ် ၄၀ ခန့်တွင် ဆင်းသက်ခဲ့ခြင်းဖြစ်သည်။

သေဆုံးသွားသည့် ခရီးသည်မှာ အသက် ၄၀ နီးပါးရှိသူဖြစ်ပြီး ၎င်း မကွယ်လွန်မီတွင် တုန်တုန်ယင်ယင်ဖြစ်ခဲ့သည်ဟု သိရသည်။ အဆိုပါခရီးသည်အား လေယာဉ်အဖွဲ့သားများက စုံစမ်းမေးမြန်းရာတွင် ၎င်းတွင် ငှက်ဖျားရောဂါရှိကြောင်း ပြောကြားခဲ့သည်။ ၎င်းအနေဖြင့် အသက်ရှူခက်ခဲလာသည့် အခြေအနေရှိလာပြီးနောက်တွင် လေယာဉ်အဖွဲ့သားများက ခရီးသည်အား အောက်ဆီဂျင်ပေးပြီး နောက်ပိုင်းတွင် လဲကျသေဆုံးသွားခဲ့သည်ဟု အိန္ဒိယတုဒေးသတင်းစာ၌ ရေးသားဖော်ပြခဲ့သည်။ ယင်းဖြစ်ရပ်ဖြစ်ပေါ်အပြီးတွင် လေဆိပ်မှ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်နေသော်လည်း အဖျားရှိနေသည့် ခရီးသည်အား မည်သည့်အကြောင်းကြောင့် လေကြောင်းပျံသန်းမှုခရီးစဉ်တွင် လိုက်ပါရန် ခွင့်ပြုခဲ့သည်ဆိုသည့် မေးခွန်းထုတ်မှုများ မြင့်တက်လာခဲ့သည်။

သို့သော်ငြားလည်း အဆိုပါခရီးသည်မှာ သဘာဝအတိုင်း သေဆုံးခဲ့မှုသာဖြစ်ကြောင်း အဲအိန္ဒိယလေကြောင်းလိုင်းက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**

# ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၇၀၀၀ ကျော်ရှိလာပြီး ၁၁၇၁ ဦး သေဆုံး

**ဒါကာ ဇွန် ၁၄**
ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၁၄၁ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၈၇၅၂၀ ရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ယနေ့ပြောကြားသည်။

ထို့အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် အမျိုးသား ၂၇ ဦးနှင့် အမျိုးသမီး ငါးဦး စုစုပေါင်း ၃၂ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၇၁ ဦး ရှိလာကြောင်း ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိ ပါမောက္ခ နာဆီမာဆူလ်တနာက အွန်လိုင်းမှတစ်ဆင့်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ယနေ့ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိပြီး နိုင်ငံတစ်ဝန်းတွင် တစ်ရက်အတွင်း ပြည်သူ ၁၄၅၀၅ ဦးတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြန်လည်ကျန်းမာလာသူပေါင်း ၁၈၇၃၀ ရှိလာ**

ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၀၃ ဦးသည် တစ်ရက်အတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများနှင့် ဆေးပေးခန်းများမှ ထပ်မံပြန်ဆင်းခဲ့ကြရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၈၇၃၀ ရှိလာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ကိုဗစ်-၁၉ စက္ကူဖြူစာတမ်းမှ ကပ်ရောဂါကာကွယ်ရေးအတွက် ဘာတွေယူနိုင်မလဲ

နေစိုးဦး

**မကြာသေးမီက တရုတ်နိုင်ငံ၏ နိုင်ငံတော်သတင်းပြန်ကြားရေးကောင်စီရုံးက " ကိုဗစ်-၁၉ ကူးစက်ရောဂါအပေါ် တရုတ်နိုင်ငံ၏ အရေးယူဆောင်ရွက်ခြင်း" အမည်ရှိ စာတမ်းတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ယင်းသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါနှင့်ပတ်သက်၍ နိုင်ငံတကာမှ တရုတ်နိုင်ငံကို အပြစ်တင်နေမှုအပေါ် တရုတ်နိုင်ငံ၏ ပယောဂကင်းရှင်းကြောင်း ရှင်းလင်းဖော်ပြသည့် စာတမ်းတစ်စောင်လည်းဖြစ်ဖွယ်ရှိသည်။ အဆိုပါစာတမ်းတွင် အစိုးရက ဗိုင်းရပ်စ်ကူးစက်ရောဂါနှင့်ပတ်သက်၍ ၎င်း၏ကြိုးပမ်းအားထုတ်ပုံများကိုသာမက ဗိုင်းရပ်စ်တိုက်ဖျက်ရေးနှင့်ပတ်သက်၍ ၎င်း၏အတွေ့အကြုံများကို ကမ္ဘာ့နိုင်ငံများအား မျှဝေရန် ရည်ရွယ်သည့် စာတမ်းလည်း ဖြစ်ဖွယ်ရှိပါသည်။**



တရုတ်နိုင်ငံ သတင်းပြန်ကြားရေးကော်မတီရုံးမှ ထုတ်ပြန်သော အစီရင်ခံစာရှင်းတမ်းတွင် ဤသို့ ရှင်းလင်းဖော်ပြထားသည်ကို တွေ့ကြရပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါသည် ရာစုနှစ် တစ်ခုအတွင်း လူသားတို့အပေါ် အကြီးမားဆုံး ထိခိုက်ပျက်စီးစေသည့် ကပ်ရောဂါဖြစ်သည်။ တရုတ်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ လူသားတို့အနေဖြင့် အကောင်အထည်မမြင်ရသော၊ မျှော်လင့်ထားခြင်းမရှိသော၊ အကြီးအကျယ် ထိခိုက်ပျက်စီးစေသော ရောဂါဆိုးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။ တရုတ်နိုင်ငံက ထိုသို့သော ကူးစက်ရောဂါပျံ့နှံ့မှုကို ကာကွယ်ထိန်းချုပ်ရန် တိုက်ပွဲဝင်ဖြေရှင်းအားထုတ်ခဲ့ရသည်ဟု ဆိုသည်။

**အောင်မြင်စွာဖြတ်တောက် ထိန်းချုပ်နိုင်ခဲ့**

ထိုသို့ကာကွယ်ထိန်းချုပ်ရေးကို ကြိုးပမ်းအားထုတ်ရာတွင် အများပြည်သူတို့၏ ကျန်းမာရေးနှင့် အသက်ဘေးအန္တရာယ်ကင်းဝေးရေးကို ပထမဦးစားပေးအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တင်းကျပ်သော သတ်မှတ်ပြဋ္ဌာန်းမှုများ၊ ကန့်သတ်ထိန်းချုပ်မှုများဖြင့် စီမံဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့သော ဆောင်ရွက်မှုများက ဗိုင်းရပ်စ်ကူးစက်နိုင်ဖွယ်ရှိမှု အခြေအနေများကို အောင်မြင်စွာ ဖြတ်တောက် ထိန်းချုပ်နိုင်ခဲ့သည်ဟု ဆိုပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ စီမံဆောင်ရွက်ပုံအဆင့်ဆင့်ကို နိုင်ငံတော်သတင်းပြန်ကြားရေးကောင်စီရုံး၏ အစီရင်ခံစာ၌ ပထမဦးစွာ ကပ်ရောဂါတိုက်ဖျက်ရေးအတွင်း အများပြည်သူကျန်းမာရေး အရေးပေါ်စီမံဆောင်ရွက်မှုအဖြစ် အလျင်အမြန် အရေးယူဆောင်ရွက်ခြင်း၊ ဒုတိယအဆင့်အဖြစ် ဗိုင်းရပ်စ်ထိန်းချုပ်ရေးကို လက်ဦးမှုရယူဆောင်ရွက်ခြင်း၊ တတိယအဖြစ် ပြည်တွင်းမှ ကူးစက်လူနာအရေအတွက် လျော့ကျရေးကို ဆောင်ရွက်ခြင်း၊ စတုတ္ထအဖြစ် ကူးစက်ရောဂါဖြစ်ပွားရာ ဟူပေပြည်နယ် ဝူဟန်မြို့တွင် ထိရောက်စွာ ရောဂါထိန်းချုပ်နိုင်ရေးကို အလေးထားဆောင်ရွက်ခြင်းနှင့် ပဉ္စမအဖြစ် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းကို သတိဝီရိယမပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။

**အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရ**

တရုတ်နိုင်ငံက ကိုဗစ်-၁၉ ကပ်ရောဂါကို နိုင်ငံ၏ အများပြည်သူကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ပြီးကတည်းက ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အခြားကူးစက်ရောဂါများထက် ပို၍လျင်မြန်စွာ ကူးစက်တတ်သည့် ကပ်ရောဂါဖြစ်သည့်အတွက် ၎င်းကို ထိန်းချုပ်ရာတွင် များစွာအခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရကြောင်း ဆိုထားသည်။

ကြုံတွေ့ရသော ကပ်ရောဂါအကျပ်အတည်းမှာ တရုတ်နိုင်ငံအတွက် ကြီးမားသော စမ်းသပ်မှုလည်းဖြစ်ကြောင်း၊ ယင်းကြောင့်ပင် သမ္မတရှီကျင့်ဖျင် ဦးဆောင်သော အစိုးရအဖွဲ့က ကိုဗစ်-၁၉ ကပ်ရောဂါကို ထိပ်တန်းဦးစားပေးအရေးကိစ္စအဖြစ် ရောဂါထိန်းချုပ်နိုင်ရေးကို အလျင်အမြန် ဆောင်ရွက်ခဲ့ရကြောင်း၊ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်ရာတွင် ယုံကြည်မှု၊ ပေါင်းစည်းညီညွတ်မှု၊ သိပ္ပံပညာအခြေခံသော ချဉ်းကပ်မှုများဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ဆိုရလျှင် ဗိုင်းရပ်စ်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးတွင် ပြည်သူတစ်ရပ်လုံးက စစ်ပွဲတစ်ပွဲဆင်နွှဲသကဲ့သို့ လက်တွဲညီညီ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း ဖော်ပြခဲ့သည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၉ ရက်အထိ အခြေအနေများကို ဖော်ပြရာတွင် ဟူပေပြည်နယ် ဝူဟန်မြို့တွင် အဆုတ်ရောင်ရောဂါနှင့်ဆင်တူသော အဖျားရောဂါတစ်မျိုးဖြစ်ပွားခဲ့ရာမှစ၍ တရုတ်နိုင်ငံက ရောဂါပျံ့နှံ့မှု ရပ်တန့်ရေးကို အလျင်အမြန် အရေးယူဆောင်ရွက်ခဲ့သည်ဟုဆိုသည်။ အလားတူပင် ကူးစက်ရောဂါနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အခြားသောနိုင်ငံများသို့ အသိပေးအကြောင်းကြားခဲ့ကြောင်း၊ ဝူဟန်တွင် ဖြစ်ပွားလျက်ရှိသည့် ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍လည်း အဆောတလျင် စမ်းသပ်စစ်ဆေးမှုပြု၍ ရောဂါအမည်ကို ဖော်ထုတ်နိုင်ရန်ကြိုးပမ်းခဲ့ကြောင်း၊ အလားတူပင် တရုတ်နိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင်၏ ညွှန်ကြားမှုအောက်တွင် နိုင်ငံ၏ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာန၊ ဆေးပညာသိပ္ပံအကယ်ဒမီ စသည့် အဖွဲ့အစည်းများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်၍ ကိုရိုနာဗိုင်းရပ်စ်ကူးစက်နိုင်မှု အခြေအနေများကို အဖြေရှာဖော်ထုတ်ခဲ့ကြသည်ဟု ဖော်ပြခဲ့သည်။

**အရေးပါသော ခြေလှမ်း**

တရုတ်နိုင်ငံက ဗိုင်းရပ်စ်ကူးစက်မှု ထိန်းချုပ်နိုင်ရေးဆောင်ရွက်ရာတွင် ၎င်း၏ ကနဦးတိုးတက်မှုအခြေအနေများကို ဖော်ပြရာ၌ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ပိတ်ဆို့ဖြတ်တောက်ခြင်းသည် အရေးပါသော ခြေလှမ်းဖြစ်သည်ဟု ဆိုသည်။ ထိုသို့ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရာတွင် ဝူဟန်နှင့်အခြားအရပ်ဒေသများအား သွားလာမှုတားဆီးပိတ်ဆို့ခဲ့ကြောင်း၊ အလားတူပင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီက ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ထိန်းချုပ်ရေးကို ဦးဆောင်မည့်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းကာ ဟူပေသို့ သွားရောက်ကြပ်မတ်စေခဲ့ကြောင်း၊ အထူးသဖြင့် အချက်အချာကျသော အများပြည်သူကျန်းမာရေး အရေးပေါ်စီမံဆောင်ရွက်မှုက တရုတ်နိုင်ငံတစ်လွှားတွင် အသက်ဝင်နိုးကြားစေခဲ့ကြောင်း ဖော်ပြခဲ့သည်။

**ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ စီမံဆောင်ရွက်ပုံအဆင့်ဆင့်ကို နိုင်ငံတော်သတင်းပြန်ကြားရေးကောင်စီရုံး၏ အစီရင်ခံစာ၌ ပထမဦးစွာ ကပ်ရောဂါတိုက်ဖျက်ရေးအတွင်း အများပြည်သူကျန်းမာရေး အရေးပေါ်စီမံဆောင်ရွက်မှုအဖြစ် အလျင်အမြန် အရေးယူဆောင်ရွက်ခြင်း၊ ဒုတိယအဆင့်အဖြစ် ဗိုင်းရပ်စ်ထိန်းချုပ်ရေးကို လက်ဦးမှုရယူဆောင်ရွက်ခြင်း၊ တတိယအဖြစ် ပြည်တွင်းမှ ကူးစက်လူနာအရေအတွက် လျော့ကျရေးကို ဆောင်ရွက်ခြင်း၊ စတုတ္ထအဖြစ် ကူးစက်ရောဂါဖြစ်ပွားရာ ဟူပေပြည်နယ် ဝူဟန်မြို့တွင် ထိရောက်စွာ ရောဂါထိန်းချုပ်နိုင်ရေးကို အလေးထားဆောင်ရွက်ခြင်းနှင့် ပဉ္စမအဖြစ် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းကို သတိဝီရိယမပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထား။**

ပြည်တွင်းရှိ ကူးစက်လူနာအသစ် ဖြစ်ပွားမှုလျော့ကျရေး စီမံဆောင်ရွက်မှုက ဗိုင်းရပ်စ်အလျင်အမြန် ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေးကို သိသိသာသာ တိုးတက်စေခဲ့ကြောင်း၊ အထူးသဖြင့် ဝူဟန်တွင် ဗိုင်းရပ်စ် အလျင်အမြန် ကူးစက်ပျံ့နှံ့မှုကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်နိုင်ခဲ့ခြင်းက ပြည်တွင်းရှိ အခြား မြို့၊ ရွာ၊ ပြည်နယ်များတွင် ရောဂါကူးစက်မှု အခြေအနေကို တည်ငြိမ်စေခဲ့ကြောင်း၊ ကူးစက်လူနာသစ်များ တိုးပွားမှုကိုလည်း လျော့ကျစေခဲ့ကြောင်း ဆိုသည်။ အလားတူပင် ဗဟိုကော်မတီက ကူးစက်ရောဂါထိန်းချုပ်ရေးအပြင် စီးပွားရေးနှင့် လူမှုရေးအခြေအနေတိုးတက်မှုကိုပါ ချိန်ညှိဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ယင်းသည် အများပြည်သူတို့၏ နေ့စဉ်ပုံမှန်ဘဝ အခြေအနေတစ်ရပ်အတိုင်းရှိစေရန်နှင့် ပုံမှန်လုပ်ကိုင်ဆောင်ရွက်မှုများကို အခြေမပျက် ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

**အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့**

ဟူပေပြည်နယ် ဝူဟန်မြို့တွင် ကူးစက်ရောဂါကို လက်ဦးအစ အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့ခြင်းသည် ကပ်ရောဂါကူးစက်ပျံ့နှံ့မှု တိုက်ဖျက်ရေးတိုက်ပွဲတွင် အရေးပါသော ဆောင်ရွက်မှုဖြစ်သည်ဟု ဆိုသည်။ ဝူဟန်တွင် ဗိုင်းရပ်စ်ကူးစက်မှုကို ထိရောက်အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့ခြင်းက နိုင်ငံတစ်လွှားတွင် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ရပ်တန့်ရေးအတွက် အရေးပါသော ဆောင်ရွက်မှုဖြစ်ကြောင်း၊ ဝူဟန်မြို့အား သွားလာမှုကန့်သတ်ထားမှုမှ ယခုအခါ ရုပ်သိမ်းပေးခဲ့ပြီဖြစ်သကဲ့သို့ ဗိုင်းရပ်စ်ကူးစက်ခံရသူ လူနာအားလုံး ဆေးရုံမှနေ၍ အိမ်ပြန်ခွင့်ရရှိခဲ့ပြီဖြစ်ကြောင်း၊ ယင်းသည် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်မှုကို တရုတ်နိုင်ငံက အချိန်မီတိုးတက်အောင် ဆောင်ရွက်နိုင်မှု၏ အကျိုးဆက်ဖြစ်ကြောင်း၊ ထိုသို့သော အကျိုးရလဒ်ထွက်ပေါ်လာစေရန် ကိုဗစ် - ၁၉ အရှိန်အဟုန်ကို ပြောင်းလဲရပ်တန့်သွားစေရန် တုံ့ပြန်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

**ပုံမှန်အတိုင်း ပြန်လည်ရောက်ရှိလာဖွယ်ရှိ**

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ကာကွယ်ထိန်းချုပ်ရေးကို သတိမလပ် ဆက်လက်ဆောင်ရွက်နေဆဲရှိကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကြိုးပမ်းအားထုတ်ခြင်းသည် အများပြည်သူတို့အနေဖြင့် ပုံမှန်လုပ်ငန်းခွင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အားထုတ်ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး စီမံဆောင်ရွက်မှုများက များမကြာမီကာလအတွင်း နိုင်ငံ၏ အခြေအနေအရပ်ရပ်များကို ပုံမှန်အတိုင်း ပြန်လည် ရောက်ရှိလာဖွယ်ရှိကြောင်း ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ နိုင်ငံတော်သတင်းပြန်ကြားရေးကော်မတီရုံးမှ ထုတ်ပြန်သော နိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး စီမံဆောင်ရွက်မှုများနှင့်ပတ်သက်သော အစီရင်ခံစာကို ကြည့်မည်ဆိုလျှင် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်သော စီမံဆောင်ရွက်မှုပြုသည့် အပိုင်းကဏ္ဍလေးခုကို တွေ့မြင်ရမည်ဖြစ်သည်။ ဆိုရလျှင် "တရုတ်နိုင်ငံ၏ ကပ်ရောဂါဆန့်ကျင်တိုက်ဖျက်ရေး စီမံဆောင်ရွက်မှု"၊ "ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတို့တွင် ကောင်းစွာ ချိတ်ဆက်ဆောင်ရွက်မှု"၊ "ဗိုင်းရပ်စ်ကူးစက်မှု အားနည်းဆုတ်ယုတ်သွားစေရန် စုပေါင်းအားဖြင့် တိုက်ထုတ်အနိုင်ယူခြင်း" နှင့် "အားလုံးအတွက် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအဆောက်အအုံဖြစ်ပေါ်လာစေရန် ဆောင်ရွက်ခြင်း" တို့ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

မည်သို့ဆိုစေ တရုတ်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ထိန်းချုပ်ရေး စီမံဆောင်ရွက်မှု အစီရင်ခံစာသည် လက်ရှိ ကမ္ဘာတစ်လွှားတွင် ကြုံတွေ့နေရဆဲရှိသော ကိုဗစ်- ၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးတွင် အကျိုးရလဒ်တစ်စုံတစ်ရာ ရရှိနိုင်မည်ဟု မျှော်လင့်လျက် ရေးသားလိုက်ရပါသည်။

**Ref: Xinhua News**

# ကျောက်တော်မြို့မရဲစခန်းမှ ရဲအရာရှိတစ်ဦးအား အမျိုးသား ခြောက်ဦးက ဓား၊ စကေဘာများဖြင့် ဝိုင်းဝန်းထိုးသတ်

**နေပြည်တော် ဇွန် ၁၄**

ရခိုင်ပြည်နယ် ကျောက်တော် မြို့မရဲစခန်း၌ တာဝန်ထမ်းဆောင်နေသော ရဲအရာရှိတစ်ဦးသည် ရဲစခန်းမှ မြို့သစ်ရပ်ကွက်ရှိ ၎င်း၏နေအိမ်သို့ ပြန်လာစဉ် ယမန်နေ့မွန်းလွဲ ၃ နာရီ မိနစ် ၄၀ ခန့်တွင် နေအိမ်အနီးအရောက်၌ အမျိုးသား ခြောက်ဦးခန့်က ဓားများ၊ စကေဘာများဖြင့် ဝိုင်းဝန်းထိုးနှက်ခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ အဆိုပါရဲအရာရှိသည် ရဲစခန်း၌ တာဝန်မှူးတာဝန်ထမ်းဆောင်နေစဉ် ဇနီးဖြစ်သူက ကလေးနေမကောင်းကြောင်း ဖုန်းဆက်အကြောင်းကြားလာသဖြင့် မြို့သစ်ရပ်ကွက်ရှိ ၎င်း၏နေအိမ်သို့ပြန်လာစဉ် နေအိမ်အနီးအရောက်၌ အမျိုးသား ခြောက်ဦးခန့်က ဓားများ၊ စကေဘာများဖြင့် ဝိုင်းဝန်းထိုးနှက်ခဲ့ကြောင်းနှင့် ၎င်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်တော်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစဉ် ရရှိခဲ့သောဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း။

AA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များသည် အရပ်သားများအသွင်ဆောင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သွားလာလှုပ်ရှားမှုများကို စောင့်ကြည့်ပြီး အလစ်အငိုက် တိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိရာ ဇွန် ၁၁ ရက်တွင် ပုဏ္ဏားကျွန်းမြို့ရှိ နယ်မြေခံတပ်မှ တပ်မတော်အရာရှိတစ်ဦးနှင့် စစ်သည်တစ်ဦးကို ဓား၊ သံတုတ်များဖြင့် ရိုက်ပုတ်ထိုးနှက်ခဲ့သဖြင့် အရာရှိမှာ ဆေးကုသမှုခံယူခဲ့ရပြီး စစ်သည်အား ဖမ်းဆီးခေါ်ဆောင်သွားသည့် ဖြစ်စဉ်အား သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်းနှင့် ယခုအခါ ရဲအရာရှိတစ်ဦးအား အရပ်သားအသွင်ဆောင်၍ ထပ်မံတိုက်ခိုက်လာခြင်းဖြစ်ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**

# MNDAA အဖွဲ့မှ နယ်မြေစည်းရုံးရေးတာဝန်ခံအဆင့်ရှိသူ တစ်ဦးအပါအဝင် အဖွဲ့ဝင် နှစ်ဦး ဥပဒေဘောင်အတွင်း ဝင်ရောက်

**နေပြည်တော် ဇွန် ၁၄**

MNDAA အဖွဲ့မှ နယ်မြေစည်းရုံးရေး တာဝန်ခံအဆင့်ရှိသူ တစ်ဦးအပါအဝင် အဖွဲ့ဝင် နှစ်ဦး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် MNDAA လက်နက်ကိုင်အဖွဲ့မှ နယ်မြေစည်းရုံးရေး တာဝန်ခံအဆင့်ရှိသော ချာကွီးဖျင်နှင့် တပ်သားအဆင့်ရှိ ရန်ဖေးတို့ နှစ်ဦးသည် ဥပဒေဘောင်အတွင်းသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်း ထံသို့ ဝင်ရောက်ခဲ့ကြောင်း။

၎င်းတို့မှာ MNDAA လက်နက်ကိုင်အဖွဲ့၏ အတင်းအဓမ္မ စုဆောင်းခြင်းခံခဲ့ရသူများဖြစ်ပြီး ယခုအခါ အေးအေးဆေးဆေးနေထိုင်လိုသဖြင့် ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ဝင်ရောက်ရခြင်းဖြစ်ကြောင်း သိရပြီး ချာကွီးဖျင်မှ ၎င်းတာဝန်ထမ်းဆောင်စဉ် ကိုင်ဆောင်ခဲ့သော လက်နက်ခဲယမ်းများအား သိုဝှက်ထားခဲ့ကြောင်း ပြောပြသဖြင့် ရှွေယင်စီးကျေးရွာရှိ နေအိမ်သို့သွားရောက်ရှာဖွေရာ နေအိမ်မျက်နှာကြက်ထပ်ခိုးအတွင်း ဆာလာအိတ်ဖြင့် ထုပ်ပိုးထားသည့် M-၁၆ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၁၃ တောင့်၊ အမ်-၂၀ ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ကိုးတောင့်တို့အား သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့နှစ်ဦးအား တာဝန်ရှိသူများက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# မိုးကုတ်မြို့နယ် မိုးကုတ်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ဒေသခံပြည်သူ တစ်ဦးအား TNLA လက်နက်ကိုင်အဖွဲ့က ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် မိုးကုတ်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ဒေသခံပြည်သူတစ်ဦးကို TNLA လက်နက်ကိုင်အဖွဲ့က ယမန်နေ့မွန်းလွဲ ၂ နာရီခွဲခန့်တွင် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း။

ဖြစ်စဉ်မှာ မိုးကုတ်မြို့မရဲစခန်းမှ ရဲတပ်ကြပ်ကြီး အောင်ကျော်ဦးနှင့် ရဲတပ်သား ခိုင်ခန့်အောင်တို့ နှစ်ဦးသည် မိုးကုတ်မြို့နယ် သဒ္ဒတ်ကျေးရွာနေ ယာဉ်မောင်း ဦးအောင်ကျော်မိုး မောင်းနှင်သော HIJET ယာဉ်ဖြင့် လယ်ကြီးရဲကင်းစခန်းသို့ တာဝန်လဲလှယ်ထမ်းဆောင်ရန် အရပ်ဝတ်ဖြင့် ထွက်ခွာလာစဉ် ညောင်ကုန်း(အောက်) ကျေးရွာသို့အရောက်၌ TNLA လက်နက်ကိုင်အဖွဲ့မှ အင်အား ၅၀ ခန့်က ၎င်းတို့သုံးဦးကို ဟိုးဝိတ်ကျေးရွာဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း။

အဆိုပါ ပတ်ဝန်းကျင်တစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက စုံစမ်းစစ်ဆေးခြင်းနှင့် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



မိုင်းနေမြင့်အောင်(ခ)မြင့်အောင်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# AA အကြမ်းဖက်သောင်းကျန်းသူ သုံးဦးအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၄**

ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းများက လုံခြုံရေးအရ ယာဉ်အဝင်/အထွက်များအား စစ်ဆေးဆောင်ရွက်လျက်ရှိစဉ် ဇွန် ၁၀ ရက် ညနေ ၆ နာရီခန့်တွင် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသည့် ရွှေပြည်သစ် ခရီးသည်တင်ယာဉ်ပေါ်မှ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အမာခံတစ်ဦးကို အမ်းမြို့အဝင် စစ်ဆေးရေးဂိတ်၌ ဖမ်းဆီးရမိခဲ့ကြောင်း။

ဖမ်းဆီးရမိသူအား စစ်ဆေးချက်အရ မောင်ဇော်ဌေးဖြစ်ကြောင်း သိရပြီး ၎င်းမှာ ၂၀၁၉ ခုနှစ် ဇွန် ၆ ရက်တွင် AA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ သင်တန်းသို့ တက်ရောက်ခဲ့ပြီး မြေပုံမြို့နယ် ဒဂုံကျေးရွာတွင် နေထိုင်ကာ AA အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အတွက် ရိက္ခာများ ပို့ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ဒါးလက်ရွာဟောင်း အနီးရှိ AA အကြမ်းဖက်သောင်းကျန်းသူ စခန်းသို့ သွားရောက်နေထိုင်ခဲ့ရပြီး နေထိုင်စဉ် ပင်ပန်းဆင်းရဲမှုဒဏ် မခံနိုင်သဖြင့် ထွက်ပြေးလာစဉ် ယခုကဲ့သို့ ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း။

အဆိုပါ ဖမ်းဆီးရမိ AA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ အမာခံ တစ်ဦးအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ မြို့မရဲစခန်းသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း။

အလားတူ ဇွန် ၉ ရက် ညနေ ၆ နာရီခွဲခန့်တွင် တပ်မတော်စစ်ကြောင်းများက လိုအပ်သည့် လုံခြုံရေးနှင့် စစ်ဆေးရေးများ ဆောင်ရွက်လျက်ရှိစဉ် ကျောက်တော်မြို့နယ်ရှိကစ္ဆပနဒီတံတားအနီး၌ AA အကြမ်းဖက် သောင်းကျန်းသူ နှစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း။

ဖြစ်စဉ်မှာ တပ်မတော်စစ်ကြောင်းများက ကစ္ဆပနဒီတံတားအနီး စစ်ဆေးဆောင်ရွက်လျက်ရှိစဉ် ကျောက်တော်မြို့မှ မြောက်ဦးမြို့သို့ ဆိုင်ကယ်မောင်းနှင်လာသော မောင်ဝေယံစိုးနှင့် မောင်လှချေတို့ နှစ်ဦးတို့ကို မသင်္ကာသဖြင့် စစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် ၂၀၁၉ ခုနှစ် ဧပြီလတွင် AA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့ထံသို့ ဝင်ရောက်သင်တန်းတက်ရောက်ခဲ့ကြောင်း၊ သင်တန်းဆင်းပြီးနောက် ပုဏ္ဏားကျွန်းမြို့နယ် သင်ပုန်းတန်းကျေးရွာအနီးတစ်ဝိုက် တောင်ကုန်းတွင်ရှိသော AA အကြမ်းဖက် သောင်းကျန်းသူစခန်း၌ နေထိုင်ခဲ့ပြီး ၎င်းစခန်းမှ ဇွန်လ ပထမပတ်တွင် ထွက်ပြေးခဲ့ကာ ကျောက်တော်မြို့မှတစ်ဆင့် ထွက်ခွာလာစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

**သတင်းစဉ်**

# သီန္နီမြို့နယ်၌ ငွေကျပ်သိန်း ၆၆၀၀ ခန့်တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၈ နာရီခွဲက သီန္နီမြို့နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် မိုင်းနေမြင့်အောင်(ခ) မြင့်အောင်မောင်းနှင်လာသည့် NISSAN CONDOR အမျိုးအစား ခြောက်ဘီးယာဉ်အား ရပ်တန့်ရှာဖွေရာ ယာဉ်အတွင်းမှ ဘိန်းဖြူ ၂၂ ကီလို (ငွေကျပ်သိန်း ၆၆၀၀ ခန့်တန်ဖိုးရှိ) ကို သိမ်းဆည်းရမိခဲ့သဖြင့် မိုင်းနေမြင့်အောင်(ခ)မြင့်အောင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆၇ စီး၊ သွင်းကုန် ၁၆၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၆၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက ဖမ်းဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၆၉၀)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက ဖမ်းဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် နှစ်သန်း) စုစုပေါင်း ဖမ်းဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၂သန်း) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပုသိမ်ကြီးမြို့နယ်၌ လျှပ်စစ်ဒီတိုနေတာများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် (၁၆)မိုင်စစ်ဆေးရေးစခန်း၌ ယမန်နေ့က လျှပ်စစ်ဒီတိုနေတာများ တင်ဆောင်လာသည့် ယာဉ်အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၅ နာရီခွဲက (၁၆)မိုင်စစ်ဆေးရေးစခန်း၌ ယာဉ်စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် ပြင်ဦးလွင်မှ မန္တလေးသို့ ထက်နိုင်ဦး မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ကျော်ကျော်ဌေး၊ မအေးအေးနွယ်နှင့် ဇင်မင်းဦးတို့ လိုက်ပါလာသော မှန်လုံယာဉ်အား ရပ်တန့်ရှာဖွေရာ အလျား ၁၃ ပေခန့်ရှိ လျှပ်စစ်ဒီတိုနေတာ အချောင်း ၂၉၄၀၀၊ အလျား ခြောက်ပေခန့်ရှိ လျှပ်စစ်ဒီတိုနေတာ အချောင်း ၆၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ထက်နိုင်ဦးပါ လေးဦးအား အုန်းချောနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၄-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၄-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၆၇၈)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၆၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ ဓာတ်ခွဲနမူနာ (၃၇၅) ခု

စုစုပေါင်း (၁,၂၁၇)ခု အား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၁၄-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၆၁) ဦးရှိပါသည်။

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
### (၁၄-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၄-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၇၈) ခု |
| (၁၄-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၄) ခု |
| (၁၄-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၅) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၁၆၇) ဦးရှိပါသည်။ ၎င်းတို့အနက် (၁၅၈) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၃-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၄-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၈) ဦး ရှိပါသည်။

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
### (၁၄-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၆၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၆၇) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၄-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၁၃-၆-၂၀၂၀)ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၆၆၄)ခုနှင့် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) (PHL-MLM) မှ စစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၃၆၈)ခု၊ စုစုပေါင်း (၁,၀၃၂) ခုတွင်-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၁၄-၆-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၂၆၁) ဦးရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၁၃-၆-၂၀၂၀)ရက်နေ့တွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်)ဓာတ်ခွဲနမူနာ (၁၂၁၇)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၈၄)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL-Mdy)မှ ဓာတ်ခွဲနမူနာ (၂၇၈)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)(PHL-MLM)မှ ဓာတ်ခွဲနမူနာ (၃၆၈)ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၂,၀၄၇)ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်
### (၁၄-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၁၃-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၆၄) ခု |
| (၁၃-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (PHL-MLM)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၆၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

* ကျောဖုံးမှ

မေ ၁၅ ရက်တွင် ၁၂၀၊ မေ ၁၆ ရက်တွင် ၇၆ ဦး၊ မေ ၁၇ ရက်တွင် ၉၀၊ မေ ၁၉ ရက်တွင် ၆၄ ဦး၊ မေ ၂၂ ရက်တွင် ၃၆ ဦး၊ မေ ၂၃ ရက်တွင် ၆၀၄ ဦး၊ မေ ၂၄ ရက်တွင် ၁၁၁၈ ဦး၊ မေ ၂၅ ရက်တွင် ၁၂၇၇ ဦး၊ မေ ၂၆ ရက်တွင် ၁၃၉၄ ဦး၊ မေ ၂၇ ရက်တွင် ၁၄၃၄ ဦး၊ မေ ၂၈ ရက်တွင် ၁၁၆၈ ဦး၊ မေ ၂၉ ရက်တွင် ၁၂၀၂ ဦး၊ မေ ၃၀ ရက်တွင် ၁၁၅၂ ဦး၊ မေ ၃၁ ရက်တွင် ၁၅၁၁ ဦး၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ဇွန် ၂ ရက်တွင် ၁၅၁၇ ဦး၊ ဇွန် ၃ ရက်တွင် ၁၅၄၇ ဦး၊ ဇွန် ၄ ရက်တွင် ၁၂၀၄ ဦး၊ ဇွန် ၅ ရက်တွင် ၁၁၉၀၊ ဇွန် ၆ ရက်တွင် ၁၇၈၄ ဦး၊ ဇွန် ၇ ရက်တွင် ၁၆၃၅ ဦး၊ ဇွန် ၈ ရက်တွင် ၉၄၆ ဦး၊ ဇွန် ၉ ရက်တွင် ၁၀၉၄ ဦး၊ ဇွန် ၁၀ ရက်တွင် ၉၉၄ ဦး၊ ဇွန် ၁၁ ရက်တွင် ၆၇၀ ၊ ဇွန် ၁၂ ရက်တွင် ၈၂၃ ဦး၊ ဇွန် ၁၃ ရက်တွင် ၇၇၅ ဦး၊ ယနေ့တွင် ၆၀၀ ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၂၇၅၀၂ ဦးထိ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ထိန်လင်းအောင်(ပြန်/ဆက်)

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

# မိုင်းဖြတ်မြို့နယ်ရှိ ကျေးရွာများသို့ အခြေခံစားသောက်ကုန်လေးမျိုး ဆက်လက်ဖြန့်ဝေ



မိုင်းဖြတ် ဇွန် ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ကမ္ဘောဇဘဏ်နှင့် ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီတို့မှ လှူဒါန်းသည့် အခြေခံစားသောက်ကုန်လေးမျိုးကို ဝေးလံခေါင်းပါးဒေသများဖြစ်သည့် နမ့်ယွန်းကျေးရွာအုပ်စုနှင့် နမ့်ပန်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများသို့ ယနေ့ နံနက် ၈ နာရီက ဆက်လက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဖြန့်ဝေပေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကိုနှင့် တာဝန်ရှိသူများက နမ့်ယွန်းကျေးရွာအုပ်စုအတွင်းရှိ နမ့်ယွန်း၊ မက်မွန်ကျယ်၊ နမ့်ဟိုင်း၊ ဝမ်ပုံစခန်း၊ ဖပဲကို၊ ပန်ကြူ စသည့် ကျေးရွာများမှ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများအတွက် ဆန်၊ ဆီ၊ ကုလားပဲ၊ ဆားတို့ကို ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများသည် ဟွေပါကူ(ပေါ်)၊ မဟီကောင်သစ်၊ ရှဲန်ဖုန်း(၁၊၂)၊ မိုင်းဝီး၊ ထောကြူ၊ နမ့်ယန်းလုံ (၁၊ ၂)၊ နမ့်ဝိုးထောင် စသည့်ကျေးရွာများသို့ ဆက်လက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

**ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ**

နေပြည်တော် ဇွန် ၁၄

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃)ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်



## ဆီဆိုင်မြို့၌ နှာခေါင်းစည်းနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်း

**ဆီဆိုင် ဇွန် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပါလောပါကယ် ကျေးရွာအုပ်စု ဆိုက်ခေါင်စံပြကျေးရွာရှိ အသွားအလာကန့်သတ်ထားသော တံတားဦးရပ်ကွက်နှင့် ညောင်ပင်သာရပ်ကွက်တို့ရှိ မိသားစုဝင်များအား ဖြူစင်နှလုံးသားသွေးလှူရှင်အသင်းနှင့် မြို့နယ်ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ယမန်နေ့က နှာခေါင်းစည်းအခု ၁၀၀၀ နှင့် အခြေခံစားသောက်ကုန်များကို သွားရောက်ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

**ဖြန့်ဝေလှူဒါန်း**

အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်းရာတွင် ဖြူစင်နှလုံးသားသွေးလှူရှင်အသင်းမှ အသင်းဝင်များ၊ မြို့နယ်ရင်ခွင်မဲ့ကလေးများလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းမှ အသင်းဝင်များက အသွားအလာကန့်သတ်ထားသော တံတားဦးရပ်ကွက်နှင့် ညောင်ပင်သာရပ်ကွက်အတွင်းရှိ မိသားစုဝင်များအား အခြေခံစားသောက်ကုန်များဖြစ်သည့် ကုလားပဲ ၅၁ ပိဿာ၊ ကြက်ဥအလုံး ၂၀၀၀ ၊ ပဲကြာဆံအထုပ် ၂၀၀၊ ကြက်သွန်နီ ၅၂ ပိဿာ၊ အချိုမှုန့်ကျပ် ၄၀၀ တန်အထုပ် ၂၀၀၊ မုန့်တီခြောက်အထုပ် ၄၀၀၊ ယုန်တံဆိပ်ခေါက်ဆွဲအထုပ် ၂၀၀၊ မာမီးခေါက်ဆွဲအထုပ် ၂၀၀၊ အသားတုပိဿာ ၄၀၊ ပေါင်မုန့်အလုံး ၆၀၀၊ ဆန် ၂၄ ပြည်ဝင် သုံးအိတ်၊ ဆန် ရှစ်ပြည်ဝင် သုံးအိတ်၊ ဆန်တစ်ပြည်ဝင် ၂၆ အိတ်၊ ဆီတစ်ပိဿာဘူး ၁၀ ဘူးနှင့် ၃၅ ကျပ်သားဘူး ၂၃၀၊ ဆားအထုပ် ၂၀၀ တို့ကို သွားရောက်ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့်အဖွဲ့ တာချီလိတ်မြို့ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

**တာချီလိတ် ဇွန် ၁၄**

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်ဥပဒေချုပ် ဦးတင်ဦး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်း၊ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်နှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီဝင်များနှင့် ပရဟိတအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် တာချီလိတ်မြို့ နဂါးနှစ်ကောင် ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**ပေးအပ်လှူဒါန်း**

ထို့မှတစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပုံးထွန်းရှိ မိုင်းဖုန်းဆရာတော်ကြီး၏ ရွှေကျောင်းတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းက တာချီလိတ်မြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းအတွက် ငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းသည်။



ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ၏ ရှမ်းပြည်နယ် (မြောက်ပိုင်း၊ အရှေ့ပိုင်း) လှူဒါန်းမှု ခရီးစဉ်များတွင် လိုက်ပါဆောင်ရွက်ကြသည့် ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကမ္ဘောဇဘဏ်မှ အရာထမ်း၊ အမှုထမ်းများ၊ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီမှ တာဝန်ရှိသူများနှင့် ပရဟိတအဖွဲ့ဝင်များ အားလုံးကို Air KBZမှ ခရီးစဉ်အစအဆုံး အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်း ယင်းကော်မတီမှ သိရသည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International- MAI၊ Air KBZ တို့နှင့်လက်တွဲ၍ ဖေဖော်ဝါရီ ၂၆ ရက်မှစတင်ကာ ယနေ့အချိန်အထိ ငွေကျပ်သိန်းပေါင်း ၄၆၉၂၈ သိန်း လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

**ဥပဒေများကို လိုက်နာရန် အသိပေး ကြေညာချက်**

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် ၁၆-၃-၂၀၂၀ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ရာတွင် Coronavirus Disease 2019(COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်

| | | |
|---|---|---|
| Bank Name | - | Myanmar Economic Bank(H.O),Forex Operation |
| Account No. | - | CF 004880(MMK) |
| | - | EDN 600010(US$) |
| Swift Code | - | MYEBMMMY |
| Account Name | - | National Level Central Committee for Prevention Containment and Treatment of Covid 19 |
| Bank Address | - | Myanmar Economic Bank(H.O), Loan & Supervision Dept., No.(26) Thiri Kyaw Swa Road, Bank Zone, Naypyitaw Myanmar |

(ခ) ကမ္ဘောဇဘဏ်

| | | |
|---|---|---|
| Bank Name | - | KBZ Bank Ltd. |
| Account No. | - | 034 103 034 0232 8301 (MMK) |
| | - | 034 109 034 0232 8301 (US$) |
| Swift Code | - | KBZBMMMY |
| Account Name | - | Coronavirus Disease 2019 (COVID–19)(National Level Central Committee For Preventing and Containing the Virus) |
| Bank Address | - | No.53,6 Story Office Building, Corner of Merchant Road & Bosonpat Street, Pabedan Township, Yangon, Myanmar |
| Branch Address | - | No.1, Bank Ward, Oaktaya Thiri Township, Naypyitaw |

(ဂ) ရောဝတီဘဏ်

| | | |
|---|---|---|
| Account No. | - | 000 110 501 002 5635 (MMK) |
| | - | 000 110 503 000 0425 (US$) |
| Swift Code | - | AYABMMMY |
| Account Name | - | CORONAVIRUS DISEASE 2019 (COVID–19) NATIONAL CENTERS FOR DISEASE CONTROL AND PREVENTION COMMITTEE |
| Bank Address | - | No.416/ Mahabandoola Road, Kyauktada Towship, Yangon, Myanmar |
| Branch Address | - | No.(110–112), Thiri Yadanar Shopping Complex, Datkhina Thiri Township, Naypyitaw |

(ဃ) CB ဘဏ်

| | | |
|---|---|---|
| Account No. | - | 0093 1005 0000 1333 (MMK) |
| | - | 0093 1012 0000 2957 (US$) |
| Swift Code | - | CPOBMMMY |
| Account Name | - | CORONAVIRUS DISEASE 2019 (COVID–19) DONATION |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်ရန် -

| စဉ် | အမည် | ရာထူး/ဌာန | ဖုန်းနံပါတ် |
|---|---|---|---|
| (က) | ဒေါ်ခင်လေးညို | ညွှန်ကြားရေးမှူး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၀၆၇၃-၄၁၁၁၄၀<br>၀၉-၄၂၈၃၀၃၈၅၃ |
| (ခ) | ဒေါက်တာအေးမြမြကျော် | ဒုတိယညွှန်ကြားရေးမှူး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၀၉-၅၀၉၂၂၉၃ |

**Coronavirus Disease 2019(COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၄၉၇၂၉ | ၂၆၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၆၇ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၄၈၆

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၅၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

✤ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၀၁ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ပဲခူး | ၈ | ၁ |
| ၅ | ရခိုင် | ၇ | |
| ၆ | ရှမ်း(တောင်) | ၄ | |
| ၇ | မန္တလေး | ၃ | |
| ၈ | ရှမ်း(ရှေ့) | ၃ | |
| ၉ | ရှမ်း(မြောက်) | ၃ | |
| ၁၀ | မကွေး | ၃ | |
| ၁၁ | နေပြည်တော် | ၂ | |
| ၁၂ | ကရင် | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၂ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| စုစုပေါင်း | | ၂၆၁ | ၆ |

✤ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၄-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၂၁၄၃၁၇၇ | ၈၅၄၁၀၆ | ၁၁၇၅၃၈ |
| ဘရာဇီး | ၈၅၁၃၂၁ | ၄၃၇၅၁၂ | ၄၂၈၀၂ |
| ရုရှား | ၅၂၈၉၆၄ | ၂၈၀၀၅၀ | ၆၉၄၈ |
| အိန္ဒိယ | ၃၂၂၇၇၇ | ၁၆၃၀၁၉ | ၉၂၀၆ |
| ဗြိတိန် | ၂၉၄၃၇၅ | စိစစ်ဆဲ | ၄၁၆၆၂ |
| စပိန် | ၂၉၀၆၈၅ | စိစစ်ဆဲ | ၂၇၁၃၆ |
| အီတလီ | ၂၃၆၆၅၁ | ၁၇၄၈၆၅ | ၃၄၃၀၁ |
| ပီရူး | ၂၂၅၁၃၂ | ၁၁၁၇၂၄ | ၆၄၉၈ |
| အီရန် | ၁၈၇၄၂၇ | ၁၄၈၆၇၄ | ၈၈၃၇ |
| ဂျာမနီ | ၁၈၇၄၂၃ | ၁၇၂၂၀၀ | ၈၈၆၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၄၀၆၀၄ | ၂၈၈၀၈ | ၂၆ |
| အင်ဒိုနီးရှား | ၃၈၂၇၇ | ၁၄၅၃၁ | ၂၁၃၄ |
| ဖိလစ်ပိုင် | ၂၅၉၃၀ | ၅၉၅၄ | ၁၀၈၈ |
| မလေးရှား | ၈၄၅၃ | ၇၃၄၆ | ၁၂၁ |
| ထိုင်း | ၃၁၃၅ | ၂၉၈၇ | ၅၈ |
| ဗီယက်နမ် | ၃၃၄ | ၃၂၃ | ၀ |
| မြန်မာ | ၂၆၁ | ၁၆၇ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၈ | ၁၂၅ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

## ပခုက္ကူမြို့၌ စေတနာ့ဝန်ထမ်းများအား ကျန်းမာရေးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်



ပခုက္ကူ ဇွန် ၁၄

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ဆောင်ရွက်နေကြသူများအား ကျန်းမာရေးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၈ နာရီက ပခုက္ကူမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီရုံး၌ ကျင်းပသည်။

ဆွေသဟာလူမှုဖွံ့ဖြိုးရေးအဖွဲ့နှင့် အနာဂတ်အလင်းရောင်လူငယ်ဖွံ့ဖြိုးရေးအသင်းတို့က ထောက်ပံ့သည့် နှာခေါင်းစည်းများ၊ လက်ဆေးဆပ်ပြာရည်ဘူး၊ အရက်ပြန်၊ ကာဘော်လစ်ဆပ်ပြာ၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ၊ ဆေးဖျန်းပုံး၊ အမှိုက်ပုံးများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို၊ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် အထောက်အကူပြုကော်မတီဥက္ကဋ္ဌတို့က စေတနာ့ဝန်ထမ်းများအား အသီးသီး ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)


## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စာသင်ကျောင်းများ၌ ပိုးသတ်ဆေးဖျန်း

ဂန့်ဂေါ ဇွန် ၁၄

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ရှိ စာသင်ကျောင်းများ၌ ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့နံနက် ၉ နာရီက ဂန့်ဂေါခရိုင် မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြသည်။

**ပိုးသတ်ဆေးဖျန်း**

အဆိုပါလုပ်ငန်းကို ခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းထက်အောင် ကြီးကြပ်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲရင့်ကျော်နှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဂန့်ဂေါမြို့ စည်ပင်သာယာ အလယ်တန်းကျောင်းခွဲနှင့် ပိုဦးကျေးရွာ အထက်တန်းကျောင်းခွဲတို့၌ စာသင်ခန်းများ၊ ရုံးခန်းများ၊ ကလေးကစားကွင်းများ၊ အိမ်သာများ နှင့် လူသွားလူလာများသော နေရာများကို ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)



## ကန့်ကြီးထောင့်၌ ပိုးသတ်ဆေးဖျန်းခြင်းနှင့် သန့်ရှင်းရေးများ ဆောင်ရွက်

ကန့်ကြီးထောင့် ဇွန် ၁၄

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန်ပြည်သူများအား ကန့်သတ်စောင့်ကြည့်နေရာအဖြစ် အသုံးပြုခဲ့သော ကန့်ကြီးထောင့်အထက၌ ပိုးသတ်ဆေးဖျန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ယနေ့ မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့် ဦးဆောင်သော မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ကန့်သတ်စောင့်ကြည့်နေရာအဖြစ် အသုံးပြုခဲ့သည့် ကျောင်းဝင်းအတွင်းရှိ စာသင်ခန်းများ၊ စားပွဲခုံများ၊ အိမ်သာများ၊ ခုတင်များအား ပိုးသတ်ဆေးဖျန်းခြင်း၊ စာသင်ဆောင်များအား ရေဆေးကြောခြင်း၊ စာသင်ဆောင်ဘေးပတ်လည် သန့်ရှင်းရေးပြုလုပ်ခြင်းများနှင့် စာသင်ခန်းများအတွင်းသို့ ထိုင်ခုံများ၊ စာသင်ခုံများ စနစ်တကျ ပြန်လည်ထားရှိပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇွန် ၁၄**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာမြန်မာသံရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

**ပြန်လည်ခေါ်ဆောင်**

ယနေ့တွင်လည်း ကာတာနိုင်ငံ၊ အီတလီနိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ အီရန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့၌ အခက်အခဲဖြစ်နေကြသည့် မြန်မာနိုင်ငံသား စုစုပေါင်း ၇၄ ဦးတို့အား ဒိုဟာအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် Myanmar Airways International(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ သို့ပါ၍ ယနေ့အချိန်ထိ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားဦးရေ စုစုပေါင်း ၃၇၆၄ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။

**တာဝန်ယူဆောင်ရွက်**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**



# စေတုတ္တရာမြို့နယ်ရှိ အသွားအလာကန့်သတ်ထိန်းချုပ်ထားရှိခဲ့သည့် စာသင်ကျောင်းများအား ပိုးသတ်ဆေးဖျန်းခြင်းဆောင်ရွက်



**စေတုတ္တရာ ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် ကာကွယ်ရေးပစ္စည်းစက်ရုံ အမှတ်(၂၀)တို့ ပူးပေါင်း၍ မြို့နယ်အတွင်း အသွားအလာကန့်သတ်ထိန်းချုပ် ထားရှိခဲ့သည့် စာသင်ကျောင်းများအား ယမန်နေ့နံနက် ၉ နာရီက ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ရာတွင် မြို့ပေါ် အမှတ်(၁) ရပ်ကွက်ရှိ အလက(ခွဲ)ကျောင်း၊ ပိတောက်မြိုင်ရပ်ကွက်ရှိ အမက ကျောင်း၊ ကြီးဝကျေးရွာရှိ အထက ကျောင်းတို့ကို ပြန်လည်ဖွင့်လှစ်ရာတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အန္တရာယ်ကင်းစွာ သင်ကြားနိုင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုမရှိစေရေးအတွက် ကျောင်းဆောင်များ၊ တံခါးလက်ကိုင်များ၊ စာသင်ခန်းများနှင့် ကျောင်းဝင်း အတွင်း အသွားအလာ ကန့်သတ်ထားသည့် နေရာများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအနေဖြင့် မြို့နယ်အတွင်းရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးအဖြစ် ထားရှိခဲ့သည့် ပိုးသတ်ဆေးဖျန်းရန် ကျန်ရှိနေသေးသော စာသင်ကျောင်းများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး လုံခြုံစိတ်ချရသည်အထိ သန့်ရှင်းရေးများပြုလုပ်ခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင်ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကို သိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည်ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း (သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။ စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟုခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သောနည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်း စသည့် နောက်ဆက်တွဲဆိုးကျိုးများ ခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ခွန်အားမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာဌာန)**

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID-19 ကာလမှာ မိမိတစ်ဦးတည်းသာမက လူတိုင်းစိတ်ဖိစီးမှုများ ခံစားနေကြရတယ်ဆိုတဲ့အချက်ကို သတိပြုမိရင် အခြားသူတွေအပေါ်မှာလည်း ကိုယ်ချင်းစာစိတ် ပိုမိုဖြစ်ပေါ်လာစေပါသည်။

ကိုယ်ချင်းစာစိတ်ဟာ လူတစ်ဦးနှင့်တစ်ဦးကြား၊ အမုန်းတရားပွားများမှုကို လျော့နည်းစေပါတယ်။ ပြဿနာရပ်များကို ကြိုးစားလက်ခံဖြေရှင်းနိုင်စွမ်းလည်း မြင့်မားစေပါသည်။

ဒီလိုနည်းနဲ့ စိတ်ဖိစီးမှုများကို လျှော့ချနိုင်ကာ ခံနိုင်ရည်ရပြီး တစ်ဦးချင်းစီက COVID-19 ကာလ၏ဒုက္ခများကို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့အဆင့်သို့ ရောက်ရှိအောင် ကြိုးစားသင့်ကြောင်း အသိပေးတိုက်တွန်းလိုပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**



# ကြံခင်းမြို့နယ် ဘက်ရဲတိုက်နယ်ဆေးရုံသို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

**ကြံခင်း ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲတိုက်နယ်ဆေးရုံသို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ဘက်ရဲတိုက်နယ်ဆေးရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ပေးအပ်လှူဒါန်း**

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများဖြစ်သော တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံ ငါးစုံ၊ ခွဲစိတ်ခန်းသုံးဝတ်စုံ ငါးစုံ၊ နှာခေါင်းစည်း အခု ၃၀၀၊ လက်အိတ် ၁၀၀ ပါ နှစ်ဘူး၊ လက်သန့်ဆေးရည် သုံးဘူး၊ လက်ဆေးဆပ်ပြာရည် နှစ်ဘူး၊ အရက်ပြန်ဘူး ၃၀၊ အပူချိန်တိုင်းကိရိယာ နှစ်ခုတို့ကို အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မျိုးလင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်အလုပ်အမှုဆောင်အဖွဲ့နှင့် လူငယ်လုပ်ငန်းအဖွဲ့ဝင်များက ကိုယ်စားပေးအပ်လှူဒါန်းရာ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကို၊ ဘက်ရဲတိုက်နယ်ဆေးရုံမှ ဒေါက်တာအောင်မျိုးမြတ်နှင့် ဘက်ရဲ ကျန်းမာရေး အထောက်အကူပြုကော်မတီဝင်များက လက်ခံခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လွမ်းစရာ... မြန်မာသံ မြန်မာစကား

ဆူးငှက်

စာပေဟောပြောပွဲများတွင် အခမ်းအနားမှူးကလည်း အရေးပါသည်။ စာပေဟောပြောပွဲဟု ဆိုသော်ငြား စာကြည့်တိုက်ကဲ့သို့ စာပေဝါသနာရှင်များ စုစည်းကျင်းပသောပွဲဆိုလျှင် အခမ်းအနားမှူးကလည်း စာပေနှင့် နီးစပ်သူမို့ ပြဿနာသိပ်မရှိလှ၊ အဆင်ပြေချောမွေ့နိုင်သည်။ ဤသို့မဟုတ်ဘဲ အာဏာပိုင်အဖွဲ့အစည်းကဖြစ်စေ၊ အခြားအဖွဲ့အစည်းကဖြစ်စေ၊ ယုတ်စွအဆုံး စာသင်ကျောင်းများကဖြစ်စေ ကျင်းပသော ဟောပြောပွဲများမှ အခမ်းအနားမှူး အချို့သည် တာဝန်အရဆောင်ရွက်ကြရသည့်သဘောမို့ စာနှင့်ပေနှင့်ဝေးသူများလည်း ပါလာတတ်သည့်အခါ ချွတ်ချော်တိမ်းပါးမှုများ ရှိလာတတ်သည်။ ဒီနေရာတွင် အခမ်းအနားမှူးအဖြစ် တာဝန်ယူသည်ဆိုမှတော့ သည်တာဝန်နှင့်သင့်တင့်သည့် အရည်အချင်းရှိသူပင်မဟုတ်ပါလား။ စာနှင့်ပေနှင့်ဝေးသူဟု ပြောစရာလိုပါသလားဟု စောဒကတတက်နိုင်ပါသည်။ ဟုတ်ပါသည်။ အနည်းဆုံး ၁၀ တန်းအောင် (သို့မဟုတ်) ဘွဲ့ရတွေဖြစ်မှာပေါ့။ အခုတော့ အဆိုပါ ၁၀ တန်းအောင် (သို့မဟုတ်) ဘွဲ့ရများသည်ပင်လျှင် စာနှင့်ပေနှင့်ဝေးသူတွေတော်တော်များများ တွေ့လာရခြင်းမှာ စိတ်မကောင်းဖွယ်ဖြစ်သည်။

### အဂါရဝဖြစ်မည်ကို စိုးရိမ်သောကြောင့်

ဆရာ့ ဆရာကြီးများ၏ ဟောပြောပွဲအတွေ့အကြုံများ နာကြားရ၊ ဖတ်ရှုရသောအခါ ဒေါ်မြသန်းတင့်၊ ဒေါ်တင်မိုး၊ ဒေါ်ကြည်အောင်ဟူ၍ ဆရာ မြသန်းတင့်၊ ဆရာ တင်မိုး၊ ဆရာကြည်အောင်တို့၏ကလောင်ကို မှားယွင်းဖတ်ရှုသည့် အဖြစ်မျိုး ကြုံကြရသည်ကိုလည်း သိရှိရသည်။ အထူးသဖြင့် မြန်မာလူမျိုးများအဖို့ အဂါရဝဖြစ်မည်ကို စိုးရိမ်သောကြောင့် မလိုအပ်ဘဲ ဦးတွေ၊ ဒေါ်တွေတပ်ခေါ်လိုက်တော့ ကသိကအောက်ဖြစ်ကြရသည်။ တကယ်တော့ အနုပညာနာမည် (သို့မဟုတ်) ကလောင်နာမည်သည် ဦးတွေ၊ ဒေါ်တွေတပ်စရာမလို။ မူလကလောင်နာမည်အတိုင်း လိုအပ်လျှင် ရှေ့က ဆရာ၊ ဆရာမဟု တပ်လျှင်ပင်ပြည့်စုံပါပြီ။ ဥပမာဆိုပါတော့ ဆရာ မြသန်းတင့်၊ ဆရာ တင်မိုး၊ ဆရာ ကြည်အောင် စသည်ဖြင့်ပေါ့။ မူလကလောင်နာမည်မှာကိုက ဦးတွေ၊ ဒေါ်တွေ၊ မောင်တွေ၊ ကိုတွေ၊ မတွေပါလျှင်လည်း ပါသည့်အတိုင်းပဲ ရှေ့က ဆရာ၊ ဆရာမ တပ်လျှင် ပြီးပါပြီ။ ဥပမာဆိုပါတော့ ဆရာ ဦးတင်ဦး(ကျူရှင်)၊ ဆရာမကြီး လူထုဒေါ်အမာ၊ ဆရာ မောင်သာနိုး၊ ဆရာကိုရွှေသိမ်းမင်း၊ ဆရာမ မသီတာ (စမ်းချောင်း) စသည်ဖြင့်ပေါ့။ အသက် ၈၀ ကျော်အရွယ် ဆရာကြီးမို့ ဆရာ မောင်သာနိုးကို ဆရာ ဦးသာနိုးဟု ကြေညာစရာမလို။ ထို့အတူ အသက် ၆၀ ကျော်အရွယ် ဆရာမမို့ ဆရာမ ဒေါ်မဝင့်(မြစ်ငယ်)ဟု ကြေညာစရာမလို။ ထို့အတူ ကလောင်နာမည်မှာလည်း အမျိုးသားလား၊ အမျိုးသမီးလားဆိုတာ ခွဲခြားသိထားဖို့မလို။

### ကလောင်နာမည်တွင် မလိုအပ်ဘဲ

ဤသို့ဖြင့် စာနှင့်ပေနှင့်လည်းဝေး၊ ကြိုတင်မေးမြန်းထားခြင်းလည်းမရှိကြသောကြောင့် အခမ်းအနားမှူးတွေက ဒေါ်မြသန်းတင့်ဆိုတာတွေ ရက်ဖွယ်လိလိဖြစ်ခဲ့ဖူးသည်။ နောက်ရှိသေးသည် အချို့သောအခမ်းအနားမှူးတွေက သိသယောင်၊ တတ်သယောင်ဖြင့် သူတို့ထံကြိုတင်ပေးထားသော စာရေးဆရာ၏ အတ္ထုပ္ပတ္တိအကျဉ်း (သို့မဟုတ်) သူတို့အကြမ်းဖျင်းသိထားသည့် စာရေးဆရာ၏ အချက်အလက်အနည်းအကျဉ်းကို အကြမ်းဖျင်းဖတ်ထား၊ သိထားရုံမျှဖြင့် ကလောင်နာမည်တွင် မလိုအပ်ဘဲ ဖြည့်စွက်ကြေညာတာမျိုးလည်း သိရသည်။ ဥပမာဆိုပါတော့ ဆရာမ ဝင်းဝင်းမြင့်(နန်းတော်ရှေ့)ဟု ဟောပြောမည့် ဆရာမတစ်ဦးပါသည်နှင့် ကျန်သူတွေကိုလည်း ဆရာ ဆူးငှက်(လူထု)၊ ဆရာ ပိုင်စိုးဝေ(ယဉ်ကျေးမှု)ဟု ပိုစတာတွေမှာလည်းရေးသား၊ အခမ်းအနားမှာလည်း ကြေညာခြင်းများလည်း ရှိတတ်သည်။

အချို့အခမ်းအနားမှူးတွေကတော့ စာရေးဆရာ၏ ကိုယ်ရေးသမိုင်းအကျဉ်းထဲမှ အချက်အလက်တွေကို သေချာဖတ်ရှု ဆင်ခြင်ခြင်းမပြုဘဲ ထုတ်ဝေပြီးသော စာအုပ်များဟူ၍ . . . ဝတ္ထုတိုစု၊ . . . ဆောင်းပါးစု၊ . . .ရသ၊ အက်ဆေးစု စသည်ဖြင့်ပါရှိသည်ကို သူထင်မြင်သကဲ့သို့ ''၂၀၀၀ ခုနှစ်မှာ ဇာတ်လမ်း ဝတ္ထုတိုဆု၊ ၂၀၀၁ ခုနှစ်မှာ မန္တလေးမျဉ်းဖြောင့်များ ဆောင်းပါးဆုနှင့် ၂၀၀၃ ခုနှစ်မှာ မန္တလေး ကွန်ဆတ်တို ရသအက်ဆေးဆုများကိုလည်း ဆွတ်ခူးရရှိခဲ့ပါတယ်''လို့ ထင်ရာမြင်ရာကြေညာတာမျိုးတွေလည်း ကြုံရတတ်ပါတယ်။ သွားပါလေရော။ အချို့သော အခမ်းအနားမှူးများသည် အသံအားကောင်းသော်လည်း မိန်းကလေးတန်မဲ့ အသံမာတာမျိုးလည်း ရှိ၏။





ဟောပြောပွဲနှင့် ပရိသတ်

ပိုဆိုးတာက ပုံစံကျလေ့ကျင့်ထားသောအသံများဖြင့် ကြေညာသောအခါ မိန်းကလေးတန်မဲ့ မာထန်မှုတွေ ဖြစ်နေတတ်သည်။ ဥပမာဆိုပါတော့ အခမ်းအနားအစီအစဉ် စတင်ဖွင့်လှစ်ကြောင်းကြေညာအပ်ပါတယ်ရှင့်ဟူသည်တွင် မလိုအပ်ဘဲ ကြေညာအပ်ပါတယ်ရှင့် စကားရပ်ကို သံကုန်အော်ဟစ်သည်မျိုးဖြစ်သည်။

### အတော်များများ မြန်မာမဆန်၊ မြန်မာမပီသ

ယနေ့ ရုပ်သံလွှင့်ဌာနကြီးများ၊ အက်ဖ်အမ်ရေဒီယိုလိုင်းများတွင် ကျွမ်းကျင်ဝန်ထမ်းများအဖြစ် အသံလွှင့်ကြေညာနေကြသည့် အများစုက မြန်မာစကားကို မှန်မှန်ကန်ကန် ပြောဆိုနိုင်မှု အလွန်နည်းပါးနေသဖြင့် နေ့စဉ် မနက်မိုးလင်းမှ မိုးချုပ် နားမချမ်းသာဖွယ် ကြားသိနေရသည်။ ကြေညာသည့် အမျိုးသမီး၊ အမျိုးသားတိုင်းလိုလို (တ)နှင့် (သ)မကွဲ၊ စကားလုံးအဖြတ်အတောက်မမှန်၊ အသံအဖိအဖော့တွေကလည်းမှား၊ ပိုဆိုးတာက တစ်ပြည်လုံးအတိုင်းအတာဖြင့် ထုတ်လွှင့်ရပေမယ့် ဒေသိယစကား၊ ခေတ်ပေါ်ဗန်းစကားတွေကို တွင်တွင်ပြောခြင်းဖြစ်သည်။ ရုပ်သံလွှင့်ဌာနတွေက အစီအစဉ်ကြေညာသူတွေက မဆိုးလှ။ သို့သော် ကြေညာသူအသီးသီး၏ အပြောအဆို၊ အသုံးအနှုန်း လေယူလေသိမ်းတွေက အတော်များများမြန်မာမဆန်၊ မြန်မာမပီသ။ မြန်မာစကားကိုရွတ်ဆိုအသံထွက်ရာ၌ ဗျဉ္ဇနဗုဒ္ဓိဆယ်ပါး (ဝါ) သဒ္ဒါဆယ်ပါးနှင့်အညီ ဖတ်ရ ရွတ်ရသည်။ ဒီဃ (ရှည်ရှည်ဆွဲ၍ရွတ်ရသောအသံ)၊ ရဿ (တိုတို ဖြတ်၍ရွတ်ရသောအသံ)၊ ဂရု (လေးလေးရွတ်ရသော အသံ)၊ လဟု (ပေါ့ပေါ့ရွတ်ရသောအသံ)၊ ဓနိတ (တင်းတင်းရွတ်ရသောအသံ)၊ သိထိလ (လျော့လျော့ရွတ်ရသောအသံ)၊ သမ္ဗန္ဓ (ပုဒ်စပ်၍ရွတ်ရသောအသံ)၊ ဝဝတ္ထိတ (ပုဒ်ဖြတ်၍ ရွတ်ရသောအသံ)၊ ဝိမုတ္တ (ဖွင့်၍ ရွတ်ရသောအသံ)၊ နိဂ္ဂဟိတ (ပိတ်၍ရွတ်ရသောအသံ) ဟူ၍ ဆယ်မျိုးဖြစ်သည်။

### ယောက်ျားပီသမှု အားနည်း

အခု နိုင်ငံတစ်ဝန်းလုံးသာမက နယ်နိမိတ်ကျော်၍ပင် ထုတ်လွှင့်နေကြသော အသံလွှင့်မီဒီယာတွေက အစီအစဉ် ထုတ်လွှင့်ကြေညာနေသူများ၏ မြန်မာစကား မပီသမှုများကား အလွန်ရှက်စရာကောင်းလှသည်။ ပွင့်ပွင့်လင်းလင်း ပြောရလျှင် ကြေညာသည့် မိန်းမပျိုအားလုံးနီးပါးက မြန်မာသံကို လုံးဝမပီ။ (တ) နှင့် (သ)မပီသမှုကတော့ ပြောစရာပင်မလိုလောက်အောင် အားလုံး တညီတညာ တည်းဖြစ်ကုန်ကြ၏။ ''အတွက်''ဟူသော ဖောချင်းသော ချင်းသုံးရသည့် မြန်မာစကားမှာ ''အတွယ်''ဟူးချည်း ဖြစ်နေသည်ကလည်း ပြောစရာမလိုလောက်အောင် တညီတညာတည်းဖြစ်နေသည်။ အသံလွှင့်မီဒီယာတွေက ယောက်ျားလေးများ၏ အသံထွက်တွေကလည်း ယောကျ်ားပီသမှု အားနည်းလှသည်။ မလိုအပ်ဘဲ အပျော့ဆွဲဖြင့် ချွဲတာနွဲ့တာတွေ များနေသည်။ ပုဂ္ဂလိက ရုပ်သံလွှင့်ဌာနကြီးတစ်ခုမှာတော့ အထူးသဖြင့် ဆက်တိုက်ကျင်းပနေသော ခေတ်ပေါ်ဂီတစင်မြင့် ဖျော်ဖြေပွဲများအတွက် ဆက်တိုက်ထုတ်လွှင့်နေသည့် ကြေညာအစီအစဉ်တွင် ကြေညာသူက မြန်မာအဆိုတော်များ၏ မြန်မာနာမည်များကိုပင် စွတ်အတင်း မပီအောင်လုပ်၍ ကြေညာနေသည်ကလည်း အထိန်းအကွပ်မရှိ ဆိုးရွားလှသည်။

### အသံထွက်လည်း မှန်၊ အဖြတ်အတောက်လည်း မှန်ဖို့

စကားမစပ် လွန်ခဲ့သောနှစ်ပေါင်း ၂၀ နီးပါးက ပြည်တွင်းမှ ရုပ်သံမီဒီယာတစ်ခု ထုတ်လွှင့်ချိန် ကျွန်တော့်အိမ်သို့ အလည်အပတ်ရောက်ရှိနေသော BBS လိုကယ်တဲလင့် အဆိုတော်တစ်ဦးလည်းဖြစ်၊ မြန်မာ့အသံရေဒီယို အစီအစဉ် ကြေညာသူတစ်ဦးလည်း ဖြစ်ခဲ့ဖူးသူ အမျိုးသမီး အဆိုတော်ကြီးတစ်ဦးက အစီအစဉ် ကြေညာနေသည့် ဖန်သားပြင်ကို ခါးထောက်၍ တအံ့တသြကြည့်ရင်း ''အမယ်လေး... ငါတို့တုန်းကဖြင့် ပညာရှင်တွေက အထပ်ထပ်စိစစ်ပြီး အသံထွက်မှန်မှ ခန့်ထားတာပါတော်၊ အသံလုံးလည်းကောင်း၊ အသံထွက်လည်းမှန်၊ အဖြတ်အတောက်လည်းမှန်ဖို့ စိစစ်လိုက်ကြတာ၊ အခုတော့.....''ဟု မချိတင်ကဲပြောသည့် အသံကို ကြားယောင်မိသည်။ ယခု အက်ဖ်အမ်ရေဒီယိုတွေက အသံထွက်တွေကိုများ ထိုစဉ်က နယ်မြို့လေးတစ်မြို့တွင် အင်္ဂလိပ်စာသင်တန်းဖွင့်ရင်း ရိပ်ကြီးခိုနေသည့်အဆိုတော် မမကြီး ကြားသိပါက မည်သို့ပြောမည်ဆိုသည်ကို သိချင်ပါသေးသည်။

စကားကြွယ်ကြွယ် အသံထွက်မှန်မှန် လျှာကိုက်နာနာ စာပေါင်းပွဲ့ပွဲ့နှင့် ပီသကြည်မြသော မြန်မာသံ မြန်မာစကားများနှင့် မြန်မာ့အသံကို လွမ်းဆွတ်လှပါဘိ။ ။

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် နည်းပညာပြန့်ပွားရေးစင်တာများနှင့် မျိုးစေ့သန့်စင်စက်များအား ကွင်းဆင်းကြည့်ရှု

**မုံရွာ ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး နှင့်အတူ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ ဇွန် ၁၃ ရက် နံနက်ပိုင်းက အရာတော်နှင့် ဝက်လက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန၏ နည်းပညာ ပြန့်ပွားရေးစင်တာများနှင့် ရွှေဘိုမြို့နယ် မျိုးစေ့သန့်စင်စက်တို့အား ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

အရာတော်မြို့နယ် ဝါးတန်းနည်းပညာပြန့်ပွားရေး စင်တာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ တောင်သူ ပညာပေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေး ခဲ့ပြီး အဆိုပါဝါးတန်းနည်းပညာပြန့်ပွားရေးစင်တာအတွင်း တွင် အိမ်တွင်းဥယျာဉ်အဖြစ်စိုက်ပျိုးထားသော သီးပင် စားပင်မျိုးစုံတို့အား ကြည့်ရှုအားပေး၍ အပူပိုင်းဒေသ အတွင်း ပေါက်ရောက်ရှင်သန်လျက်ရှိသော ထန်း၊ တမာ၊ စသည့် ကြီးမြန်လေကာပင်များလည်း စိုက်ပျိုးထားရှိရန် မှာကြားခဲ့သည်။

အလားတူ ဝက်လက်မြို့နယ် လှတောကျေးရွာနှင့် စိုင်နိုင်ကြီးကျေးရွာ နည်းပညာပေးစင်တာများနှင့် စိုင်နိုင် ကြီးကျေးရွာ မျိုးစေ့သိုလှောင်ရုံ တည်ဆောက်ပြီးစီးမှု၊ ရွှေဘိုမြို့နယ် တဂဏန်းကျေးရွာ မျိုးစေ့သန့်စင်စက်လက် တွေ့အသုံးပြုနေမှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**





## ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို မယ်စဲ့မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မယ်စဲ့ ဇွန် ၁၄**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် မြို့နယ်တည်ဆောက်ရေးနှင့် အရည်အသွေးစစ်ဆေးရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုး ထွန်းနှင့် ကော်မတီဝင်များနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပြည်နယ်ရန်ပုံငွေနှင့် အထွေထွေပိုလျှံရန်ပုံငွေများဖြင့် ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

**အချိန်မီပြုပြင်ဆောင်ရွက်**

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်ရန်ပုံငွေဖြင့် ငွေနှင်းတောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် မြောက်ပိုင်းရပ်ကွက် မြို့ကွက်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်း၊ ဘုန်းပြည့်မင်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက် နေသည့် မြောက်ပိုင်းရပ်ကွက် မြို့ပတ်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းနှင့် အထွေထွေပိုလျှံရန်ပုံငွေဖြင့် ကယား ငွေနှင်းကြယ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက် နေသည့် မန်းဘခိုင်လမ်း ကျောက်စီရေနုတ်မြောင်း ပလက်ဖောင်း တည်ဆောက်ခြင်း လုပ်ငန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေး ခဲ့ပြီး လိုအပ်ချက်များကို အချိန်မီပြုပြင်ဆောင်ရွက်သွား ရန်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စံကွက်ရိုက်သိမ်းခြင်းနှင့် စပါးစိုက်ပျိုးရန် ထယ်ထိုး၊ ထွန်မွှေ၊ မြေမြှုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကြည့်ရှု

**ဇလွန် ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းနှင့် တာဝန်ရှိသူများသည် ဇလွန်မြို့နယ် ဖက်သောင်ကျေးရွာအုပ်စုတွင် သစ်စိမ်း မြေဩဇာ (ပိုက်ဆံလျှော်) စံကွက်ရိုက်သိမ်း ခြင်းနှင့် စပါးစိုက်ဧက ၁၃ ဧက ထယ်ထိုး၊ ထွန်မွှေ၊ မြေမြှုပ်ခြင်းလုပ်ငန်းများဆောင် ရွက်နေမှုကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ကြည့်ရှုခဲ့ကြသည်။

တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူ များသည် ဖက်သောင်ကျေးရွာအုပ်စုတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စိုက်ပျိုး ထားသည့်တောင်သူများနှင့် တွေ့ဆုံခဲ့ပြီး အကျိုးတော်ဆောင်တောင်သူ ဦးတင်နိုင် ထွန်း၏ စံပြကွက်တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထယ်ထိုး၊ ထွန်မွှေ၊ မြေမြှုပ် ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ကြသည်။

ဇလွန်မြို့နယ်အတွင်း ပိုက်ဆံလျှော်စိုက် ပျိုး၍ သစ်စိမ်းမြေဩဇာအဖြစ် ပြန်လည် အသုံးပြုကာ စပါးစိုက်ပျိုးခြင်းကို ၂၀၁၉ ခုနှစ် မိုးစပါးစိုက်ပျိုးချိန်မှ စတင်ကာ လယ်မြေဧက ၃၀ ကို စမ်းသပ်စိုက်ပျိုးခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ၃၉၆ ဧကအထိ တိုးချဲ့ စိုက်ပျိုးခဲ့ကြောင်း၊ တောင်သူများ ဓာတု ဓာတ်မြေဩဇာများကို နှစ်အတော်ကြာ အသုံးပြုလာသည့်အတွက် လယ်မြေများ ပျက်စီးလာကာ ပိုက်ဆံလျှော်စိုက်ပျိုးပြီး သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင် စေရန် ရည်ရွယ်၍ တောင်သူပညာပေး လုပ်ငန်းများ လုပ်ဆောင်နေကြောင်း ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီး အရာရှိ ဦးနိုင်ကျော်စိုးက ပြောကြား သည်။

ဇလွန်မြို့နယ်အတွင်း ပိုက်ဆံလျှော် စိုက်ပျိုးလိုသူတောင်သူများအား ပိုက်ဆံ လျှော်မျိုးစေ့ တစ်ဧကစိုက်ပျိုးရန်မျိုးစေ့ လေးပြည်ကို အခမဲ့ပေးဝေကြောင်း၊ စိုက် ပျိုးလိုသူများအနေဖြင့် ဇလွန်မြို့နယ် စိုက်ပျိုး ရေးဦးစီးဌာနသို့ ဆက်သွယ်ရယူ နိုင်ကြောင်း ဇလွန်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## မြစ်ကြီးနားမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မြဝတီ ဇွန် ၁၄**

ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဦးသန်းနိုင်ဦးဆောင်၍ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်စင်အောင်၊ မြဝတီ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် ဌာန ဆိုင်ရာတာဝန်ရှိသူများက ဇွန် ၁၁ ရက် နံနက်ပိုင်း တွင် ပြည်ပမှပြန်လည်ဝင်ရောက်လာသူများနှင့် စေတနာ့ဝန်ထမ်းများအား သွားရောက်အားပေး ခဲ့ပြီး နှာခေါင်းစည်း၊ လက်သန့်ဆေးနှင့် ပိုးသတ် ဆေးပုံးများ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးက ပြန်လည်ဝင်ရောက် လာကြသော ဒေသခံများအဆင်ပြေစေရန်အတွက် KBZ Bank မှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ AMT စက်များစီစဉ်ဆောင်ရွက်ပေးသွားရန်နှင့် Canteen နေရာဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူ များအား မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့် အဖွဲ့ဝင်များက မြဝတီမြို့ ခန်းမဆောက်လုပ်ပြီးစီးမှုအခြေ အနေ၊ အထက (၃) မြဝတီကျောင်းဆောင်သစ် ဆောက်လုပ်မှု အခြေအနေများနှင့် မြို့နယ် အကောက်ခွန်ရုံးဆောက်လုပ်ပြီးစီးမှုအခြေအနေ များအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြဝတီမြို့ အမှတ် (၆) နှင့် (၇) ရပ်ကွက်အတွင်း ရေပေးဝေ ရေးလုပ်ငန်းနှင့် ပန်းခြံဆောင်ရွက်မှုများ၊ စိမ်းလဲ့မြိုင် အဝေးပြေးယာဉ်စခန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်စွက် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန် ဘက်စုံသုံး အဝေးထိန်းထရော်လီတစ်စီး ပေးအပ်လှူဒါန်း

**မိုးညှင်း ဇွန် ၁၄**

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် ဘက်စုံသုံး အဝေးထိန်းထရော်လီတစ်စီးပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် အစိုးရနည်းပညာကောလိပ်(မိုးညှင်း) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးနေဝင်းက အမှာစကားပြောကြားပြီး မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန် ဘက်စုံသုံး အဝေးထိန်းထရော်လီတစ်စီးအပါ အဝင် ခြေနင်းလက်ဆေးခုံငါးခု၊ ခြေနင်းလက်ဆေးကန်နှစ်ခုကို အစိုးရနည်းပညာ ကောလိပ်(မိုးညှင်း)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာကျော့ကျော့ရီကပေးအပ်ရာ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါက်တာအေးသိန်းက လက်ခံရယူပြီး ဘက်စုံသုံးအဝေးထိန်းထရော်လီ စမ်းသပ်မောင်းနှင်မှုကို ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့က ကြည့်ရှုအားပေးခဲ့ကြသည်။

ယခုပေးအပ်လှူဒါန်းသည့် ဘက်စုံသုံးအဝေးထိန်းထရော်လီသည် အလေးချိန် ပေါင် ၁၂၀ ရှိပစ္စည်းများကို သယ်ဆောင်နိုင်ပြီး မီတာ ၉၀၀ အကွာမှ ထိန်းချုပ်စက်ဖြင့် လိုအပ်သလိုထိန်းချုပ်မောင်းနှင်နိုင်ကြောင်း အဆိုပါသရုပ်ပြမောင်းနှင်မှုအရ သိရသည်။

အစိုးရနည်းပညာကောလိပ်(မိုးညှင်း) မှ ယခုလှူဒါန်းသည့် ဘက်စုံသုံးအဝေးထိန်းထရော်လီအပါအဝင် ထရော်လီသုံးစီးကို ကျောင်းအုပ်ဆရာမကြီး၏လမ်းညွှန်မှုနှင့်အတူ စက်မှုအင်ဂျင်နီယာဌာနမှ ဌာနမှူးနှင့် တွဲဖက်ပါမောက္ခများ၊ အီလက်ထရောနစ်အင်ဂျင်နီယာဌာနမှ လက်ထောက်ကထိကနှင့် ဆရာမများက ပူးပေါင်းကြိုးစားဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး မိုးညှင်းမြို့ ခုတင် ၁၀၀ ဆံ့ဆေးရုံတွင် တစ်စီး၊ မန္တလေးမြို့ ကန်တော်နဒီဆေးရုံတွင်တစ်စီးတို့ကို ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်သည်။ **ခရိုင်(ပြန်/ဆက်)**

# လောက်ကိုင်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ဆေးပစ္စည်းများပေးအပ်

**လောက်ကိုင် ဇွန် ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီမှ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ဆေးပစ္စည်းများပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက လောက်ကိုင်မြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီမှ ဒေါက်တာတင်မောင်ညွန့်က ဆေးပစ္စည်းများပေးအပ်ရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်မောင်ညွန့်တို့က ကျပ်သိန်း ၃၆၀ တန်ဖိုးရှိ ICV Ventilator အသက်ရှူစက်တစ်လုံး၊ ကျပ်သိန်း ၁၈၀ တန်ဖိုးရှိ ICV Ventilator Portable သယ်ရလွယ်ကူသော အသက်ရှူစက်တစ်လုံးနှင့် UNICEF မှ လှူဒါန်းသည့်လက်ဆေးဘေစင်များကိုပေးအပ်ရာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်၊ အတွင်းရေးမှူး ဦးထွန်းကျော်ကျော်၊ ခရိုင်ဆေးရုံအုပ်ကြီး ဦးဇော်ထွန်းငြိမ်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးတို့က လက်ခံရယူသည်။

ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့် ဒေါက်တာတင်မောင်ညွန့်တို့က ခရိုင်ပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုပြီး ဆေးရုံတက်ရောက်ကုသနေသော လူနာများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# စားသောက်ကုန်များ လွယ်လင့်တကူဝယ်ယူနိုင်ရေး ဆောင်ရွက်ပေး

**ပုသိမ် ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ပေါ်ရှိရပ်ကွက်များသို့ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ ဟင်းသီးဟင်းရွက်နှင့် မီးဖိုချောင်သုံးစားသောက်ကုန် ၂၁ မျိုးတို့ကို ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပြည်သူများဈေးသို့သွားရန်မလိုဘဲ အဆင်ပြေစွာ ဝယ်ယူအသုံးပြုနိုင်ရန် ယမန်နေ့တွင် မော်တော်ယာဉ်ဖြင့်လှည့်လည်ကာ ရောင်းချပေးသည်။

"အမြတ်အစွန်းရရှိဖို့ ဒီလုပ်ငန်းကိုလုပ်ဆောင်တာ မဟုတ်ပါဘူး၊ ကိုဗစ်-၁၉ ရောဂါကာလမှာ လူစုလူဝေးမဖြစ်အောင် တစ်ဖက်တစ်လမ်းက ကူညီလျှော့ချပေးတာပါ။ ဝယ်သူသုံးစွဲသူတွေကိုလည်း ဈေးနှုန်းမှန်ပြီး သန့်ရှင်းလတ်ဆတ်တဲ့စားသောက်ကုန်တွေကို အသုံးပြုနိုင်အောင်၊ ကိုယ့်အသင်းသားတွေလည်း သူတို့စိုက်ပျိုးထားတာတွေ ဈေးကွက်ရအောင်၊ အခုအချိန်က ကိုဗစ်-၁၉ ရောဂါကာလကို ဇွန်လကုန်အထိ ထပ်တိုးလိုက်တော့ သတ်မှတ်ကာလကုန်တဲ့အထိ နေ့စဉ်ရောင်းချပေးသွားမှာပါ" ဟု တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးစောအင်ဒရူးပန်းက ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ယခင်က ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်သိမ်းခဲ့သည့်ဈေးဆိုင်များ၊ စားသောက်ဆိုင်များနှင့် မော်တော်ယာဉ်လိုင်းများကို ပြန်လည်ဖြေလျှော့၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ညွှန်ကြားချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့သော်လည်း ကုန်စည်စီးဆင်းမှုနှင့် တချို့တစ်ပိုင်တစ်နိုင်စိုက်ပျိုးထုတ်လုပ်သည့် ကုန်စိမ်းနှင့် အသီးအနှံများ ဈေးကွက်ပျောက်ဆုံးနေသည်ကို လျှော့ချနိုင်ရန် တစ်တပ်တစ်အား ပါဝင်ကူညီလုပ်ဆောင်ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်မှ သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# အခြေခံလူတန်းစား မိသားစုများအား စားသောက်ကုန်များထောက်ပံ့လှူဒါန်း

**ကော့သောင်း ဇွန် ၁၄**

ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှုကာလအတွင်း တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ပုလုံးတုံးတုံးကျေးရွာရှိအခြေခံလူတန်းစားမိသားစုများအား ကော့သောင်းမြို့ Grand Andaman Hotel&Resort ကုမ္ပဏီနှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ The Center Trade Company Limited တို့ပူးပေါင်း၍ အခြေခံစားကုန်များကို ယမန်နေ့ နံနက်ပိုင်းက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးရှေ့တွင် ထောက်ပံ့လှူဒါန်းသည်။

ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှုကာလအတွင်း ကျေးလက်ပြည်သူများ စားဝတ်နေရေးအခက်အခဲများဖြစ်ပေါ်နေမှုကြောင့် စားဝတ်နေရေးတစ်စိတ်တစ်ဒေသ အဆင်ပြေကြစေရန်ရည်ရွယ်ကာ ကျေးရွာရှိရန်ကြီးအောင်ဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော်အား ဆွမ်းဆန် ၁၂ ပြည်ပါ ဆန် ၁၁ အိတ်နှင့် ကျေးရွာရှိ အိမ်ထောင်စုဦးရေ ၅၅၀ ကျော်ခန့်ကို အိမ်ထောင်စုတစ်စုလျှင် ဆန် ၁၂ ပြည်၊ ဆီ ၅၀ ကျပ်သားနှစ်ဘူး၊ ငါးသေတ္တာနှစ်ဘူးစီ လာရောက်ထောက်ပံ့လှူဒါန်းခြင်းဖြစ်သည်။

အဆိုပါ Grand Andaman Hotel&Resort ကုမ္ပဏီသည် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှုအစပိုင်းကာလများအတွင်းကတည်းက ကော့သောင်းမြို့ မြို့ပေါ် ၁၀ ရပ်ကွက်မှ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားအိမ်ထောင်စုပေါင်း ၄၀၀၀ ကျော်နှင့် ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ပွဲချိတ်ကူးတို့လှေလုပ်သားများနှင့် စည်ပင်သန့်ရှင်းရေးအခြေခံအလုပ်သမားများ၊ ဆိုင်ကယ်ကယ်ရီလုပ်သားများကိုလည်း အခြေခံစားကုန်ငါးမျိုးကို ထောက်ပံ့လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# သန်လျင်၌ လူမှုဖူလုံရေးအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ဆက်လက်ထုတ်ပေး

**ရန်ကုန် ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ထားသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အာမခံအလုပ်သမားများအား ဒုတိယအကြိမ် ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ဇွန် ၁၂ ရက် နံနက်ပိုင်းက သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးထွန်းကြိုင်၊ ဒုတိယတိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးဝင်းစိုး၊ သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံးမှ ရုံးခွဲတာဝန်ခံဦးစီးအရာရှိ ဒေါ်ခင်ချိုဝင်းက အလုပ်ဌာန ၁၀ ဌာနမှ အာမခံအလုပ်သမား စုစုပေါင်း ၆၂၈ ဦးတို့အား ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် စုစုပေါင်းငွေကျပ် ၂၀၃၃၅၄၇၂ ဒသမ ၀၁ ကို သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတို့မှ တာဝန်ခံများထံသို့ ပေးအပ်သည်။

အဆိုပါ သန်လျင်မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ကျန်းမာရေးစစ်ဆေးခံယူရန် (ယာယီ) ပိတ်သိမ်းခဲ့သည့် လူမှုဖူလုံရေးအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ထုတ်ပေးရန်ကျန်ရှိသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား သက်ဆိုင်ရာသို့တင်ပြထားပြီး ခွင့်ပြုလာပါက အမြန်ဆုံး ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

# စေတနာ့ဝန်ထမ်းများ အထောက်အကူပြု ဆင့်ပွားသင်တန်းဖွင့်

**ရမည်းသင်း ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ သီလဝခန်းမတွင် ယမန်နေ့ နံနက်ပိုင်းက မြန်မာနိုင်ငံဆိုင်ရာ စေတနာ့ဝန်ထမ်း ဆင့်ပွားသင်တန်းကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးဦး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအုန်းသန်းတို့က အဖွင့်မှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါ်မြင့်မြင့်မော်က ကိုဗစ်-၁၉ရောဂါတုံ့ပြန်ဆောင်ရွက်ရာတွင် စေတနာ့ဝန်ထမ်းများ၏ ဆောင်ရွက်ရမည့် အခန်းကဏ္ဍများနှင့် ဆောင်ရွက်ခဲ့ရသော အတွေ့အကြုံများအား ရှင်းလင်း ပြောကြားသည်။

ယင်းသင်တန်းသို့ သင်တန်းသားဦးရေ ၁၁၀ တက်ရောက်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**



## Grade-4 သင်ရိုးသစ် နည်းပြသင်တန်း Online မှ သင်ကြား

**မုံရွာ**

Grade-4 သင်ရိုးသစ်နှင့်ပတ်သက်သည်များ သိရှိမှုဝေနိုင်ရန် နှစ်ရက်တာ နည်းပြအွန်လိုင်းသင်တန်းကို မုံရွာမြို့ သလ္လာရပ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းတွင် ဇွန် ၁၂ ရက်က ဖွင့်လှစ်ခဲ့သည်။

"သင်တန်းကို ဇွန် ၁၂ ရက်နဲ့ ၁၃ ရက်မှာ သင်ကြားပေးခဲ့တာပါ။ သင်တန်းသား ဦးရေက ဆရာ ဆရာမ ၁၀၅ ဦးရှိပြီး မူလတန်း၊ အလယ်တန်း ဆရာ ဆရာမတွေ၊ ကျောင်းအုပ်တွေ ပါဝင်ပါတယ်၊ နည်းပြသင်တန်းပြီးရင် ဇွန် ၁၅ ရက်ကနေ ၂၀ ရက်အထိ နယ်မှာရှိတဲ့ ဆရာ ဆရာမတွေကို အခုသင်တန်းက သင်ကြားထားပြီးတဲ့ ဆရာ ဆရာမတွေက Face To Face သင်တန်း ဖွင့်လှစ်သင်ကြားပေးမှာ ဖြစ်ပါတယ်၊ အဲဒီလိုပို့ချတဲ့နေရာမှာ စင်တာလေးခုခွဲ သင်ကြားပို့ချပေးမှာ ဖြစ်ပါ တယ်" ဟု မုံရွာမြို့နယ် ပညာရေးမှူး ဦးမျိုးညွန့်က ပြောကြားသည်။

သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်သည် Grade-4 သင်ရိုးသစ်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ဆရာ ဆရာမများသိရှိရန် လက်ဆင့်ကမ်း သင်ကြားပေးခြင်းဖြစ်ပြီး Grade-4 သင်ရိုးသစ်တွင် ဘာသာရပ် ၁၀ ခုရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



**ညောင်တုန်း**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ၂၀၂၀-၂၀၂၁ ပညာသင်နှစ် Grade-4 သင်ရိုးသစ် နည်းပြသင်တန်းဖွင့်ပွဲကို ဇွန် ၁၂ ရက် နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာခန်းမ၌ ကျင်းပခဲ့သည်။

Grade-4 စတုတ္ထတန်း မြို့နယ်အဆင့် သင်ရိုးသစ်နည်းပြသင်တန်းကို Online Training မှ သင်ကြားပို့ချပေးလျက်ရှိရာ မြို့နယ်အတွင်းရှိ အခြေခံ ပညာကျောင်းများမှ သင်တန်းနည်းပြဆရာ ဆရာမ ၁၀၀ တက်ရောက်လေ့လာ သင်ကြားလျက်ရှိသည်။

အဆိုပါနည်းပြသင်တန်းကို ဇွန် ၁၂ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ရာ အထွေထွေ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး ၊ ဘဝတွက်တာကျွမ်းကျင်စရာ ၊ စာရိတ္တနှင့် ပြည်သူ့နီတိ ၊ ကာယ ပညာ ၊ အနုပညာ-ဂီတ စသည့်ဘာသာရပ်များအား Online မှ သင်ကြားပို့ချပေး ခဲ့ရှိသည်။

ထို့ပြင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ သင်တန်းသား ၉၉၈ ဦးအား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံ ပညာအထက်တန်းကျောင်းတို့တွင် ဇွန် ၁၅ ရက်မှ ၂၀ ရက်အထိ ရက်သတ္တ တစ်ပတ်ကြာ Face to Face သင်တန်းအဖြစ် ပြန်လည်ဖွင့်လှစ်သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## ဗထူးအားကစားကွင်းအား ကြည့်ရှုစစ်ဆေးပြီး အားကစားပစ္စည်းများ ပေးအပ်

**မန္တလေး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး အားကစား နှင့် ကာယပညာကော်မတီ ဒုတိယ ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ရှမ်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်နှင့် ကော်မတီ အဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ပိုင်းက အဆင့်မြှင့်တင်လျက်ရှိသော ချမ်းအေးသာစံမြို့နယ်ရှိ ဗထူး အားကစားကွင်းကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ရာ မန္တလေးတိုင်း ဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစော နေမင်းထွန်းက အားကစားကွင်းနှင့် အားကစားလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီး က မြက်ဖြတ်စက်နှင့် အားကစား ပစ္စည်းများကို တာဝန်ရှိသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## မြင်းခြံ-မိတ္ထီလာ စက်ဘီးစီးအဖွဲ့များ ချစ်ကြည်ရေးအဖြစ် တောင်သာတောင်ပေါ်သို့ စက်ဘီးစီးတက်ရောက်

**မြင်းခြံ ဇွန် ၁၄**

မြင်းခြံ-မိတ္ထီလာ စက်ဘီးစီးအဖွဲ့များမှ မြို့နှစ်မြို့ ချစ်ကြည်ရေးအဖြစ် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်းရှိတောင်သာ တောင်ပေါ်သို့ စက်ဘီးစီးတက်ရောက် ခြင်းကို ယမန်နေ့ နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

"တောင်သာတောင်ပေါ်ကို စက်ဘီးစီး တက်ရောက်တာ မြင်းခြံ-မိတ္ထီလာ မြို့နှစ်မြို့ ချစ်ကြည်ရေး အပြင် ကျန်းမာရေးအတွက် အခြား သူတွေ စက်ဘီးစီးခြင်းကို ဝါသနာပါ လာစေဖို့ ရည်ရွယ်ပြီး စက်ဘီးစီး တက်ရခြင်း ဖြစ်ပါတယ်။ တောင်သာတောင်ပေါ် စက်ဘီးစီး တက်ရတာ တော်တော်စီး လို့ကောင်း ပါတယ်၊ တောင်ကလည်း မနိမ့်မမြင့်ဆို တော့ အဆင်ပြေပါတယ်" ဟု မိတ္ထီလာစက်ဘီးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးရှမ်းလေးက ပြောကြားသည်။

မြင်းခြံ စက်ဘီးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်ဝင်းက "ကျွန်တော်တို့နယ်မှာ စက်ဘီးစီးတက်လို့ရတဲ့တောင် ရှားပါ တယ်၊ မန္တလေးမှာဆိုရင် ရန်ကင်း တောင်၊ ရေတံခွန်တောင်၊ မန္တလေး တောင်တွေရှိပါတယ်။ စက်ဘီးစီးတာ ကျန်းမာရေး အလွန်ကောင်းပါတယ်။ ကလေးတွေအနေနဲ့လည်း စက်ဘီးစီး ဝါသနာပါလာရင် မူးယစ်ဆေးဝါးနဲ့ လောင်းကစားတွေ ကင်းရှင်းမယ့်အပြင် ဒေသန္တရဗဟုသုတတွေလည်း ရရှိလာ ပါမယ်။ ကျွန်တော်ဆိုတောင်သာတောင် ပေါ်ကို စက်ဘီးစီးတက်တာ အခုနဲ့ဆို ရှစ်ကြိမ်မြောက်ရှိပါပြီ" ဟု ပြောကြား သည်။

အဆိုပါ တောင်သာတောင်စက်ဘီး စီးတက်ခြင်းကို မြင်းခြံစက်ဘီးစီးအဖွဲ့ မှ စက်ဘီးစီးနင်းသူ အမျိုးသား ၃၆ ဦး၊ မိတ္ထီလာစက်ဘီးစီးအဖွဲ့မှ စက်ဘီး စီးနင်းသူ အမျိုးသား ၂၃ ဦး၊ အမျိုး သမီးနှစ်ဦး စုစုပေါင်း ၆၁ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ (ပြန်/ဆက်)**



## Grade-4 သင်ရိုးသစ်နည်းပြသင်တန်း ကလေးမြို့နယ်၌ ဖွင့်လှစ်

**ကလေး ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် မူလတန်း ကျောင်းအုပ်များ၊ မူလတန်းပြ ဆရာ/ဆရာမများအား ၂၀၂၀-၂၀၂၁ ပညာသင်နှစ် Grade-4 သင်ရိုးသစ်နည်း ပြသင်တန်းဖွင့်ပွဲကို ဇွန် ၁၂ ရက် နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပ သည်။

အဆိုပါသင်ရိုးသစ်သင်တန်းကို အခြေခံပညာဦးစီးဌာန (ရုံးချုပ်)မှ Online Training အဖြစ် သင်ကြားပို့ချပေးခြင်း ဖြစ်ပြီး ဘာသာရပ် ၁၀ မျိုးကို ကလေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ သင်တန်းနည်းပြ ဆရာ/ ဆရာမ ၁၄၅ တို့အား ဇွန် ၁၂ ရက်မှ ၁၃ ရက်အထိ ပို့ချပေး ခဲ့သည်။

Grade-4 သင်ရိုးသစ်နည်းပြ (Online) သင်တန်း ပြီးစီးပါက ယင်းသင်တန်းသို့တက်ရောက်ခဲ့သော သင်တန်း နည်းပြ ဆရာ/ဆရာမများက မြို့နယ်အတွင်းရှိ အခြေခံ ပညာကျောင်းများမှ မူလတန်းပြ ဆရာ/ဆရာမ ၁၂၄၂ ဦးတို့အား ဇွန် ၁၅ ရက်မှ ၂၀ ရက်အထိ တစ်ခန်းလျှင် ၂၅ ဦးနှုန်းဖြင့် Grade-4 Face to Face ဆင့်ပွား သင်တန်းကို အမှတ် (၂) အခြေခံပညာအထက်တန်း ကျောင်းနှင့် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းတို့၌ ဆက်လက် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

## ကိုယ်လက်အင်္ဂါမပြည့်စုံသောမိသားစုများအား ထောက်ပံ့လှူဒါန်း

**ညောင်ဦး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ ကိုယ်လက်အင်္ဂါမပြည့်စုံသော အဘိုး အဘွား မိသားစု ၁၅ စုတို့ကို ညောင်ဦး မြို့ ရွှေစေတီကျောင်းဆရာတော် ဦးတေဇဝံသအမှူးပြုသော ပရဟိတ အသင်းအဖွဲ့က ဇွန် ၁၂ ရက် ညနေပိုင်း တွင် ဆန်၊ စားနပ်ရိက္ခာနှင့် ငွေသား ထောက်ပံ့လှူဒါန်းခဲ့သည်။

ညောင်ဦးမြို့မှ ကိုယ်လက်အင်္ဂါ မပြည့်စုံသော အဘိုးအဘွား အိမ်ထောင်စုငါးစုနှင့် ပခုက္ကူမြို့ ခုနစ် အိမ်တန်း အနာကြီးရောဂါသည် စောင့်ရှောက်ရေးစခန်းမှ အဘိုးအဘွား အိမ်ထောင်စု ၁၀ စုတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ငါးပြည်၊ ဆီတစ်ပိဿာ၊ ဆားတစ်ပိဿာ၊ ကြက်သွန်တစ်ပိဿာ ၆၀ ကျပ်သား၊ ငါးပိထောင်းဘူးတစ်ဘူး၊ ဆပ်ပြာရည် တစ်ဘူး၊ ကြက်ဥအလုံး ၂၀ နှင့် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ စီ ပေးအပ် ခဲ့သည်။

ထိုသို့လှူဒါန်းနိုင်ရန် အတွက် အလှူရှင်များက အွန်လိုင်းမှတစ်ဆင့် အလှူငွေများ ထည့်ဝင်လှူဒါန်းပြီး ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကာလ အတွင်း အထောက်အပံ့ဖြစ်စေရန် စားဝတ်နေရေးအခက်အခဲရှိသော မိသားစုများအား ထောက်ပံ့ပေးခြင်း ဖြစ်ကြောင်း ဆရာတော်ဦးတေဇဝံသ က မိန့်ကြားသည်။

**ကျော်မင်းဦး(ပြန်/ဆက်)**

## မိုးညှင်းမြို့နယ်အတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများ ပြည်နယ်လူမှုရေးဝန်ကြီး ကြည့်ရှုစစ်ဆေး

**မိုးညှင်း ဇွန် ၁၄**

ကချင်ပြည်နယ် ပြည်နယ်လူမှုရေးဝန်ကြီး ဦးနေဝင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သောအဖွဲ့သည် ယမန်နေ့နံနက်ပိုင်း၌ မိုးညှင်းမြို့နယ် အတွင်းရှိ ပညာရေးနှင့်ကျန်းမာရေးဌာနများတွင် ဆောက်လုပ်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်လူမှုရေးဝန်ကြီးနှင့်အဖွဲ့သည် ဟဲလုံကျေးရွာအုပ်စုတွင် တည်ဆောက်လျက်ရှိသည့် ကျေးလက်ကျန်းမာရေးအဆောက်အအုံ ဆောက်လုပ်နေမှု၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ဆောင်သစ် ဆောက်လုပ်ပြီးစီးမှုနှင့် ပြည်သူ့အားကစားကွင်းအတွင်း ဘောလုံးပွဲကြည့်စင်တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ မိုးညှင်းဒီဂရီ ကောလိပ်ရှိ ကျောင်းသား ကျောင်းသူအိပ်ဆောင်တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ အမက (မူလွန်) စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အရှေ့စုရပ်ကွက် အတွင်း ဖွင့်လှစ်ထားရှိသည့် အသွားအလာကန့်သတ်စောင့်ကြည့်ရေး စခန်းတွင်အသုံးပြုရန် နှာခေါင်းစည်း အခု ၅၀ ပါ ၁၇ ဘူးနှင့်လက်သန့်ဆေးရည် (500ml) ပါ ၁၃ ဘူးတို့ကို ပြည်နယ်ဝန်ကြီးက ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် အစိုးရနည်းပညာ ကောလိပ်(မိုးညှင်း) ၏ အစည်းအဝေးခန်းမ၌ကျင်းပသည့် ဘက်စုံသုံး အဝေးထိန်း ထရော်လီပေးအပ်ပွဲအခမ်းအနားတက်ရောက်ခဲ့ပြီး ကျောင်း ဝင်းအတွင်း ဆောင်ရွက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူ ၈၀ ဆံ့ အဆောင်ဆောက်လုပ်ပြီးစီးမှုနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများ ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီး အောင်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြား သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် နန်းမားမြို့ တိုက်နယ် ဆေးရုံဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ဟိုပင်မြို့ အထက (မြသီတာ) ကျောင်းဆောင်သစ်တည်ဆောက်မှုအခြေအနေ၊ ကျေးလက်ကျန်းမာရေးဌာန ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် အထက (ဟိုပင်) ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တဘက်စွဲကျေးရွာ ပန်းလောင်မြစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၈၃ ရာခိုင်နှုန်းပြီးစီး



**မန္တလေး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပန်းလောင်မြစ်ကမ်းဘေးရှိ တဘက်စွဲ ကျေးရွာတွင် ကမ်းပြိုမှုဖြစ်ပေါ်ခဲ့ခြင်း ကြောင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ၈၃ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသ ကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းလွင်ဦးထံမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တိုင်းဒေသ ကြီး ခွင့်ပြုငွေကျပ် ၃၀၆ သန်းဖြင့် ဖေဖော်ဝါရီ ၁၄ ရက်ကစတင်၍ ရွှေခေတ် သစ်ကုမ္ပဏီမှ အလျား ပေ ၉၁၀ တွင် အာရ်စီကွန်ကရစ်တိုင်အခြေပြု ကွန်ကရစ် ပြားကပ်တမံဖြင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လလယ်ခန့်တွင် ပြီးစီးမည်ဖြစ် ကြောင်း သိရသည်။

"ဒီရွာကမ်းပြိုတာက မြစ်ကွေးရဲ့ အပြင်ဘက်မှာရှိနေလို့ပါ။ ရွာပတ်လမ်း လည်း ပြိုကျခဲ့တယ်။ ကမ်းနဲ့ကပ်လျက် မှာ ရှေးဟောင်းသာသနိကအဆောက် အအုံတွေရှိသလို လူနေအိမ်တွေလည်း ရှိလို့ ဒီအတွက် ကမ်းပြိုကာကွယ်ရေး ဆောင်ရွက်ခဲ့ပါတယ်။ ရွာရဲ့အထက် ဘက်မှာလည်း ဆည်တစ်ခုရှိတော့ ရေထိန်းထားတဲ့အတွက် ရေစီးလည်း လျော့ကျလာမှာပါ" ဟု လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းလွင်ဦးက ပြောကြားသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် တိုင်း ဒေသကြီးအတွင်း ဧရာဝတီမြစ်၊ ဒုဋ္ဌဝတီ မြစ်၊ ပန်းလောင်မြစ်၊ ဇော်ဂျီမြစ် စသည့် ကမ်းပါးကမ်းနားမှ ကျေးရွာများတွင် ရေတိုက်စားကမ်းပြိုမှုများကို လွှတ်တော် ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံများတင်ပြလာမှုအပေါ် ကွင်းဆင်း စစ်ဆေးပြီး ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

**ပြည်နယ်(ပြန်/ဆက်)**

## မြင်းမူမြို့ ဝန်ထမ်းအိမ်ရာ တည်ဆောက်မှုလုပ်ငန်း ၆၀ ရာခိုင်နှုန်းကျော် ပြီးစီး

**မြင်းမူ ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော မြင်းမူမြို့ရှိ ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းမှာ ယခုအခါ ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယခုတည်ဆောက်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြု ရန်ပုံငွေ ကျပ် ၂၈၃ ဒသမ ၁၀၀ သန်းဖြင့် မြန်မာ့မဏ္ဍိုင် ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ကြောင်း၊ အဆောက်အအုံမှာ လေးခန်းတွဲ လေးထပ်သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး အလျား ၁၀၂ ပေ၊ အနံ ၂၉ ပေရှိကြောင်း နှင့် အဆောက်အအုံကို ဩဂုတ်လတွင် အပြီးတည်ဆောက် ကာ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ စနစ်တကျ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း တည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြင့်အောင်ထံမှ သိရသည်။

**အောင်စိုးဖေ (မြင်းမူ)**



## ဘုတလင်မြို့နယ်၌ ကမ်းပြိုကာကွယ်ရေး မြစ်ကမ်းထိန်းကျောက်စီနံရံ တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ဘုတလင် ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင် မြို့နယ် ဝန်ပိုကျေးရွာတွင် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံ ငွေဖြင့် ဆောင်ရွက်သည့် ကမ်းပြို ကာကွယ်ရေး မြစ်ကမ်းထိန်း ကျောက်စီ နံရံ တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

ဘုတလင်မြို့နယ် ဝန်ပိုကျေးရွာ တွင် အလျား ၆၂၅ ပေရှိ မြစ်ကမ်းထိန်း ကျောက်စီနံရံ တည်ဆောက်ခြင်း လုပ်ငန်းကို တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၆၀ဖြင့် ရွှေစင်ရိုးမကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့သည်။

"ချင်းတွင်းမြစ် ရေကြီးတဲ့အချိန် တွေမှာ အမြန်ရေယာဉ်တွေက ကမ်းပါးကိုကပ်ပြီး မောင်းကြတော့ ရေလှိုင်းရိုက်ပြီး ကမ်းပါးတွေ ပြိုကျ ခဲ့ရတယ်။ ရေတိုက်စားမှုတွေကြောင့် စိုက်ပျိုးနိုင်တဲ့ နုန်းမြေတွေ ပါသွား ခဲ့ရတယ်။ ကမ်းပါးပြိုကျမှုတွေ များလာရင် ရွာကိုထိခိုက်လာနိုင်လို့ မြစ်ကမ်းထိန်း ကျောက်စီနံရံတည် ဆောက်ခဲ့ရတာပါ"ဟု ဝန်ပိုကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ဦးညီညီထွန်းက ပြောကြားသည်။

အဆိုပါ မြစ်ကမ်းထိန်း ကျောက်စီ နံရံ တည်ဆောက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီလအတွင်းက စတင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး သတ်မှတ် စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးနိုင်ရေး အတွက် စစ်ကိုင်းတိုင်းဒေသကြီး မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် မြို့နယ်အရည်အသွေး စစ်ဆေးရေးအဖွဲ့တို့က ကွင်းဆင်း၍ ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သံလွင်မြစ်ကူး (ကွမ်းလုံ) တံတားသစ်စီမံကိန်း အမြန်ဆုံးတည်ဆောက်နိုင်ရေး စည်းဝေး

**ချင်းရွှေဟော် ဇွန် ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက် ကိုင်မြို့နယ် ချင်းရွှေဟော်မြို့နှင့်ဆက် စပ်လျက်ရှိသည့် လားရှိုးခရိုင် ကွမ်းလုံ မြို့နယ်တွင်တည်ဆောက်မည့် သံလွင် မြစ်ကူး(ကွမ်းလုံ)တံတားသစ်စီမံကိန်း အမြန်ဆုံး စတင်တည်ဆောက်နိုင်ရေး အတွက် ကြိုတင်လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ဇွန် ၁၂ ရက် နံနက်ပိုင်းက ချင်းရွှေဟော်မြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွေးနှင့် ညွှန်ကြားရေးမှူး ဦးညီညီဇော်၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်မောင် ညွန့်၊ လောက်ကိုင်မြို့နယ်အုပ်ချုပ် ရေးမှူး ဦးငွေဒိုး၊ ချင်းရွှေဟော်မြို့အုပ် ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေး မှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ က သံလွင်မြစ်ကူး(ကွမ်းလုံ) တံတား သစ်စီမံကိန်း စတင်တည်ဆောက် နိုင်ရေးအတွက် ဇွန် ၂၀ ရက်မှစ၍ ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဂိတ်မှ ဝင်ရောက်လာမည့် တရုတ်ပညာရှင်အဖွဲ့များ၊ တည်ဆောက် ရေးလုပ်ငန်းတွင် အသုံးပြုမည့် မော်တော်ယာဉ်များနှင့် စက်ပစ္စည်း ယန္တရားများအား အဆင်ပြေချောမွေ့ စွာ ဝင်ရောက်နိုင်ရေးကိစ္စရပ်များ၊ တရုတ်ပညာရှင်အဖွဲ့များဝင်ရောက် ရာတွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ နောက်ဆုံးထုတ်ပြန် ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းဗဟိုကော် မတီ၏ အစီအစဉ်အတိုင်း ဆောင်ရွက် နိုင်ရေးကိစ္စရပ်များ၊ လူဝင်လူထွက် ဗီဇာကိစ္စရပ်များ၊ ချင်းရွှေဟော်နယ်စပ် ဂိတ်မှတင်သွင်းမည့် တံတားတည် ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်တွင် အသုံးပြုမည့်မော်တော်ယာဉ်များအား ထင်ရှားသည့် အမှတ်အသားများ တပ်ဆင်နိုင်ရေးကိစ္စရပ်များ၊ ဒေသ ထွက်တည်ဆောက်ရေးပစ္စည်းများ အသုံးပြုရာတွင် အခွန်ကင်းလွတ်ခွင့် ပြုနိုင်ရေးကိစ္စရပ်များနှင့် တည်ဆောက် ရေးလုပ်ငန်းစီမံကိန်းနှင့် ပတ်သက် သည့် ကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် အသီးသီးညှိနှိုင်း ဆွေးနွေးတင်ပြခဲ့ကြရာ ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးသည်။ အဆိုပါ သံလွင်မြစ်ကူး (ကွမ်းလုံ) တံတားသစ်စီမံကိန်း ကာလသည် သုံးနှစ်ခန့်ဖြစ်ကာ အရှည် ၂၈၆ မီတာရှိ၍ PC Box Girder အမျိုးအစားဖြစ်ပြီး အကြမ်းဖျဉ်း ခံနိုင်ဝန် ၇၅ တန်အထိ ဖြတ်သန်း သွားလာနိုင်မည်ဖြစ်ကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**



# ငမြှောင်တောင်ပိုးကျရောက်မှုအား ဒရုန်းအသုံးပြု၍ ပိုးသတ်ဆေးဖျန်းခြင်း သရုပ်ပြ

**လွိုင်ကော် ဇွန် ၁၄**

ကယားပြည်နယ် လွိုင်ကော်မြို့ လောပိတကျေးရွာအုပ်စု ဆိုလစယ်ကျေးရွာ၌ ဇွန် ၉ ရက် နံနက်ပိုင်းက တောင်သူဦးဗျားရယ်၏ အစေ့ထုတ်ပြောင်းသီးနှံစိုက်ကွင်း၌ ငမြှောင်တောင်ပိုးကျရောက်မှုအား ဒရုန်းအသုံးပြု၍ ပိုးသတ်ဆေးဖျန်းခြင်း သရုပ်ပြသမှုကို ဆောင်ရွက်ကြသည်။



**ပညာပေးဆောင်ရွက်**

ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက အစေ့ထုတ်ပြောင်း စိုက်ခင်းများတွင် ကျရောက်သည့်ပိုးများကို တောင်သူအားလုံး ပူးပေါင်းပါဝင်ပြီး အချိန်မီနှိမ်နင်းကြရန်နှင့် သက်ဆိုင်ရာနည်းပညာပေးဌာနဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာနမှာလည်း ပိုးကျရောက်မှု ကာကွယ်နှိမ်နင်းနိုင်ရေးအတွက် ကြိုတင်သတင်းပေးချက်များ ထုတ်ပြန်ခြင်း၊ ကင်းထောက်မှတ်တမ်းများ ကောက်ယူခြင်း၊ ကွင်းဆင်းလက်တွေ့ ပိုးသတ်ဆေးဖျန်းခြင်းနှင့် ပညာပေးစာစောင်များဖြန့်ဝေပြီး ပညာပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလိုဆောင်ရွက်ပေးနိုင်ရန်အတွက် ကယားပြည်နယ်အစိုးရအဖွဲ့မှ ယခုနှစ်တွင် သီးနှံစံပြကွက်များအတွက် သွင်းအားစုများဖြစ်သော မြေဩဇာ ၁၉၆၂၇ အိတ်၊ ပိုးသတ်ဆေး အထုပ် ၄၉၇၀၊ မှိုသတ်ဆေး ၇၇၅၄ ထုပ်၊ မြေအောင်းပိုးသတ်ဆေး ၃၉၄၈၅ ထုပ်နှင့် တောင်သူများအတွက် နည်းပညာပံ့ပိုးနိုင်ရေး ကျပ်သန်း ၁၆၅၄ ဒသမ ၂၃၇ သန်းကို ပံ့ပိုးဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ အစေ့ထုတ်ပြောင်းသီးနှံတွင် ငမြှောင်တောင်ပိုး ကျရောက်မှုအား ဒရုန်းဖြင့် ပိုးသတ်ဆေးဖျန်းကာ ကာကွယ်နှိမ်နင်းမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက အစေ့ထုတ်ပြောင်းစိုက်ပျိုးရာတွင် ဖောငမြှောင်တောင်ပိုးကျရောက်မှုအား ကာကွယ်ရေးနည်းလမ်းနှင့် လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ ကယားပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ငမြှောင်တောင်ပိုး ကာကွယ်နှိမ်နင်းရန်အတွက် ပိုးသတ်ဆေးများကို ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူတို့က တက်ရောက်လာကြသည့်တောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ထွန်းလေး**

# တိုက်ရိုက်မျိုးစေ့ချစိုက်နည်းဖြင့် မိုးစပါးဧက ၄၀၀၀၀၀ ကျော် စိုက်ပျိုးရန်စီစဉ်

**မုံရွာ ဇွန် ၁၄**

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တိုက်ရိုက်အစေ့ချ (အစို/အခြောက်) စိုက်နည်းဖြင့် ၄၄၀၈၂၀ ဧကကို စိုက်ပျိုးနိုင်ရေးစီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

"ဒီကနေ့ဖြစ်နေတဲ့ ရာသီဥတုအခြေအနေနဲ့ကတော့ အကိုက်ဆုံးစိုက်ပျိုးနည်းစနစ်လို့ ပြောရမှာဖြစ်ပါတယ်၊ တောင်သူတွေကိုအသိပညာပေးတာတွေ၊ လက်ကမ်းစာစောင်ဖြန့်ဝေပေးတာတွေ လုပ်ဆောင်နေတယ်၊ လိုအပ်တဲ့ နည်းပညာတွေကိုလည်း မြို့နယ်တိုင်းမှာရှိတဲ့ စိုက်ပျိုးရေးဝန်ထမ်းတွေက အကူအညီပေးသွားမှာဖြစ်ပါတယ်၊ ဒီစိုက်နည်းက စိုက်ပျိုးပြီးနောက်ပိုင်း မိုးရွာသွန်းလည်း စိုးရိမ်စရာမရှိဘူး" ဟု တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ဆက်လက်ပြောပြသည်။

တိုက်ရိုက်အစေ့ချ(အစို/အခြောက်)စိုက်နည်းစနစ်ဖြင့် စစ်ကိုင်းခရိုင်အတွင်း ဧက ၁၄၅၀၀ ကိုလည်းကောင်း၊ မုံရွာခရိုင်အတွင်း ၃၈၃၃၆ ဧကကိုလည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်း ၇၉၈၃၇ ဧကကိုလည်းကောင်း၊ ရွှေဘိုခရိုင်အတွင်းဧက ၁၇၄၀၀၀ ကိုလည်းကောင်း၊ ကန့်ဘလူခရိုင်အတွင်း ၃၉၈၆၈ ဧကကိုလည်းကောင်း၊ ကသာခရိုင်အတွင်း ဧက ၄၃၅၅၀ ကိုလည်းကောင်း၊ ကလေးခရိုင်အတွင်း ၂၅၃၀၉ ဧကကိုလည်းကောင်း၊ မော်လိုက်ခရိုင်အတွင်း ၃၅၇ ဧကကိုလည်းကောင်း၊ တမူးခရိုင်အတွင်းဧက ၃၄၅၀ ကိုလည်းကောင်း၊ ခန္တီးခရိုင်အတွင်း ၅၅၈၅ ဧကကိုလည်းကောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၁၆၀၂၉ ဧကကိုလည်းကောင်း ယခုဘဏ္ဍာရေးနှစ် မိုးစပါးစိုက်ရာသီအတွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

# လုပ်သားရှားပါးမှုကို သက်သာစေမည့် စပါးမျိုးစေ့ချကိရိယာဖြင့် တောင်သူများအား စိုက်ပျိုးနည်းပညာပေး

**ဘားအံ ဇွန် ၁၄**

ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒူကျေးရွာတွင်ကိုဗစ်-၁၉ရောဂါကာလ လုပ်သားရှားပါးမှု အခက်အခဲကို သက်သာစေမည့် စပါးမျိုးစေ့ချကိရိယာဖြင့် တောင်သူများအား စိုက်ပျိုးနည်းပညာပေးခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်နေကြောင်း သိရသည်။

စပါးမျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်စိုက်ပျိုးခြင်းသည် ကိုဗစ်-၁၉ ရောဂါကာလတွင် လူစုလူဝေးမဖြစ်စေဘဲ လူသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုနည်းခြင်း စသည့်အကျိုးကျေးဇူးများ ရရှိကြောင်းနှင့် ရည်ရွယ်ချက်များကို ဘားအံမြို့နယ် စိုက်ပျိုးရေး ဦးစီးမှူး ဦးဆဲင်ဇခုတ်က "ကျွန်တော်တို့ တောင်သူတွေကို ဒီအစေ့ချစိုက်ပျိုးနည်းတွေပေးရတာကတော့ ကိုဗစ်-၁၉ ရောဂါကာလမှာ လုပ်သားရှားပါးမှု အခက်အခဲကို ကျော်လွှားနိုင်ဖို့ မျိုးစေ့ကုန်ကျစရိတ်ကို သက်သာနိုင်ဖို့နဲ့ စိုက်ကေရရှိရေး အင်တိုက်အားတိုက် စည်းရုံးပညာပေးနေခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

နောင်လုံ အရှေ့ကျေးရွာမှတောင်သူ ဦးစောကျော်လွင်က "ဒီလိုမျိုးစိုက်ရတာကို သဘောကျပါတယ်၊ ဘာလို့လဲဆိုတော့ တောင်သူတွေအတွက် ကုန်ကျစရိတ် သက်သာမယ်၊ စိုက်ပျိုးရတာ လွယ်လည်းလွယ်တယ်ဆိုတော့။ တစ်ခုတော့ရှိတယ် စပါးမျိုးစေ့ချတဲ့ ကိရိယာက အခက်အခဲရှိမလား၊ ငှားလို့ရမရ၊ ဝယ်နိုင်တဲ့သူတွေအတွက် ဝယ်လို့ရ မရပေ့ါ။ အဲ့လိုရမယ်ဆိုရင် ပိုပြီးအဆင်ပြေတာပေ့ါ"ဟု ပြောကြားသည်။

"ကျွန်တော်တို့စိုက်ပျိုးရေးရုံးမှာဆိုရင် မျိုးစေ့ချတဲ့ကိရိယာ ၁၅ လက်ရှိပါတယ်၊ တောင်သူတွေအတွက် လိုအပ်တဲ့ တိုက်နယ်အလိုက် တောင်သူတိုင်းကို ငှားပေးပါမယ်၊ ပြီးသွားရင်တော့ အခြားတောင်သူတွေကို ပြန်ငှားဖို့ပါ။ ဝယ်မယ်ဆိုရင်လည်း စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး အရောင်းဆိုင်တွေနဲ့ ချက်ချင်းချိတ်ဆက်ရရှိနိုင်ရေးကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ဘားအံမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးက ဆက်လက်ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**





# စိုက်ပျိုးသူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းသည့် လျှော်ဖြူလုပ်ငန်း

**သာစည် ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လှိုင်းတက်၊ ဆင်ရွာ၊ မြိုင်သာကျေးရွာများ အနီး၌ စိုက်ပျိုးလျက်ရှိသည့် လျှော်ဖြူခြံများတွင် မေလနှောင်းပိုင်းကစတင်၍ လျှော်ဖြူအစေး ထုတ်ယူခြင်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် ဒေသခံများအနေဖြင့် နေ့စဉ်ပုံမှန်ဝင်ငွေရရှိကာ အဆင်ပြေကြကြောင်း သိရသည်။

**စားဝတ်နေရေး အထောက်အကူပြု**

လျှော်ဖြူစေးထုတ်ယူခြင်းလုပ်ငန်း လုပ်ကိုင်သူ မမျိုးမျိုးဝင်းက "ကျွန်မဒီလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်နေတာ နှစ်နှစ်ရှိပါပြီ၊ တစ်နေ့ကို လုပ်အားခ ကျပ် ၅၀၀၀ ရပါတယ်၊ အခုလိုနေ့စဉ်ဝင်ငွေရရှိတော့ ကျွန်မတို့မိသားစု စားဝတ်နေရေးအတွက် အများကြီးအထောက်အကူဖြစ်ပါတယ်" ဟု ပြောကြားသည်။

"ကျွန်တော်တို့ စိုက်ပျိုးမြေ ၁၃၅ ဧကကို ခြံခုနစ်ခြံခွဲပြီး အပင်ပေါင်း ၂၂၀၀၀ ခန့် စိုက်ပျိုးထားပါတယ်။ စတင်စိုက်ပျိုးတဲ့အချိန်ကတော့ တစ်ချိန်တည်း မဟုတ်ပါဘူး။ ၂၀၁၃ ခုနှစ်ကနေ တစ်နှစ်ပြီးတစ်နှစ် တိုးချဲ့စိုက်ပျိုးခဲ့တာပါ။ ဒါ့ကြောင့် အပင်သက်တမ်းဟာ ငါးနှစ်၊ ခြောက်နှစ်၊ ခုနစ်နှစ် သက်တမ်းရှိပါပြီ၊ အစေးထုတ်ယူခြင်းလုပ်ငန်းကိုတော့ မနှစ်က ရာသီချိန်မှာ စတင်ခဲ့ပါတယ်။ အစေးဖြိုင်ဖြိုင်ထွက်တဲ့အချိန်ဆို ဒေသခံ ၂၀၀ လောက်အထိ အလုပ်အကိုင်ပေးနိုင်ပါတယ်။ အစေးထုတ်ယူတဲ့ကာလကတော့ မေလနှောင်းပိုင်းလောက်ကနေ ဒီဇင်ဘာလအထိပါ။ ဈေးနှုန်းက မနှစ်က တစ်ပိဿာကို ငွေကျပ် လေးသောင်းကနေ ခြောက်သောင်းလောက်အထိရပြီး ဒီနှစ်မှာတော့ ကိုဗစ်-၁၉ ရောဂါကြောင့် ဈေးကျနေပါတယ်။ ဈေးကွက်ကတော့ မန္တလေးကိုတင်ပို့ပါတယ်။ နောက်ပိုင်းဆိုရင်တော့ ပြည်ပနိုင်ငံတွေအထိ တင်ပို့ရောင်းချနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်" ဟု ကိုရွှေ လျှော်ဖြူစိုက်ပျိုးရေးကုမ္ပဏီ ဒါရိုက်တာ ကိုဝေယံမင်းထက်က ပြောကြားသည်။

**ရေရှည် အကျိုးဖြစ်ထွန်း**

လျှော်ဖြူပင်သည် နှစ်ရှည်ပင်ဖြစ်ပြီး သက်တမ်းရင့်လာပါက တစ်နှစ်ထက် တစ်နှစ် အထွက်နှုန်းပိုမိုကောင်းမွန်လာကာ စိုက်ပျိုးသူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းကာ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေးနိုင်ကြောင်း သိရသည်။ **ထွန်းထွန်း(ပြန်/ဆက်)**



၂၀၁၉ ရှုံးထွက်ပြိုင်ပွဲ ဖိုင်နယ်ပွဲတွင် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ခဲ့စဉ်။

# ၂၀၂၀ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဇူလိုင် ၁၆ ရက်တွင် စတင်ကျင်းပမည်

**ရန်ကုန် ဇွန် ၁၄**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၂၀ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ရှုံးထွက်ပြိုင်ပွဲကို ယခင်က ဧပြီ ၈ ရက်တွင် စတင်ကျင်းပရန် စီစဉ်ထားသော်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ပြီး ဇွန် ၁၂ ရက်က ကလပ်အသင်းများနှင့် အစည်းအဝေးပြုလုပ်ပြီးနောက် ကျင်းပမည့်ရက်နှင့် ကွင်းများ အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ပြည်တွင်းဘောလုံးပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရန် သက်ဆိုင်ရာသို့ တင်ပြထားပြီး ခွင့်ပြုချက်ရပါက သတ်မှတ်ထားသည့်ရက်အတိုင်း ကျင်းပနိုင်မည်ဖြစ်သည်။ ပထမအဆင့်ပွဲစဉ်များကို ဇူလိုင် ၁၆၊ ၁၇ ရက်၊ ဒုတိယအဆင့်ပွဲစဉ်များကို ဩဂုတ် ၅ ရက်၊ တတိယအဆင့်ပွဲစဉ်များကို ဩဂုတ် ၁၂ ရက်၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၉ ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲကိုမူ စက်တင်ဘာ ၁၁ ရက် သို့မဟုတ် ၁၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ယခုနှစ်တွင် အပျော်တမ်းအသင်းများအပါအဝင် အသင်းပေါင်း ၂၅ သင်းဖြင့် ကျင်းပရန်စီစဉ်ထားသော်လည်း နှစ်သင်းနုတ်ထွက်သွား၍ ၂၃ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ MNL ကလပ်အသင်းနှစ်သင်း နုတ်ထွက်သွားသော်လည်း ပြိုင်ပွဲကျင်းပမည့်ပုံစံကို ယခင်သတ်မှတ်ထားသည့်အတိုင်း မပြောင်းလဲဘဲ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ နုတ်ထွက်သွားသည့် ချင်းယူနိုက်တက်နှင့် ဇွဲကပင်အသင်းသည် ဒုတိယအဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး ပထမအဆင့်မှ တက်ရောက်လာမည့် ချင်းယူနိုက်တက်နှင့်တွေ့ဆုံမည့် မြဝတီနှင့် ရန်ကုန်ပရီမီယာလိဂ်ချန်ပီယံအသင်းတို့ပွဲမှ အနိုင်ရသည့်အသင်း၊ ဇွဲကပင်အသင်းနှင့် တွေ့ဆုံမည့် ငွေကြယ်ပွင့်နှင့် ရွှေပြည်သာအသင်းတို့ပွဲမှ အနိုင်ရသည့်အသင်းတို့မှာ တတိယအဆင့်သို့ တိုက်ရိုက်တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းများတွင် ရန်ကုန်ပရီမီယာလိဂ်ချန်ပီယံအသင်းသာ ထွက်ပေါ်ရန် ကျန်ရှိတော့ပြီး ကျန် ၂၂ သင်းမှာ ထွက်ပေါ်ပြီးဖြစ်သည်။ ပထမအဆင့်တွင် အပျော်တမ်းနှင့် MNL-2 ကလပ်အသင်းများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဒုတိယအဆင့်နှင့် တတိယအဆင့်တွင် MNL ကလပ်အသင်းများ ပါဝင်လာကာ ၂၀၁၉ ရာသီ MNL ပြိုင်ပွဲတွင် ထိပ်ဆုံးသုံးသင်းစာရင်းဝင်ခဲ့သည့် ရှမ်းယူနိုက်တက်၊ ရှေ့ဝတီနှင့် ရန်ကုန်အသင်းတို့မှာ ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ ပထမအဆင့်တွင် 10/Mon အသင်းနှင့် ပေါင်းလောင်းအသင်း၊ တက္ကသိုလ်အသင်းနှင့် ကချင်ယူနိုက်တက်အသင်း၊ Junior Lions အသင်းနှင့် ယောမြေအသင်း၊ မြဝတီအသင်းနှင့် ရန်ကုန်ပရီမီယာလိဂ်ချန်ပီယံအသင်း၊ ငွေကြယ်ပွင့်အသင်းနှင့် ရွှေပြည်သာအသင်း၊ မောရဝတီအသင်းနှင့် happy Friendship အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရှုံးထွက်ပွဲစဉ်များကို သုဝဏ္ဏ၊ YUSC ၊ စလင်း၊ ပဒုမ္မာနှင့် M-3 ဗဟန်းကွင်းတို့၌ ကျင်းပမည်ဖြစ်ပြီး ဒုတိယအဆင့်မှ ဆီမီးဖိုင်နယ်အထိ ပွဲစဉ်များကို တစ်ဆင့်လျှင် တစ်ရက်တည်းအပြီးကျင်းပမည်ဖြစ်သည်။

ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ပြီး ရှေ့ဝတီနှင့် ရန်ကုန်အသင်းက သုံးကြိမ်စီ၊ ဟံသာဝတီ၊ မကွေးနှင့် ရှမ်းယူနိုက်တက်အသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။ ၂၀၁၉ ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရန်ကုန်အသင်းက ရှမ်းယူနိုက်တက်အသင်းကို အချိန်ပိုတွင် လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ကိုပါအီတာလီယာဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် နာပိုလီအသင်းနှင့် ဂျူဗင်တပ်အသင်း ထိပ်တိုက်တွေ့ဆုံ

နာပိုလီအသင်းနဲ့ အင်တာမီလန်အသင်းတို့ဟာ ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် ဇွန် ၁၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့တာကြောင့် နာပိုလီအသင်းက နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။

နာပိုလီအသင်းနဲ့ အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဒုတိယအကျော့ပွဲစဉ်မှာ အင်တာမီလန်အသင်းက ပွဲကစားချိန် နှစ်မိနစ်မှာ အဲရစ်ဆင်ရဲ့သွင်းဂိုးနဲ့ ဦးဆောင်ကစားနိုင်ခဲ့ပေမယ့် ပထမပိုင်းပွဲကစားချိန် ၄၁ မိနစ်မှာ ဒရိုင်းမာတင်ရဲ့သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရတဲ့အတွက် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကာ ပထမအကျော့မှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားတဲ့ နာပိုလီအသင်းက နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပြီး ဗိုလ်လုပွဲတက်လှမ်းခဲ့တာဖြစ်ပါတယ်။

ကိုပါအီတာလီယာဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်မှာ နာပိုလီအသင်းက ဂျူဗင်တပ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဂျူဗင်တပ်အသင်းဟာ ဆီမီးဖိုင်နယ်အဆင့်မှာ အေစီမီလန်အသင်းကို နှစ်ကျော့ပေါင်းရလဒ် တစ်ဖက်တစ်ဂိုးနဲ့ သရေရလဒ် ထွက်ပေါ်ခဲ့ပေမယ့် ဂျူဗင်တပ်အသင်းက အဝေးဂိုးစည်းမျဉ်းကြောင့် ဗိုလ်လုပွဲ တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

နာပိုလီအသင်းဟာ ကိုပါအီတာလီယာဖလားကို ငါးကြိမ်အထိ ချန်ပီယံအဖြစ် ဗိုလ်စွဲထားခဲ့တာဖြစ်ပြီး ဂျူဗင်တပ် အသင်းကတော့ ၁၃ ကြိမ်အထိ ချန်ပီယံအဖြစ် ဗိုလ်စွဲထားနိုင်ခဲ့တာ ဖြစ်ပါတယ်။ လက်ရှိ ဒီနှစ်သင်း ထိပ်တိုက်တွေ့ဆုံနေတဲ့ ကိုပါအီတာလီယာဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်ကိုတော့ ဇွန် ၁၈ ရက်မှာ ယှဉ်ပြိုင်ကစားမှာလည်း ဖြစ်ပါတယ်။



ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် နာပိုလီအသင်းနှင့် အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# ကာဗာနီနဲ့ သီယာဂိုဆေးလ်ဗား ပီအက်စ်ဂျီအသင်းမှ ထွက်ခွာမည်

ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး ကာဗာနီနဲ့ နောက်တန်းကစားသမား သီယာဂိုဆေးလ်ဗားတို့ဟာ ပီအက်စ်ဂျီအသင်းရဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲပြီးဆုံးပါက အသင်းကနေ ထွက်ခွာဖို့ရှိနေတယ်လို့ သိရပါတယ်။

အသက် ၃၃ နှစ်အရွယ်ရှိ ဥရုဂွေး တိုက်စစ်မှူး ကာဗာနီဟာ ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုး ၂၀၀ သွင်းယူပေးထားကာ အသင်းရဲ့ စံချိန်တင်ဂိုးသွင်းရှင်တစ်ဦးလည်း ဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းရဲ့ အသင်းခေါင်းဆောင် သီယာဂိုဆေးလ်ဗားဟာလည်း အသက် ၃၅ နှစ်အရွယ်ရှိပြီဖြစ်လို့ အသင်းကနေ ထွက်ခွာဖို့ရှိနေတာဖြစ်ပါတယ်။



ကာဗာနီနဲ့ သီယာဂိုဆေးလ်ဗားတို့ဟာ ဇွန် ၃၀ ရက်မှာ လက်ရှိပီအက်စ်ဂျီအသင်းနဲ့ ချုပ်ဆိုထားတဲ့စာချုပ်သက်တမ်းကုန်ဆုံးမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ချန်ပီယံလိဂ်ပြိုင်ပွဲဟာ ဩဂုတ်လအတွင်းမှာ ပြီးဆုံးမှာဖြစ်တာမို့ အဲဒီကစားသမားနှစ်ဦးဟာ ပီအက်စ်ဂျီအသင်းရဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲပြီးဆုံးချိန်မှာ အသင်းကနေ ထွက်ခွာဖို့ရှိနေတာ ဖြစ်တယ်လို့ ပီအက်စ်ဂျီအသင်းရဲ့ အားကစားဒါရိုက်တာ လီယိုနာဒိုက ပြောကြားခဲ့တာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ပြင်သစ်ပထမတန်းပြိုင်ပွဲကို ဖျက်သိမ်းခဲ့တာကြောင့် ဧပြီလကတည်းက ချန်ပီယံဖြစ်ခွင့် ရရှိထားခဲ့တာဖြစ်ပြီး လက်ရှိမှာ ချန်ပီယံလိဂ်ပြိုင်ပွဲကစားရဖို့ရှိနေကာ ဇွန် ၂၂ ရက်မှာ လေ့ကျင့်ရေးအစီအစဉ် စတင်သွားဖို့လည်း ရှိနေတာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ပြိုင်ပွဲတွေ မရပ်နားထားမီ မတ်လအတွင်းက ဒေါ့မွန်အသင်းကို အနိုင်ရရှိထားတာဖြစ်လို့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ကို တက်ရောက်နိုင်မယ့်လမ်းကြောင်းပေါ်မှာရှိနေတာဖြစ်ပါတယ်။

## ချိတ်ဆက်မှုတွေ ပြုလုပ်နေ

တိုက်စစ်မှူး ကာဗာနီဟာ စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေတာကြောင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလကတည်းက ပီအက်စ်ဂျီအသင်းကနေထွက်ခွာဖို့ တောင်းဆိုထားခဲ့တာဖြစ်ပြီး မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဆီ ပြောင်းရွှေ့ကစားဖို့လည်း ချိတ်ဆက်မှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။


ပီအက်စ်ဂျီအသင်းအနေနဲ့ အင်တာမီလန်တိုက်စစ်မှူး အိုင်ကာဒီကို ပြီးခဲ့တဲ့လက ပေါင် ၅၄ သန်း(ယူရိုသန်း ၆၀)နဲ့ အမြဲတမ်းစာချုပ်တစ်ရပ်ချုပ်ဆိုနိုင်ခဲ့တာကြောင့် တိုက်စစ်မှူး ကာဗာနီကို အသင်းကနေထွက်ခွာခွင့်ပြုဖို့လည်း ရှိနေတာဖြစ်ပါတယ်။

# အာဆင်နယ်အသင်းက ညာနောက်ခံကစားသမား ဆိုယာရီးစ်ကို ကာလတိုစာချုပ် ချုပ်ဆိုမည်

အာဆင်နယ်အသင်းဟာ အသင်းရဲ့ ညာနောက်ခံကစားသမား ဆိုယာရီးစ်ကို ကာလတိုစာချုပ်တစ်ရပ်ချုပ်ဆိုဖို့ သဘောတူညီထားပြီး ပရီမီယာလိဂ်ဘောလုံးရာသီကုန်အထိ အာဆင်နယ်အသင်းမှာ ဆက်ရှိနေဖို့လည်း ရှိနေခဲ့တာဖြစ်ပါတယ်။

နောက်တန်းကစားသမား ဆိုယာရီးစ်ဟာ ဇန်နဝါရီလအတွင်းက ဆောက်သမ်တန်အသင်းကနေ အာဆင်နယ်အသင်းဆီ အငှားစာချုပ်နဲ့ လာရောက်ကစားနေသူဖြစ်ပြီး စာချုပ်သက်တမ်း ကုန်ဆုံးတော့မှာဖြစ်တဲ့အတွက် ဆိုယာရီးစ်နဲ့ အာဆင်နယ်အသင်းတို့ဟာ ကာလတိုစာချုပ်ဖို့ သဘောတူညီထားတာကြောင့် မြောက်လန်ဒန်ကလပ် အာဆင်နယ်အသင်းမှာ ရာသီကုန်အထိ ဆက်ရှိနေမှာလည်းဖြစ်ပါတယ်။

ညာနောက်ခံကစားသမား ဆိုယာရီးစ်ဟာ နောက်တန်းကစားသမား ဘယ်လာရင်ရဲ့နေရာမှာ အကောင်းဆုံးအစားထိုးကစားနိုင်မယ့် ကစားသမားတစ်ဦးဖြစ်တဲ့အတွက် အာဆင်နယ်အသင်းက ဘယ်လာရင်ကို အသင်းကနေ ထွက်ခွာခွင့်ပြုပြီး ဆိုယာရီးစ်ကို အသင်းမှာဆက်ထားဖို့ စီစဉ်နေတာလည်း ဖြစ်ပါတယ်။



ငွေကြယ် ရေးသားသည်

# ကျေးဇူးတင်လွှာ

၇-၆-၂၀၂၀ ရက်နေ့၊ ညနေ (၅း၄၀) နာရီ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်သိန်းတင် အသက်(၈၈)နှစ်၏ နာရေးတွင် ရပ်နီးရပ်ဝေးနှင့် ပြည်တွင်း ပြည်ပမှ ဖုန်းများ၊ စာများ၊ E-mail များဖြင့် ဝမ်းနည်းကြောင်း သတင်းစကားများ ပြောကြားပေးခဲ့ခြင်း၊ ရုပ်ပနတွင် လွမ်းသူ့ပန်းခြင်းများ၊ လွမ်းသူ့ပန်းခွေများ ပေးပို့ခဲ့ကြခြင်း၊

နိုင်ငံပိုင် သတင်းစာများမှတစ်ဆင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြောင်းများ ဖော်ပြပေးခဲ့ခြင်း၊ သက်နိုး အစရှိသည့် လှူဖွယ်ပစ္စည်းများ ပေးပို့လှူဒါန်းခဲ့ခြင်းများနှင့် ဖုန်းဖြင့် ကိုယ်တိုင်ကိုယ်ကျ ဝမ်းနည်းစကား အားပေးနှစ်သိမ့် ပြောကြားခဲ့ကြပါသော-

- နိုင်ငံတော်အကြီးအကဲများနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများအားလည်းကောင်း၊
- အငြိမ်းစား နိုင်ငံတော်အကြီးအကဲများနှင့် စစ်ဘက်နယ်ဘက်မှ အငြိမ်းစားအရာရှိကြီးများအားလည်းကောင်း၊
- ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း၊
- ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် ရန်ကုန်တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ ဝန်ထမ်းများအားလည်းကောင်း၊
- ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်မျိုးမင်းထိုက် နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးနှင့် အရာထမ်းဝန်ထမ်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ နှင့် မီးသတ်တပ်ဖွဲ့ဝင်များအားလည်းကောင်း၊
- နာရေးကိစ္စတွင် အသက်ဘက်မှစာနာမှုအပြည့်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော် နှင့် ခရိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း ဝန်ထမ်းများ၊ စည်ပင်သာယာရေးဌာန အရာထမ်း ဝန်ထမ်းများ အားလည်းကောင်း၊
- နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ အားလည်းကောင်း၊
- မြန်မာနိုင်ငံကုန်သည်/စက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(MYEA) နှင့် အခြားအသင်းအဖွဲ့များ အားလည်းကောင်း၊
- ဌာနဆိုင်ရာများ၊ ပြည်တွင်း ပြည်ပကုမ္ပဏီကြီးများ၊ ညီနောင်မိတ်ဖက် ပြည်တွင်းဘဏ်များ၊ နိုင်ငံခြားဘဏ်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် မိတ်ဆွေသင်္ဂဟများ အားလည်းကောင်း၊
- ထိုင်းနိုင်ငံ Bumrungrad ဆေးရုံကြီးတွင် (၄)လကြာ ဆေးကုသမှုခံယူနေစဉ်ကာလအတွင်း မေတ္တာဖြင့် အထူးဂရုစိုက်ကုသပေးကြသော အထူးကုသမားတော်ကြီးများဖြစ်သည့် Dr.Rosanee Valyasevi၊ Capt.Dr.Sukitti Panpunnung R.T.N၊ Dr.Tatpong Chit-ua-aree၊ Dr.Chaianan Chaiyamanon၊ Dr.Charkaphan Osangthanont၊ Assoc. Prof. Col. Dr.Wichean Mongkon-sritragoon၊ Dr.Ekachai Singhatiraj ၊ Dr.Tagann Chaisam၊ Assoc. Prof. Dr.Pradermchai Kongkam၊ Dr.Krit Kitisin၊ Dr. Non Wajanaponsan နှင့် ဆရာဝန်များ၊ သူနာပြုများ အားလည်းကောင်း၊
- ရွှေဂုံတိုင်အထူးကုဆေးရုံကြီး(SSC)မှ ဒေါက်တာ ဒေါ်ဒွေးဒွေးကြည်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် ဆေးရုံဝန်ထမ်းများ အားလည်းကောင်း၊
- မိခင်ကြီးနာမကျန်းဖြစ်စဉ် စေတနာမေတ္တာအပြည့်ဖြင့် အနီးကပ် ပြုစုစောင့်ရှောက်ပေးခဲ့ကြသူများ အားလည်းကောင်း၊
- ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI)၊ AIR KBZ တို့မှ အရာထမ်း၊ ဝန်ထမ်းများ အားလည်းကောင်း၊
- ဦးကျော်သူ နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် အဖွဲ့အားလည်းကောင်း၊
- မိခင်ကြီး၏ ရုပ်ပနတွင်လိုအပ်သည်များကို အစစအဆင်ပြေအောင် ကူညီဆောင်ရွက်ပေးခဲ့ကြသော ကမ္ဘောဇဘဏ်၊ ကမ္ဘောဇအုပ်စု၊ အရာထမ်း ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးအား ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကင်ချွန်း

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဈေးရပ်ကွက်၊ အမှတ်(၄)၊ မြို့ပတ်လမ်းနေ (ဦးအိပ်စော–ဒေါ်ဘိ)တို့၏ သားထွေး၊ သနပ္ပင်မြို့နေ (ဦးအမ်းမား–ဒေါ်ကျင်)တို့၏ သားသမက်၊ (ဦးစိန်ဟုတ်–ဒေါ်ဝှက်တီ)၊ (ဦးကျော်သန်း–ဒေါ်စောခင်)တို့၏ ညီ/မောင်၊ ဒေါ်လှမအေး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ပြုံး–ဦးအောင်ကြည်(SG)၊ ဒေါ်ခင်ခင်ချို–ဦးသန်းအောင် (SG)၊ ဒေါက်တာညိုညိုဝင်း–ဦးစိန်လှ၊ ဒေါ်ဖြူဖြူဝင်း–ဦးလှမောင်၊ ဒေါက်တာတင့်ဝေ–ဒေါ်မေလိ (USA)၊ ဦးတင့်ဆွေ–ဒေါ်ထွေးထွေးသန်း(USA)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၄ ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီး ဦးကင်ချွန်းသည် ၁၃–၆–၂၀၂၀ (စနေနေ့) ညနေ ၅:၅၆ နာရီတွင် ရန်ကုန်မြို့၊ ဂရင်းဟံသာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅–၆–၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉–၆–၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းမြင့်

**အသက်(၈၃)နှစ်**

**(စစ်ကိုင်းတိုင်းဒေသကြီး–ကလေးမြို့)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အောင်မြေမာန်ရပ်ကွက်၊ ဗေယျာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊ အမှတ် (၂/၃၂)နေ [ဦးသန်းအေး (လေတပ်)]၏ ဇနီး၊ ဒေါ်လွင်လွင်အေး–ဦးနေလင်း၊ ဒေါ်အေးအေးသန်း–ဦးဝင်းဇော်၊ ဒေါ်နီနီမော်–ဦးထွန်းနိုင်ဝင်း၊ ဦးဇော်မိုးသန်း–ဒေါ်ကေသွယ် ထွန်း၊ ဦးဝင်းမော်အေး၊ ဦးဇော်ထွဋ်သန်းတို့၏ မွေးသမိခင်ကြီး၊ မြေး ၁၁ ယောက်တို့၏အဘွားသည် ၁၄–၆–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁:၄၅ နာရီတွင် အမှတ်(၅၅)၊ ပထမထပ်၊ (၁၆၅)လမ်းရှည်၊ တာမွေကြီး (ခ)ရပ်ကွက်၊ တာမွေမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၆–၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်း ကြားအပ်ပါသည်။ (အမှတ်–၅၅၊ ၁၆၅ လမ်း နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီ တွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀–၆–၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ချိုချိုသိန်း

**အသက်(၆၅)နှစ်**

**B.Ed (1977 Batch)**

**ရေနံချောင်းမြို့**

ရေနံချောင်းမြို့၊တပင်ရွှေထီးရပ်နေ (ဦးသိန်းမောင်)–ဒေါ်ခင်ထွေးတို့၏ သမီးကြီး၊ ဦးမျိုး အောင်–ဒေါ်အေးအေးသိန်းတို့၏ အစ်မကြီး ဒေါ်ချိုချိုသိန်းသည် ၁၄–၆– ၂၀၂၀ (စနေနေ့) ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ကိုဝင်း–ဒေါ်နန်းသန်းထွေး၊ ဦးစံဌေး–ဒေါ်ခင်မေရီထွန်း၊**
**ဦးဝေလွင်–ဒေါ်မြင့်မြင့်ရီ၊ ဒေါ်ဆွေဆွေဝင်း၊ ဒေါ်အေးအေးသန်း**
**1980 B.Ed**

---

## မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း

## ဝမ်းနည်းခြင်း

ကြည်း–၃၅၅၊ ဗေယျကျော်ထင်

## ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)

**(စာရေးဆရာကြီး မိုးမိုးတာရောစန်)**

**နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)**

**အသက်(၉၄)နှစ်**

ဦးသောင်းထိုက် (ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်)–ဒေါ်အယ်လ်ခွန်းရီတို့၏ဖခင် ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)(မိုးမိုးတာရောစန်)၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်) သည် ၉–၆–၂၀၂၀ (အင်္ဂါနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးတင်မောင်မြင့်

**ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)**

**DSA(12)**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာလမ်း၊ အမှတ်(၆၃၈)၊ ဒုတိယထပ်နေ ဒေါ်မေဝင်းထွန်း၏ ခင်ပွန်း၊ ဦးတင်ဦး၊ ဦးတင်အေးတို့၏ ညီ၊ (ဒေါ်တင်တင်အုန်း)၏ မောင်၊ ဦးအေးလွင်ဦး–ဒေါ်မေစံပယ်မောင်၊ ဒုတိယဗိုလ်မှူးကြီး မြတ်လင်းထွန်း–ဒေါ်ငြိမ်းအိအိလွင်၊ ဦးဇေယျာလင်းထိုက်–ဒေါ်ပေရာယ်မောင်တို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မြေးငါးယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၄–၆–၂၀၂၀(တနင်္ဂနွေနေ့) နံနက် ၅:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၆–၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးဝင်းမြင့်အေး (စိန်ပီတာကျောင်းသားဟောင်း)

**အသက်(၆၈)နှစ်**

မန္တလေးမြို့၊ ဆိုင်းတန်းရပ်နေ မွေ့ရာကုန်သည် ဦးဘအေး–ဒေါ်ခင်ရီတို့၏ တစ်ဦးတည်းသောသား၊ ဒေါ်နွဲ့နွဲ့အေး၊ ဒေါ်ဆွေဆွေအေးတို့၏ မောင်၊ ဦးသက်နိုင်–ဒေါ်ချိုမာအေးတို့၏ အစ်ကို၊ ဒေါက်တာစိုးနိုင်ဝင်း၊ မောင်ဟိန်းနိုင်စိုးတို့၏ ဦးလေးသည် ၁၄–၆–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀:၅၅ နာရီတွင် ကွယ်လွန်သွားပြီဖြစ်ပါသောကြောင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၅–၆–၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ဆိုင်းတန်းရပ်နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် လိုက်ပါပို့ဆောင်ပေးကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# အထူးကျေးဇူးတင်ရှိခြင်း

၈–၆–၂၀၂၀(တနင်္လာနေ့)တွင် ကွယ်လွန်ခဲ့သော ဦးခင်မောင်သန်း အသက်(၉၃)နှစ် လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)၊ ဂျပန်ခေတ်စစ်တက္ကသိုလ်(ယောနင်း)၏ နာမကျန်းစဉ်ဂရုတစိုက် ပြုစုကုသပေးကြသော ဆရာဝန်ဆရာမများ၊ ဈာပနအားလိုက်လံ ပို့ဆောင်ကြသူများ၊ ရက်လည်ဆွမ်းသွတ်တရားတော်နာကြွရောက်ကြသူများ၊ ဝမ်းနည်းကြောင်း စာနာမှုပေးကြသူများ၊ အဝေးမှ တယ်လီဖုန်းဖြင့် အားပေးကြသူများ ငွေအား၊ လူအားတို့ဖြင့် အားပေးနှစ်သိမ့်ကြသော ဆရာသမားများ၊ မိတ်ဆွေသင်္ဂဟများ အထူးသဖြင့် စစ်တက္ကသိုလ် အမှတ်စဉ်(၁၈)မှ သူငယ်ချင်းများအားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကင်ချွန်း

**အသက်(၈၂)နှစ်**

အတန်းတူ သူငယ်ချင်း Dr.တင့်ဝေ (USA)၏ ဖခင်ဖြစ်သူ ဦးကင်ချွန်းသည် ၁၃–၆–၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ ဆေးတက္ကသိုလ်(၂)ရန်ကုန် (၁၉၈၄–၁၉၉၀)**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း၊ KBZ FC နှင့် Nay Pyi Taw FC ဘောလုံးသမားဟောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာဘောလုံးအကယ်ဒမီ (ရန်ကုန်) နည်းပြ ဦးအေးဆန်း အသက်(၃၈)နှစ်သည် ၁၂–၆–၂၀၂၀ ရက် ညနေတွင် ရုတ်တရက်ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ နှင့် ကလပ်အသင်းပိုင်ရှင်များ**
**CEO နှင့် ဝန်ထမ်းများ(မြန်မာနေရှင်နယ်လိဂ်ကော်မတီ)**

---

## ဦးဝင်းစိန် (မြောင်းမြ)

**အသက်(၇၈)နှစ်**

မြောင်းမြမြို့နေ (ဦးဗိုက်ပူ–ဒေါ်သိန်းကြွေ)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ်(၂၇)၊ ပထမထပ်(ဝဲ)နေ (ဒေါ်အဝင်း)၏ ခင်ပွန်း၊ ဦးသိန်းစိုးဝင်း–ဒေါ်လှသိင်္ဂီ၊ ဦးအောင်နိုင်ဝင်း–ဒေါ်မိမိခိုင်၊ ဦးစိုးအောင်ဝင်း–ဒေါ်သီတာ၊ ဦးမင်းမင်းအောင်–မအေးအေးဝင်းမောင်၊ ဦးမျိုးဇင်သန့်၊ ဦးသူရမိုး–ဒေါ်မေဇွန်စိုးတို့၏ မွေးသဖခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၄–၆–၂၀၂၀ ရက် မွန်းလွဲ ၁:၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၆–၂၀၂၀ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ယဉ်ညွန့်ခိုင်(ခ)ဒေါ်ရင်ညွန့်

**အသက်(၇၈)နှစ်**

**သူနာပြုဆရာမကြီး (ငြိမ်း)**

**မြန်မာ့မီးရထားဆေးရုံ(အင်းစိန်)**

ရန်ကုန်မြို့နေ (ဦးဘသင်–ဒေါ်စိမ်းရင်)တို့၏ သမီးလတ်၊ (ဦးလှကြီး–ဒေါ်အေးမော်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၃)၊ အခန်း(၅၁)နေ ဦးဘိုသန်း(ဌာနခွဲမှူး–ငြိမ်း၊ ခတ်ရောင်ခြည်ဌာန–YGH)၏ ဇနီး၊ ကိုဇော်မျိုး–မအေးသန့်သန့်ဗိုလ်၊ (မောင်သန်းထွဋ်ဗိုလ်)၊ မယဉ်မင်းသန့်သန့်ဗိုလ်(Strong Source Holding Co.,Ltd.)၊ မောင်သူရသစ်လွင်ဗိုလ်တို့၏ ကျေးဇူးရှင်မွေးသမိခင် သည် ၁၃–၆–၂၀၂၀ (စနေနေ့) ညနေ ၆ နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅–၆–၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ် ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၉–၆–၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျုံအမ်း(ခ)ဦးစော့

**အသက်(၇၆)နှစ်**

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မော့ကနင်းကျေးရွာနေ (ဦးတင်စိန်–ဒေါ်ခါးစိန်)တို့၏ သားကြီး၊ ဦးဖေရီ၏ အစ်ကို၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မြစံပယ်လမ်း၊ အမှတ်(၁၈)နေ ဒေါ်အေးမျိုးခိုင်(သီအိုရီသစ်–မူကြို)၊ ဦးမျိုးဝေခိုင် (Vingina Toboc Co., Ltd.)–ဒေါ်တင်တင်စိုး (မငယ်–အသုပ်ဆိုင်–ပတ္တမြား)၊ မောင်လွတ်လပ်နေအေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မပွင့်သစ်တိုး (Receptionist Myanmar Awba)၊ မပွင့်ဖြူသိမ်း (Receptionist MTI Coporation)၊ မသိမ်နဒီအောင်တို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်မြင့်မြင့်ကြည်(မူပြ–ငြိမ်း)၊ ဒေါ်အီမင်းတို့၏ ချစ်လှစွာသောခင်ပွန်းသည် ၁၄–၆–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၄:၃၀ နာရီတွင် ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁၆–၆–၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မို့မို့ (၃၉)နှစ်

**(မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတာယာစက်ရုံ/ရွာမ)**

ရန်ကုန်မြို့၊ဒေါပုံမြို့နယ်၊ဆေးစက်ရပ်ကွက်၊သခင်ဖိုးလှကြီးလမ်း၊ အမှတ်(၂၁၃)နေ (ဦးရဲမြင့်)–ဒေါ်ခင်ရီတို့၏သမီး၊ (ဦးလှသန်း)–ဒေါ်တင်ဝင်းတို့၏ သမီးချွေးမ၊ ဦးတင်ထွန်း–ဒေါ်လဲ့လဲ့ဝင်း(ဗဟိုဆေးသိုလှောင်ရေးဌာန)၊ ကိုခင်မောင်ထွန်းတို့၏ညီမ၊ ဦးမင်းအောင်(မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတာယာစက်ရုံ/ရွာမ)၏ ချစ်လှစွာသောဇနီးသည် ၁၃–၆–၂၀၂၀ (စနေနေ့) ညနေ ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၆–၂၀၂၀ (တနင်္လာနေ့)တွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉–၆–၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စောနန်းမြင့်

**အသက်(၈၈)နှစ်**

သူငယ်ချင်း ကိုသောင်းဇော်–မလွင်လွင်ညွန့်တို့၏မိခင် ဒေါ်စောနန်းမြင့် အသက်(၈၈)နှစ် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

**O.T.S (60)မှ သူငယ်ချင်းများ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သိန်းတင်

**အသက်(၈၈)နှစ်**

KBZ Bank/KBZ Group နာယကကြီး ဦးအောင်ကိုဝင်း–ဒေါ်နန်းသန်းထွေးတို့၏ မိခင်၊ ဒေါ်နန်းလိုင်းခမ်း (ဒုတိယအမှုဆောင်အရာရှိချုပ်–KBZ Bank)၊ ဒေါ်နန်းခမ်းနောင့် (ဒုတိယအမှုဆောင်အရာရှိချုပ်–KBZ Bank)နှင့် ဒေါ်နန်းမိုဟွမ် (အမှုဆောင်ဒါရိုက်တာ–KBZ Bank)တို့၏ အဘွားဖြစ်သူ ဒေါ်သိန်းတင် အသက်(၈၈)နှစ်သည် ၇–၆–၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး**
**ဦးဆန်းဝင်း (ညွှန်ကြားရေးမှူး)နှင့် ဇနီး ဒေါ်ခင်အုန်းမြင့်**

---

**အနိစ္စ**

**မူးယစ်ကို**

**ပစ်**

**ပန်းတိုင်သစ်**

**စိတ်သစ်**

**လူသစ်**

**ဘဝသစ်**

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးဆိုင်းနော်ယဉ်(ခ)Peter ဆိုင်းနော်

**အသက်(၃၈)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဂမုန်းလမ်း၊ အမှတ်(၃၀/B)နေ ဦးယဉ်ထွေး–ဒေါ်အယ်လ်ဂျာခေါ်တို့၏ သားငယ်၊ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ထွန်း–ဒေါ်ဆိုင်းမိုင်၊ ဦးဆိုင်းအောင်တို့၏ ညီ/မောင်၊ ဒေါ်ညေးမြာ၏ ခင်ပွန်း၊ မောင်သန့်လင်းထက်(ခ)Bimbo ၏ ချစ်လှစွာသော မွေးသဖခင်သည် ၁၄–၆–၂၀၂၀ ရက် နံနက် ၂:၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆–၆–၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

# မရမ်းကုန်းမြို့နယ်အား မိမိနေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
အမိန့်အမှတ်၊ ၆၆/၂၀၂၀
၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၄ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019– COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ၁၀ မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ တစ်မြို့နယ်၊ စုစုပေါင်း ၁၁ မြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ယင်းသို့ Stay at Home အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့သည့် မြို့နယ်များမှ (၉)မြို့နယ်တွင် COVID–19 ရောဂါထိန်းချုပ်မှုအခြေအနေ တိုးတက်လာသည်ကိုတွေ့ရှိရသဖြင့် ၁၄–၅–၂၀၂၀ ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အမိန့်အမှတ်(၅၀/၂၀၂၀)နှင့် ၂၈–၅–၂၀၂၀ ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အမိန့်အမှတ်(၅၇/၂၀၂၀)တို့ဖြင့် ယင်းမြို့နယ်များအား Stay at Home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်ခဲ့ပါသည်။

၃။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း COVID–19 ရောဂါကူးစက်ပြန့်ပွားမှုနှင့် ကပ်ရောဂါဗေဒဆိုင်ရာ အချက်အလက်များအရ ရောဂါထိန်းချုပ်မှုနှင့်စပ်လျဉ်း၍ တိုးတက်မှုရှိသည်ကို တွေ့ရှိရသဖြင့် ၁၅–၆–၂၀၂၀ ရက်နေ့ ၀၄:၀၀ နာရီအချိန်မှစတင်၍ မရမ်းကုန်းမြို့နယ်တွင်နေထိုင်သည့် ပြည်သူများအနေဖြင့် Stay at Home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်။

ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး



# မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၀၀ ဆက်လက်ဝင်ရောက်

**မြဝတီ ဇွန် ၁၄**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၀၀ မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ယနေ့ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများအနက် ၄၅ ဦးသည် ထိုင်းနိုင်ငံ Immigratoin Detention Centers (IDC) မှ လွှဲပြောင်းပေးသည့် ပြစ်ဒဏ်စေ့ကျခံပြီးသူများဖြစ်ပြီး ကျန် ၅၅၅ ဦးသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ခွင့်ပြုချက်ရယူကာ ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်တွင် ၆၀၊ မေ ၂ ရက်တွင် ၅၄ ဦး၊ မေ ၃ ရက်တွင်တစ်ဦး၊ မေ ၄ ရက်တွင် ၄၄ ဦး၊ မေ ၅ ရက်တွင် ၂၃ ဦး၊ မေ ၈ ရက်တွင် ၁၀၀၊ မေ ၁၀ ရက်တွင် ၄၄ ဦး၊ မေ ၁၁ ရက်တွင် ၁၃ ဦး၊ မေ ၁၂ ရက်တွင် ၄၁ ဦး၊ မေ ၁၃ ရက်တွင် ၁၆ ဦး၊ မေ ၁၄ ရက်တွင် ၃၈ ဦး၊ **စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❋**

**ကြေးမုံ ယနေ့ ဖတ်စရာ**

(၃၆) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး ဇွန် ၂၆ ရက်တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပမည်
စာမျက်နှာ » ၁၁

ကိုဗစ်-၁၉ စက္ကူဖြူစာတမ်းမှ ကပ်ရောဂါကာကွယ်ရေးအတွက် ဘာတွေယူနိုင်မလဲ
စာမျက်နှာ » ၁၃

ပြည်ပနိုင်ငံများတွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့
စာမျက်နှာ » ၁၈

ကိုပါအီတာလီယာဖလား နောက်ဆုံး ဗိုလ်လုပွဲစဉ်တွင် နာပိုလီအသင်းနှင့် ဂျူဗင်တပ်အသင်း ထိပ်တိုက်တွေ့ဆုံ
စာမျက်နှာ » ၂၅

# ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်လာသူ ၃၄၁ ဦးအား လားရှိုးမြို့မှတစ်ဆင့် မီးရထားဖြင့် ဆက်လက်ပို့ဆောင်

**လားရှိုး ဇွန် ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ကော်မတီ၏ကြီးကြပ်မှုဖြင့် မူဆယ်မြို့နှင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၊ ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှ မီးရထားဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် အမျိုးသား ၁၇၅ ဦး၊ အမျိုးသမီး ၁၆၆ ဦး စုစုပေါင်း ၃၄၁ ဦးတို့ကို ထပ်မံပို့ဆောင်ပေးနိုင်ခဲ့သည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၃၄၁ ဦးတို့တွင် ကချင်ပြည်နယ်မှ ငါးဦး၊ ချင်းပြည်နယ်မှ ၁၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၄ ဦး၊ နေပြည်တော်မှ ၁၁ ဦး ၊ ပဲခူးတိုင်းဒေသကြီးမှ ၄၄ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၇၃ ဦး၊ မန္တလေး တိုင်းဒေသကြီးမှ ၃၃ ဦး၊ ရန်ကုန်တိုင်း ဒေသကြီးမှ ငါးဦး၊ ရခိုင်ပြည်နယ်မှ ၁၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၅ ဦးတို့ဖြစ်ကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ နှစ်နိုင်ငံ နယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို စနစ်တကျ စိစစ်၍ လားရှိုးမြို့အထိ မော်တော်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိပြီး လားရှိုးမြို့မှ တစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ထပ်ဆင့်လွှဲပြောင်းပေးလျက်ရှိသည်။

နေရပ်ပြန်ပြည်သူများကို လားရှိုးမြို့မှ တစ်ဆင့် မြန်မာ့မီးရထားဖြင့် ထပ်ဆင့် လွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိရာ မေ ၆ ရက်မှ ဇွန် ၁၄ ရက်အထိ အမျိုးသား ၆၃၅၈ ဦး၊ အမျိုးသမီး ၃၈၉၁ ဦး စုစုပေါင်း ၁၀၂၄၉ ဦးတို့အား လွှဲပြောင်းပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **နန်းသန္တာဦး(ပြည်နယ်ပြန်/ဆက်)**

